မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၆၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၁၅ ရက်၊ တနင်္ဂနွေနေ့။

မေတ္တာသည် သီတာရေစင်

မေတ္တာတရားတည်ရှိရာ ထွန်းကားရာအရပ်များ၌ မည်သို့သော ချမ်းသာမှုမျိုးနှင့်မျှမတူသော ချမ်းမြေ့မှုများ ကိန်းဝပ်နေမြဲဖြစ်၏။

ထို့ကြောင့် သီလကို ပန်းရနံ့နှင့် နှိုင်း၏။

မေတ္တာကို သီတာရေစင်နှင့် ဥပမာပြုကြသည်။

ပန်းလှိုင်မြစ် ပြန်လည်တူးဖော်ခြင်းကြောင့် နွေစပါး၊ မိုးစပါးများ ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးပြီ

ရန်ကုန် မတ် ၁၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော အရှည် ၃၄ မိုင်ကျော်ရှိ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကသပေါင်းကျေးရွာရှိ ဓမ္မရက္ခိတကျောင်းတိုက်သို့ရောက်ရှိကာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တစရဏအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

အိန္ဒိယနိုင်ငံနှင့် အဓိကကုန်သွယ်မှုပြုလုပ်သည့် ရိဒ်နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်ရန်လိုအပ်

ရိဒ် မတ် ၁၄

၂၀၁၅ ခုနှစ်တွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုကို နှစ်ဆတိုးမြှင့်ရန် နှစ်ဖက်သဘောတူညီထားသည့်အလျောက် လက်ရှိနှစ်ဖက်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုတိုးတက်မှုများရှိသော်လည်း နယ်စပ်ကုန်သွယ်ရေးအနေဖြင့် အဓိကကျသည့် ချင်းပြည်နယ် ရိဒ်-မီဇိုရမ်ပြည်နယ် ဇိုခေါထာရ် နယ်စပ်တွင် ၅ လအတွင်း ကုန်သွယ်မှုဆက်လက်လျော့နည်းလျက်ရှိကြောင်းသိရသည်။

ရိဒ်နယ်စပ်စခန်းမှ ကုန်သွယ်မှုသည် ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ ၂၀၁၅ ခုနှစ် မတ်လဆန်းပိုင်းအထိ ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ ဆက်တိုက်ကျဆင်းမှုများ ရှိကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၏ စာရင်းအရ သိရသည်။

၂၀၁၄ ခုနှစ် ဧပြီ ၁ရက်မှ ယခုမတ် ၆ရက်အထိ အဆိုပါစခန်းတွင်

သတင်းနှင့်ဓာတ်ပုံ
CL ထန်းငါ

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ- အိန္ဒိယ နှစ်နိုင်ငံမှ တရားဝင်ပူးပေါင်းဖွင့်လှစ်ရန် သဘောတူညီခဲ့သော ဇိုခေါထာရ်ကုန်းမြေ အကောက်ခွန်စခန်းအား တွေ့ရစဉ်။

ယနေ့ — မာတိကာ

ကမ္ဘာပတ်နေစွမ်းအင်သုံး Solar Impulse-2 လေယာဉ် မတ်လ ၁၅ရက်နေ့ ဗာရာဏသီမြို့သို့ ဆိုက်ရောက်မည်
စာ » ၄

မြန်မာနိုင်ငံ ဥပဒေများ အမြန်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးသို့
ဆောင်းပါး စာ » ၆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စက်မှုလယ်ယာစနစ်တိုးတက်လာမည်

မြန်မာနိုင်ငံသည် သမားရိုးကျလယ်ယာလုပ်ကိုင်သည့်စနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် ကြိုးစားဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပါသည်။ စက်မှုလယ်ယာစနစ်သည် အဆင့်မြင့်လယ်ယာမြေလုပ်ကိုင်သည့် စနစ်ဖြစ်ပါသည်။ စက်မှုလယ်ယာစနစ်ဟူသည်ကား သီးနှံများ စိုက်ပျိုးရာတွင်လည်းကောင်း၊ ရိတ်သိမ်းခြွေလှေ့ရာတွင်လည်းကောင်း၊ ဈေးတင်ပို့ရာတွင်လည်းကောင်း၊ သိပ္ပံနည်းကျ အရည်အသွေးကောင်းမွန်သော စိုက်ပျိုးသီးနှံများကို စက်ယန္တရားပစ္စည်းများအသုံးပြု၍ အမြောက်အမြား ထုတ်လုပ်ခြင်းပင်ဖြစ်ပါသည်။

စက်မှုလယ်ယာစနစ် ထွန်းကားအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် သီးနှံများကို အချိန်မီစိုက်ပျိုးနိုင်ခြင်း၊ ဧကများစွာလုပ်ကိုင်နိုင်ခြင်း၊ လယ်ယာလုပ်သားရှားပါးမှုမှ ကာကွယ်နိုင်ခြင်း၊ အရည်အသွေးကောင်းမွန်သောသီးနှံများကို အမြောက်အမြားထုတ်လုပ်နိုင်ခြင်း၊ လယ်ယာမြေပြုန်းတီးမှုမှ ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ၌ စက်မှုလယ်ယာစနစ်ထွန်းကားအောင် ကြိုးစားဖော်ဆောင်နေပြီဖြစ်ပါသည်။ လယ်ယာသုံးစက်ကိရိယာများကို သမဝါယမဝန်ကြီးဌာနမှ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း၊ လယ်သမားများအား လယ်ယာသုံးစက်ကိရိယာ မောင်းနှင်အသုံးပြုသင်တန်းများ ပို့ချခြင်း၊ ခေတ်မီအဆင့်မြင့်လယ်ယာများ ဖော်ထုတ်ပေးခြင်း စသော လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးအစီအမံများကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အစိုးရသစ် ကာလမတိုင်မီအထိ ၁၉၉၅-၁၉၉၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ၁၅ နှစ်ကျော်ကာလအတွင်း စနစ်တကျ စက်မှုလယ်ယာမြေကွက် ဖော်ထုတ်ပေးနိုင်မှုသည် ၂၄၆၃၂ ဧကသာရှိခဲ့ပါသည်။ အစိုးရသစ်ကာလ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်အထိ နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် ၃၂၄၀၅ ဧက၊ နိုင်ငံတကာ အထောက်အပံ့ဖြစ်သည့် ဂျပန်နိုင်ငံ (JIID , JICA) နှင့် ကိုရီးယားနိုင်ငံ (KOICA) အစီအစဉ်တို့ဖြင့် ၇၁၁ ဧက၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဧက ၁၂၆၀ အပါအဝင် စနစ်တကျ စက်မှုလယ်ယာမြေ စုစုပေါင်း ၃၄၃၇၆ ဧက ဖော်ထုတ်ပြီးဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် ဧက ၄၅၀၀၊ အိန္ဒိယချေးငွေအစီအစဉ်ဖြင့် ဧက ၃၀၄၀၀၊ နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော IFAD ချေးငွေအစီအစဉ်ဖြင့် ဧက ၄၀၀၀ ဖော်ထုတ်သွားရန် လျာထားပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယချေးငွေဖြင့် ဧက ၂၀၄၀၀၊ (IFAD) ချေးငွေဖြင့် ဧက ၄၀၀၀ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် IFAD ချေးငွေဖြင့် ဧက ၂၀၀၀ ဆောင်ရွက်သွားရန် လျာထားကြောင်းသိရပါသည်။ ဤအချက်များကို ထောက်ရှုလျက် လာမည့် သုံးနှစ်အတွင်း စက်မှုလယ်ယာမြေများ အများအပြားပေါ်ထွက်လာမည်ဖြစ်ပါသည်။

သို့ပါ၍ စက်မှုလယ်ယာမြေများ ဖော်ထုတ်ပေးလာနိုင်မှုနှင့်အတူ ကုန်ထုတ်စွမ်းအားများ တိုးတက်လာမည်ဖြစ်ပါသည်။ အရည်အသွေးကောင်းမွန်သော လယ်ယာထွက်ကုန်များ ပြည်တွင်းဈေးကွက်များသာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်တင်ပို့လာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သမားရိုးကျ လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ တိုးတက်ပြောင်းလဲလာတော့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။
- ★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်

နေပြည်တော် မတ် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် မတ် ၈ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီကျေး လက်ကျန်းမာရေးဌာနနှင့် ဆားမလောက် ကျေးလက်ကျန်းမာရေးဌာနများသို့ ရောက်ရှိကာ သားဖွားခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ မိခင်နှင့်ကလေး ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်သော ကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်လိုကြောင်း၊ လူနာညွှန်းပို့စနစ်များ ကောင်းမွန်လာစေရန် ဝိုင်းဝန်းကူညီကြစေလိုကြောင်း မှာကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဇလွန်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လည်းကောင်း၊ ဇလွန်မြို့နယ် ကော့ကပ်တိုက်နယ်ဆေးရုံခွဲစိတ်ခန်း၊ လူနာဆောင်များနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မတ် ၉ ရက်တွင် ဟင်္သာတမြို့ ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ မတ် ၁၀ ရက် နံနက်ပိုင်းတွင် ဟင်္သာတမြို့နယ် တလုတ္တော်တိုက်နယ် ဆေးရုံ၊ ဦးတိုကျေးလက်ကျန်းမာရေး ဌာနခွဲ ဆောက်လုပ်မည့်မြေနေရာနှင့် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာ အသစ်ဆောက်လုပ်မှု၊ မြန်အောင်ပြည်သူ့ဆေးရုံ၏ ခွဲစိတ်ခန်း ပြင်ဆင်ဆောက်လုပ်နေမှုနှင့် ကြံခင်းမြို့နယ် ပြည်သူ့ဆေးရုံဘက် ရဲတိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီးပန်းတောင်းမြို့နယ် ထုံးဘိုတိုက်နယ်ဆေးရုံ၊ ဥသျှစ်ပင်တိုက်နယ်ဆေးရုံနှင့် ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံတို့အားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကာ ဆေးရုံ၏ FLUROSCOPY ခန်း၊ ဓာတ်မှန်ခန်း၊ Ultra Sound စမ်းသပ်ခန်း၊ သားဖွားခန်း၊ ခွဲစိတ်ခန်း ၊ အထူးကြပ်မတ်ကုသဆောင်နှင့် ကလေးလူနာဆောင်သစ် ဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

မတ် ၁၁ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် လူနာဆောင်များအား ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

နိုင်ငံဘက်စုံ တည်ဆောက်ဖို့
မှန်မှန်ကန်ကန် အခွန်ပေးစို့

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၃-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၂၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၂၃၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၁၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၆
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၆၄-၁၀၇၅
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၁၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၈၀၀၀-၁၈၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၈၀၀၀-၃၂၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၄၈
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၄၂၅
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၃၀၀-၁၈၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၆၀-၁၄၈၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၈၀-၆၆၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၉၀၀-၃၀၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၀၀၀-၆၀၀၀
သကြား	တစ်ပိဿာ	၈၄၀-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇေ့ငတင်ပြသည်။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အနုပညာဗဟိုဌာန တည်ဆောက်ရေးဆွေးနွေး

ရန်ကုန် မတ် ၁၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့၌ ရုပ်ရှင်၊ ဂီတ၊ သဘင် ဖျော်ဖြေတင်ဆက်နိုင်မည့် နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန တည်ဆောက်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ သက်ကြီး အနုပညာရှင်များ ဘဝအာမခံချက်ရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့်ပတ်သက်၍လည်းကောင်း ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးမြကြည်(ပန်တျာ)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

သတင်း-ခင်ချိုဝင်း
ဓာတ်ပုံ-လှမိုး

ရန်ကုန် မတ် ၁၄

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များဖြစ်သော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊

နိုင်ငံတော်သမ္မတ အကြံပေးပညာရှင် ဒေါက်တာ အောင်ထွန်းသက်၊ မြန်မာနိုင်ငံ ဝိဇ္ဇာသိပ္ပံပညာရှင်များအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်ရီရီမြင့်၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဦးမိုးဆန်းအောင်နှင့် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပညာသင်ဆု ရွေးချယ်ရေးမူများ၊ ပညာသင်ဆုများအတွက် ကာလတို ကာလရှည် အစီအမံများ၊ အင်္ဂလိပ်စာအဆင့်မီသူများကို ပဏာမလူတွေ့စစ်ဆေးခြင်းနှင့်ဘာသာရပ် ထူးချွန်သူများကို ပညာသင်ဆုပေးရန် ဆက်လက်ရွေးချယ်နိုင်ရေးကိစ္စများကို အသေးစိတ်ဆွေးနွေးကြသည်။

အင်္ဂလိပ်စာ အရည်အချင်း ကနဦးစစ်ဆေးခြင်းကို ဗြိတိသျှကောင်စီနှင့် ပူးပေါင်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့ပြီး ဖြေဆိုသူ ၂၇၇၃ ဦး အနက် အင်္ဂလိပ်စာ အဆင့်မီသူ ၈၇၃ ဦးကို ပဏာမ လူတွေ့စစ်ဆေးရန် ကြေညာထားကာ လူတွေ့စစ်ဆေးခြင်းကို ဧပြီလအတွင်းအပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကို ပညာသင်ဆုရွေးချယ်ရေး ကော်မတီက နောက်တစ်ဆင့် ဆန်ခါတင်ရွေးချယ်၍ ဘာသာရပ်အလိုက် ထူးချွန်သူများကို နိုင်ငံတကာ တက္ကသိုလ်များသို့ လျှောက်ထားနိုင်ရေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

❒ ရှေ့ဖုံးမှ

ပို့ကုန်ဒေါ်လာ ၈ ဒသမ ၈၃၃သန်း၊ သွင်းကုန်ဒေါ်လာ ၄ ဒသမ ၇၀၅ သန်း၊ ကုန်သွယ်မှုပမာဏဒေါ်လာ ၁၃ ဒသမ ၅၃၈ သန်းသာဆောင်ရွက်နိုင်ခဲ့ပြီး၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၇၇ သန်းဖြစ်သောကြောင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၄ ဒသမ ၀၃၉ သန်း လျော့နည်းသည်။

လက်ရှိ မြန်မာနှင့် အိန္ဒိယနိုင်ငံသည် တမူးနှင့် ရိဒ်နယ်စပ်စခန်းများတွင် ကုန်သွယ်မှုပြုလုပ်ရာ နယ်စပ်စခန်းနှစ်ခု၏ ကုန်သွယ်မှုအနေဖြင့် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၂ အထိ တိုးတက်မှုရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

ယခုရိဒ် နယ်စပ်ကုန်သွယ်မှုကျဆင်းခြင်းသည် တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းနှင့် ရှောင်ကွင်းလမ်းများမှ တရားမဝင်ကုန်သွယ်မှုများပြားခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် ကလေး-တီးတိန်-ရိဒ် ကုန်သွယ်ရေးလမ်းပေါ်တွင် စစ်ဆေးရေး၊ အကောက်ခွန် စသည့်ဂိတ်များပြားမှုကြောင့် ခရီးကြန့်ကြာမှု စသည့် ကုန်စည်စီးဆင်းမှုအဟန့်အတားများရှိခြင်းများက အဓိကဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

တစ်ဖက် မီဇိုရမ်ပြည်နယ်မှ ကုန်ပစ္စည်းများပိုမိုတင်သွင်းရန် လိုအပ်လာသကဲ့သို့ မကြာသေးမီက နေပြည်တော်တွင် ကျင်းပခဲ့သော နှစ်နိုင်ငံ ပူးတွဲကုန်သွယ်ရေး ကော်မတီအစည်းဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ဇိုခေါထာရ်ကုန်းမြေ အကောက်ခွန်စခန်း (Zokhawthar Land Custom Station) အမြန်ဆုံး ပူးပေါင်းဖွင့်လှစ်နိုင်ခြင်းသည် ဇိုခေါထာရ်-ရိဒ် ကုန်သွယ်ရေး တိုးမြှင့်ရေးအတွက် အဓိကဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းတစ်ခုလည်းဖြစ်သည်။

လယ်ယာစိုက်ပျိုးထွက်ကုန်နှင့် စွမ်းအင်သယံဇာတ အရင်းအမြစ်ပေါများသည့် ချင်းပြည်နယ်သည် တည်ငြိမ်အေးချမ်းသည့် ဒေသတစ်ခုဖြစ်သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အနည်းဆုံးဒေသတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။

နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး တမူး-မဏိပူရ်ပြည်နယ် မိုရေးနယ်စပ်မှ ကုန်သွယ်မှုပမာဏစုစုပေါင်း အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၃၃၂ သန်းဆောင်ရွက်နိုင်ခဲ့ပြီး ယင်းပမာဏသည် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ ၁၇ ဒသမ ၀၁၄ သန်း တိုးတက်မှုရှိကြောင်း အဆိုပါစခန်း၏ စာရင်းတွင် ဖော်ပြချက်အရ သိရသည်။

တစ်နည်းအားဖြင့် တမူးနှင့် ရိဒ် စခန်းနှစ်ခုအကြားတွင် ကုန်သွယ်မှုပမာဏကွာခြားချက်များ တိုးတက်လာနေကြောင်း၊ ယခင်ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၅ ဒသမ ၇၄၁ သန်းသာရှိပြီး ယခုတွင် ဒေါ်လာ ၂၆ ဒသမ ၇၉၄ သန်းအထိ ကွာခြားလာနေသည်ကို တွေ့ရသည်။

တမူး-မိုရေး ကုန်သွယ်မှုသည် တစ်ဖက် မဏိပူရ်ပြည်နယ်အတွင်း နိုင်ငံရေး တည်ငြိမ်မှုမရှိခြင်းနှင့် မြေပေါ် မြေအောက်အဖွဲ့အစည်းများက မကြာခဏကုန်သွယ်ရေးလမ်း ပိတ်ဆို့ဆန္ဒပြမှုများကြောင့် ကုန်စည်စီးဆင်းမှုအဟန့်အတားများရှိသော်လည်း လျာထားချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်နေရဆဲ ဖြစ်ကြောင်း သိရသည်။

မြန်မာနှင့် အိန္ဒိယနယ်စပ်ကုန်သွယ်မှုပြုလုပ်ရာတွင် အဓိကကျသည့် ပို့ကုန်ပစ္စည်းများမှာ ကွမ်းသီး၊ ချင်းအခြောက်၊ ပဲစင်းငုံ၊ မတ်ပဲ၊ နန္ဒင်းမြစ်၊ ရေစင်နှင့် ဆေးဖက်ဝင်ပစ္စည်းစသည်တို့ဖြစ်ပြီး အဓိကကျသည့်သွင်းကုန်ပစ္စည်းများမှာ ချည်မျှင်၊ ယာဉ်ယန္တရားများ၊ ပဲငါးပိ၊ ပဲစားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းအပြင် ဓာတ်မြေသြဇာ၊ ဆံပင်စသည်တို့ဖြစ်သည်။

၂၀၁၅ ခုနှစ် မတ် ၆ ရက်အထိ အဆိုပါနယ်စပ်ကုန်သွယ်မှုမှ ပို့ကုန်ဒေါ်လာ ၃၈ ဒသမ ၂၅၈ သန်း၊ သွင်းကုန်ဒေါ်လာ ၁၅ ဒသမ ၆၁၂ သန်း၊ ကုန်သွယ်မှုဒေါ်လာ ၅၃ ဒသမ ၈၇ သန်းဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလ ကုန်သွယ်မှုပမာဏဒေါ်လာ ၄၀ ဒသမ ၈၉၅ သန်းနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၁၂ ဒသမ ၉၇၅ သန်းတိုးတက်မှုရှိသည်။

တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (Individual Trading Card) ဖြင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် တမူးစခန်းတွင် ကျပ် ၉၄၇၂၄၃၀၈၀ ဒသမ ၂၅၃၊ ရိဒ်စခန်းတွင် ကျပ် ၃၂၄၃၇၃၀၃၆ ဒသမ ၂၄၀၊ ကုန်သွယ်မှုပမာဏစုစုပေါင်း ကျပ် ၁၂၇၁၆၁၆၁၁၆ ဒသမ ၄၉၃ ဖြစ်ပြီး ရိဒ်စခန်းအနေဖြင့် ယနေ့အထိITC ကတ်ထုတ်ပေးနိုင်မှုမှာ သုံးဦးရှိပြီး ယင်းကတ်ဖြင့်ပို့ကုန်ပစ္စည်းမှာ မုန့်မျိုးစုံစသည်များ၊ သွင်းကုန်ပစ္စည်း နိုင်လွန်ချည်နှင့် ချည်ဆိုးဆေး၊ အားဖြည့်အချိုရည်စသည့် လုပ်ငန်းသုံးကုန်ပစ္စည်းဖြင့် ကုန်သွယ်လျက်ရှိသည်။

ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံကုန်သွယ်မှုပမာဏကို ဒေါ်လာ သုံးဘီလီယံအထိရောက်ရှိရန် ရည်မှန်းထားပြီးဆောင်ရွက်လျက်ရှိရာ နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ရေးအနေဖြင့် တမူးနယ်စပ်စခန်းတွင် ဆောင်ရွက်သည့်နည်းတူ ရိဒ်နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန် လိုအပ်နေပြီဟု လေ့လာစုံစမ်းသိရှိရသည်။ **(မြန်မာ့အလင်း)**

မိုးပွင့်(အထူး)စီမံချက် ကျေးရွာများ ကွင်းဆင်း

လယ်ဝေး မတ် ၁၄

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အေလာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၁၀ ရက် နံနက် ၁၀ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်းက လူဦးရေသန်းခေါင်စာရင်းကောက်ယူရခြင်း လူဝင်မှုလုပ်ငန်းများ၊ မိုးပွင့်စီမံချက်လုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ အေလာကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၁၁ ရွာမှ ဒေသခံ ၄၂၄ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုရူပ(နေပြည်တော်)**

နိုင်ငံတကာသတင်း

ကမ္ဘာပတ် နေစွမ်းအင်သုံး Solar Impulse-2 လေယာဉ် မတ်လ ၁၅ ရက်နေ့ ဗာရာဏသီမြို့သို့ ဆိုက်ရောက်မည်

ပြီးခဲ့သည့် မတ် ၉ ရက်က အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့တော်မှ စတင်ထွက်ခွာလာခဲ့သော ကမ္ဘာပတ် နေရောင်ခြည်စွမ်းအင်သုံး Solar Impulse-2 လေယာဉ်သည် အိုမန်နိုင်ငံ မြို့တော်မတ်စကပ်နှင့် အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ အာမက်ဒါဘတ်မြို့တို့၌ ခရီးတစ်ထောက်ရပ်နားမှုများ ပြုလုပ်ပြီးနောက် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားရာ နာမည်ကျော် ဗာရာဏသီမြို့သို့ ဆက်လက်ပျံသန်းမည်ဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒရာမိုဒီ၏ မဲဆန္ဒနယ်မြေ ဗာရာဏသီမြို့တွင် Solar Impulse-2 လေယာဉ်ဆိုက်ရောက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးဖြစ်ကြောင်း လယ်လ်ဘဟာဒါရှုတ်ထရီလေဆိပ်မှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သူ အက်စ်ကေမာလစ်က ပြောကြားသည်။ Solar Impulse-2 လေယာဉ်သည် မတ်လ ၁၅ ရက် ည ၇ နာရီဝန်းကျင် ဗာရာဏသီမြို့၌ ဆင်းသက်ပြီး ယင်းလေယာဉ် မဆိုက်ရောက်မီ နှစ်နာရီစောကာ ထောက်ပံ့ရေးလေယာဉ်နှစ်စင်း ကြိုတင်ရောက်ရှိမည်ဟု မျှော်လင့်ရကြောင်း ၎င်းကဆိုသည်။

Solar Impulse-2 လေယာဉ်သည် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့မှ ထွက်ခွာပြီးနောက် နာမည်ကျော် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများရှိရာ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော် မန္တလေးသို့ မတ် ၁၈ ရက် ညနေ ၅ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ ယင်းနေ့ ညနေ ၅ နာ ရီခွဲမှ ၆ နာရီအထိ သတင်းထောက်များရောက်ရှိကြောင်း မှတ်ပုံတင်ရမည်ဖြစ်ပြီး ၆ နာရီမှ ၆ နာရီခွဲထိ ဆိုလာလေယာဉ်ကို ကြည့်ရှုမည်ဖြစ်ကာ ၆ နာရီခွဲမှ ၈ နာရီအထိ ကျင်းပမည့် သတင်းစာရှင်းလင်းပွဲတွင် Jardine Schindler Group မှ အမှုဆောင်ချုပ် မစ္စတာ ဂျူဂျာ ဒန်ဂျီနာ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ် ကြီး မစ္စတာ ခရစ်စတိုဘာဂျန်နာနှင့် Solar Impulse-2 လေယာဉ်မှူးတစ်ဦးက အမှာစကားများ ပြောကြားမည်ဖြစ်သည်။

မန္တလေးမြို့မှ တရုတ်နိုင်ငံ ချုံကျင်းနှင့် နန်ကျင်းမြို့များသို့ ဆက်လက်ပျံသန်းပြီး ဟာဝိုင်အီကျွန်းများမှတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်ကျော်ကာ အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိမည်ဖြစ်ပြီး ဖီးနစ်နှင့် နယူးယောက်မြို့များ၌ ခရီးတစ်ထောက်ရပ်နားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဥရောပတောင်ပိုင်း သို့မဟုတ် မြောက်အာဖရိကတွင် ရပ်နားမှုတစ်ကြိမ် ပြုလုပ်မည်ဖြစ်ပြီး ဇူလိုင်လနှောင်းပိုင်းတွင် စတင်ထွက်ခွာရာ အဘူဒါဘီမြို့တော်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ Solar Impulse-2 လေယာဉ်သည် ကမ္ဘာတစ်ပတ် ပျံသန်းရေးအစီအစဉ်ကို မိုနာကိုမင်းသား အဲလ်ဘတ်၊ ယူအေအီးဝန်ကြီးနှင့် Masdar သိပ္ပံနှင့်နည်းပညာအင်စတီကျူ့ဥက္ကဋ္ဌ ဆူလ်တန်ဘင် အာမက်ဆူလ်တန်အယ်လ်ဂျာဘား၊ ဗြိတိသျှစီးပွားရေးလုပ်ငန်းရှင် ရစ်ချတ်ဘရန်ဆင်နှင့် အမေရိကန် ဒုသမ္မတဟောင်း အယ်လ်ဂိုးတို့က ထောက်ပံ့မှုများ ပြုလုပ်ထားသည်။ Solar Impulse-2 လေယာဉ်ကို ၁၉၉၉ ခုနှစ်က မီးပုံးပျံတစ်စင်းဖြင့် ကမ္ဘာတစ်ဝန်း ပျံသန်းခဲ့သူ စိတ်ရောဂါအထူးကု ဘတ်ထရန်ပက်ကဒ်နှင့် ဝါရင့်လေယာဉ်ဒီဇိုင်းအင်ဂျင်နီယာနှင့် လေယာဉ်မှူးဟောင်း အန်ဒရီဘော့ချ်ဘတ်ဂ်တို့က တစ်လှည့်စီ ထိန်းချုပ်မောင်းနှင်လျက်ရှိသည်။

သုတ

အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းကြောင့် ဗင်နွာတူကျွန်းနိုင်ငံတွင် လူရှစ်ဦးထက်မနည်းသေဆုံး

ဆစ်ဒနီ မတ် ၁၄

ပစိဖိတ်သမုဒ္ဒရာ၏ အင်အားအပြင်းထန်ဆုံး မုန်တိုင်းများထဲက တစ်ခုအပါအဝင်ဖြစ်သော မုန်တိုင်းတစ်ခု မတ် ၁၄ ရက်တွင် ဗင်နွာတူကျွန်းစုနိုင်ငံကို ဝင်ရောက်မွှေနှောက်ခဲ့ရာ ခေါင်မိုးများလန်မှု၊ သစ်ပင်များ အမြစ်ကျွတ်ပြိုလဲမှုနှင့် လူရှစ်ဦးထက်မနည်း သေဆုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း ကယ်ဆယ်ရေးဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကုလသမဂ္ဂက အထူးကယ်ဆယ်ရေးလုပ်ငန်းတစ်ခု လုပ်ဆောင်ပေးရန် ပြင်ဆင်လျက်ရှိသကဲ့သို့ ဩစတြေးလျနိုင်ငံလည်း တတ်နိုင်သလောက် အကူအညီပေးရန် ကမ်းလှမ်းထားကြောင်း၊ တစ်နာရီလျှင် ၃၄၀ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်သည့် ပမ်အမည်ရှိ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းကြောင့် ဗင်နွာတူကျွန်းစုနိုင်ငံတွင် လျှပ်စစ်ဓာတ်လိုင်းပြတ်တောက်မှု အနည်းငယ်ဖြစ်ပေါ်စေခဲ့ပြီး ဒေသအတွင်းဆက်သွယ်ရေးစနစ်များ ပြတ်တောက်စေကာ ပြည်သူများ၏ စားဝတ်နေရေးအတွက် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း ကယ်ဆယ်ရေးဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူဦးရေမှာ ထပ်ပြီးမြင့်တက်လာဖွယ်ရှိကြောင်း အတည်မပြုသေးသည့် သတင်းများတွင် ဖော်ပြထားသည်။ "ဗင်နွာတူကျွန်းစုနိုင်ငံ၌ဝင်တိုက်တဲ့ မုန်တိုင်းဟာ ကမ္ဘာကြီးပျက်စီးတော့မယ့် အနေအထားအထိ မိမိမှာ ခံစားခဲ့ရပါတယ်။ မုန်တိုင်းဒဏ်ကြောင့် ဗုံးကြီးတစ်လုံး မြို့တော် ပေါ့သ်ဗီလာ၌ ပေါက်ကွဲသွားသလို မိမိမှာ ခံစားခဲ့ပါတယ်၊ မုန်တိုင်းဒဏ်ကြောင့် လျှပ်စစ်ဓာတ်လိုင်းများ ပြတ်တောက်သွားသလို သောက်သုံးရေ အခက်အခဲပါဖြစ်ပေါ်စေခဲ့ပါတယ်"ဟု ဗင်နွာတူဆိုင်ရာ ယူနီဆက်ဖ် ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး အလိုင်းစ်ခလက်မဲန့်စ်က ပြောကြားသည်။

အဆိုပါ မုန်တိုင်းကြောင့် လူရှစ်ဦးသေဆုံးပြီး ၂၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူဦးရေလည်း ထပ်ပြီးတိုးလာနိုင်ကြောင်း ဗင်နွာတူအမျိုးသား သဘာဝဘေးဒဏ်အရေးပေါ်စီမံခန့်ခွဲရေးရုံးမှ အတည်ပြုချက်အရ သိရသည်။ **(ရိုက်တာ)**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အရှေ့ဘက်၌ မြို့သစ်ကြီးတည်လူငါးသန်းအတွက် အိမ်ရာများဆောက်လုပ်ပေးမည်

ကိုင်ရို မတ် ၁၄

ကိုင်ရိုမြို့၏ အရှေ့ဘက်တွင် မြို့တော်သစ် တည်ဆောက်သွားရန် စီစဉ်နေကြောင်း အီဂျစ်အစိုးရက ကြေညာလိုက်သည်။

အဆိုပါ မြို့တော်သစ်စီမံကိန်းကို အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံ အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းပြီးစီးရန် ငါးနှစ်မှ ခုနစ်နှစ်အထိ ကြာလိမ့်မည်ဖြစ်ကြောင်း အိမ်ရာဝန်ကြီး မိုစတာဖာမက်ဘိုလီက ပြောသည်။

ယင်းစီမံကိန်းကို လာမည့် အနှစ် ၄၀ အတွင်း တိုးပွားလာမည့် မြို့တော်နေ လူဦးရေကို ခန့်မှန်းတည်ဆောက် ပေးခြင်းဖြစ်ကြောင်းသိရသည်။ အီဂျစ်နိုင်ငံ၏ စီးပွားရေးပြန်လည် ဦးမော့လာရေး ရည်ရွယ်ကျင်းပသည့် ရင်းနှီးမြှုပ်နှံရေးကွန်ဖရင့်၌ အထက်ပါကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ရှရမ်အီးလ်ရှိတ်ပင်လယ်နီ အပန်းဖြေစခန်းသို့ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဆွဲဆောင်လျက်ရှိရာ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ ဆွဲဆောင်နိုင်မည်ဟု ဆိုသည်။ ကူဝိတ်၊ ဆော်ဒီအာရေးဗျနှင့် ယူအေအီးနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံရန် မျှော်လင့်ထားသည်။

ကိုင်ရိုမြို့လူဦးရေသည် လက်ရှိ ခန့်မှန်းခြေအားဖြင့် ၁၈ သန်းခန့် ရှိရာ လာမည့် အနှစ် ၄၀ အတွင်း နှစ်ဆတိုးလာမည်ဟု မျှော်လင့်ထားသည်။

အီဂျစ်ပါလီမန်၊ အစိုးရဌာနများနှင့် ဝန်ကြီးရုံးများ၊ သံရုံးများကို မြို့တော်သစ်သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးက ပြောသည်။ မြို့တော်သစ်တွင် ကျောင်းနှင့် ကောလိပ် ၂၀၀ နီးပါးနှင့် ဆေးရုံ ဆေးခန်း ၆၀၀ ကျော် ပါဝင်မည်ဖြစ်ကြောင်း စီမံကိန်းအကောင်အထည်ဖော်သူများက ပြောသည်။

စီမံကိန်းတွင် အလုပ်သမားတစ်သန်းကျော် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယင်းစီမံကိန်းသည် စတုရန်းမိုင် ၂၇၀ကျယ်ဝန်းပြီး လူငါးသန်းခန့်အတွက် နေအိမ်များ ဆောက်လုပ်ပေးမည်ဟု ဆိုသည်။**(ဘီဘီစီ)**

အီရတ်အစိုးရတပ်များ တီကရစ်မြို့ကို တစ်ပတ်အတွင်း ပြန်လည်ရယူနိုင်မည်ဟု မျှော်လင့်

တီကရစ် မတ် ၁၄

အီရတ် တပ်ဖွဲ့ဝင်များအနေဖြင့် တစ်ပတ်အတွင်း တီကရစ်မြို့ကို အိုင်အက်စ် စစ်သွေးကြွများလက်မှ ပြန်လည်ရယူနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း တပ်မှူးတစ်ဦးက ပြောသည်။ အိုင်အက်စ်စစ်သွေးကြွများသည် တီကရစ်မြို့၏ ၇၀ ရာခိုင်နှုန်းကို စိုးမိုးထားဆဲဖြစ်ကြောင်း အစိုးရတပ်ဖွဲ့ဝင်များနှင့်အတူ တိုက်ပွဲဝင်နေသည့် ရှီးယိုက် ပြည်သူ့စစ်ခေါင်းဆောင်တစ်ဦးက ပြောသည်။

သို့သော်လည်း တီကရစ်မြို့သည် တစ်လမ်းဝင်တစ်လမ်းထွက် တိုက်ခိုက်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ အီရတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်များသည် အဓိကအချက်အချာကျရာ ရဲဌာနချုပ်နှင့် ဆေးရုံတစ်ခုကို ထိန်းချုပ်ထားနိုင်ပြီဟု ဆိုသည်။ တီကရစ်မြို့လယ်မှ လက်နက်ကြီးများနှင့် အမြောက်ကျည်ပစ်ခတ်ပေါက်ကွဲသံများ ကြားနေရကြောင်း တီကရစ်မြို့မှ ဘီဘီစီ သတင်းထောက်က ပြောသည်။

အစိုးရကိုလိုလားသော အင်အားစုများက တီကရစ်တပ်ဖွဲ့ဝင် ၃၀၀၀၊ ရှီးယိုက်ပြည်သူ့စစ် ၂၀၀၀၀ တို့နှင့်အတူ အိုင်အက်စ်တို့အားတိုက်ထုတ်လျက်ရှိသည်။ တီကရစ်မြို့ကို ပြန်လည်တိုက်ခိုက် သိမ်းယူနိုင်ဖွယ်ရှိကြောင်း စောစောပိုင်းတွင် အီရတ်ကာကွယ်ရေးဝန်ကြီး ခါလက်အယ်လ်အိုဘီဒီက ပြောသည်။

အဆိုပါမြို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းအားဖြင့် အီရတ်နိုင်ငံ၏ ဒုတိယ အကြီးဆုံးမြို့ မိုဆူးလ်မြို့ကိုပါ သိမ်းပိုက်နိုင်မည်ဟု ဆိုသည်။

ယင်းမြို့သည် သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ဖြစ်သည်။ **(ဘီဘီစီ)**

အီရတ်တပ်ဖွဲ့ဝင်များ တီကရစ်မြို့ကို ဝိုင်းရံထားစဉ် အိုင်အက်စ်စစ်သွေးကြွများ၏ နေရာများကို ပြင်းထန်စွာ ချေမှုန်းတိုက်ခိုက်နေစဉ်။

ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

အဆိုပါ ရေယာဉ်နစ်မြုပ်မှု ဖြစ်ပွားရာနေရာ၌ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများ၊ ဧည့ဝတီရေတပ် စခန်းဌာနချုပ်မှ စစ်ရေယာဉ်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင် ရွက်လျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီအထိ ခရီးသည် အမျိုးသား ၁၀၃ ဦး၊ အမျိုးသမီး ၆၄ ဦး၊ စုစုပေါင်း ၁၆၇ ဦးတို့အား ရှာဖွေကယ်တင်နိုင် ခဲ့ပြီး သံဃာတော်တစ်ပါး၊ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး ၃၁ ဦးတို့၏ ရုပ်အလောင်းများအား ဆယ်ယူနိုင် ခဲ့ကြောင်း သိရသည်။

သင်္ဘောနစ်မြုပ်မှုတွင် ပါဝင် သော ခရီးသည်များကို ကျောက်ဖြူ အလက(၄)တွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိ၍ ကျန်းမာရေးစောင့် ရှောက်မှုများကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ တပ်မတော်သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကူညီလုပ်ဆောင် ပေးလျက်ရှိ ကြောင်း သိရသည်။

"အဲဒီနစ်မြုပ်သွားတဲ့ ရေယာဉ် (အောင်တံခွန်-၃)ကို ၂၀၁၃ ခုနှစ် ၁၁ လပိုင်း ၃ ရက်နေ့က စစ်တွေ သင်္ဘောကျင်းမှာ ကျင်းတင်ပြင်ဆင် ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၂၆ ရက်မှာ ရေယာဉ်လုံခြုံစိတ်ချမှုကို စစ်ဆေး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်"ဟု ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန် ရှိသူတစ်ဦးက ပြောကြားခဲ့ သည်။

တပ်မတော်-ရေမှ ကယ်ဆယ်ကူညီပေးသော အောင်တံခွန်-၃ သင်္ဘောမှ ခရီးသည်များအား တွေ့ရစဉ်။

နစ်မြုပ်သွားသော အောင်တံခွန်-၃ သင်္ဘောမှ အသက်ရှင်ကျန်ရှိသောခရီးသည်များအား ဆေးဝါးကုသမှု ဆောင်ရွက်စဉ်။

မြန်အောင်မြို့နယ်၌ လယ်ကွင်းမီးမှ နေအိမ်ကို မီးကူးစက်လောင်

နေဝင်းဇော်(မြန်အောင်)

မြန်အောင် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျွဲတဲကုန်းကျေးရွာ အုပ်စု ကျွဲတဲကုန်းကျေးရွာတွင် မတ် ၁၃ ရက် ညနေ ၃ နာရီခွဲက လယ် ကွင်းမီးလောင်ရာမှနေ၍ ရွာထဲသို့ လေတိုက်ပြီး မီးကူးစက်လောင်ကျွမ်း သဖြင့် နေအိမ်နှစ်လုံး မီးလောင် ကျွမ်းခဲ့ပြီး မိုးစပါးတင်း ၁၅၀ ခန့်နှင့် မိုးဘဏ်ချေးငွေဆပ်ရန်စုဆောင်းထား သော ငွေကျပ် ငါးသိန်းခန့် ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိကြောင်း မြန်အောင်မြို့နယ် မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန် သည်။

ဖြစ်စဉ်မှာ လယ်ကွင်းမီးလောင် ကျွမ်းရာမှာ ရွာခြေသို့မီးရောက်ရှိ လာပြီး ရွာအတွင်းရှိ နေအိမ်အား မီးကူးစက်လောင်ကျွမ်းကြောင်း သိရ သဖြင့် ကနောင်မြို့မီးသတ်မှ မီးသတ် ယာဉ် နှစ်စီး၊ မြန်အောင်မြို့ မီးသတ် မှ မီးသတ်ယာဉ်တစ်စီး စုစုပေါင်း သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၈၀ နှင့် ရွာသူ ရွာသားများ စုပေါင်း ငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွား ခဲ့ကြောင်း၊ ကွင်းထဲမှလောင်ကျွမ်း သောမီးသည် ရွာခြေသို့ဝင်ရောက် လာပြီး နေအိမ်တစ်လုံးအား စတင် လောင်ကျွမ်းခဲ့ပြီးနောက် လမ်းခြား သော အိမ်တစ်လုံးသို့ ဆက်လက် လောင်ကျွမ်းခဲ့ကြောင်း၊ မီးသတ်၊ အရန် မီးသတ်နှင့် ကျေးရွာပြည်သူများ မီးငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွား ကြောင်း၊ ကွင်းမီးရှို့သူကို စုံစမ်းမရ သဖြင့် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ် မရ ကြောင်းနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လယ်ကွင်းပြင်အတွင်း ရိုးဖြတ် များကို မီးရှို့ခြင်းကြောင့် မလိုအပ် သော ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိပြီး တချို့ မရိတ်သိမ်းရသေးသော စပါးများပါ မီးလောင်ကျွမ်းခဲ့ခြင်း၊ မတ်ပဲခင်းများပါ လောင်ကျွမ်းခဲ့ရခြင်း နှင့် ယခုကဲ့သို့ ရွာနှင့်နီးသောနေရာ တွင် မီးရှို့ခြင်းကြောင့် လူနေအိမ်ခြေ များ မီးလောင်ကျွမ်းခဲ့ရသဖြင့် မလိုအပ်သော ဆုံးရှုံးမှုများရှိခြင်းတို့ ကြောင့် မီးသတ်ဦးစီးဌာနအနေဖြင့် ကွင်းမီးရှို့ရာတွင် မီးတားလမ်းများ ဖောက်လုပ်ခြင်း ဆောင်ရွက်ကြရန် အသိပညာပေးခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း မြန် အောင်မြို့မီးသတ်ဦးစီးမှူး ဦးစိုးနိုင် ကပြောသည်။

တရားမဝင်မှောင်ခိုသစ်များကို ရထားဖြင့် တင်ပို့ရောင်းချမှုများပြားလာ

ကသာ မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာ ခရိုင် အင်းတော်မြို့၏မီးရထား ဘူတာတွင် တရားမဝင် တမလန်း သစ်များကို ပါဆယ်ထုပ်များပြုလုပ် ကာ မီးရထားတွဲပေါ်သို့ တင်ဆောင်၍ မှောင်ခိုတင်ပို့ ရောင်းချရန်အတွက် ကုန်သည်များက လုပ်ဆောင်နေ ကြောင်း သိရသည်။

မတ် ၁၀ ရက် နံနက် ၁၁ နာရီ ခွဲက မြစ်ကြီးနားမှ မန္တလေးသို့ အမှတ် (၄၂) ဒုတိယအမြန်ရထား အင်းတော် ဘူတာသို့ ပုံမှန်ဝင်ချိန်၌ မီးရထား ပါဆယ်တွဲပေါ်သို့ တရားမဝင် တမလန်းသစ် ပါဆယ်ထုပ်များ တင်နေသည်ကို တွေ့ရှိရသည်။

မြန်မာ့အဖိုးတန် သစ်ပင်နှင့် သစ်တောများ မပျက်စီး မပပျောက် စေရန် သဘာဝပတ်ဝန်းကျင် ထိန်း သိမ်းရေးနှင့် သစ်တောများ စိမ်းလန်း စိုပြည်ရေးတို့ကို အရှိန်အဟုန်မြှင့်တင် လျက်ရှိသော်လည်း တရားဥပဒေပိုင်း ဆိုင်ရာလိုက်နာမှု အားနည်းနေသေး သည်ကို တွေ့ရသည်။

တရားမဝင် ကျွန်းသစ်နှင့် တမလန်းသစ်ပါဝင်သော ပါဆယ်ထုပ် များကို မီးရထားကုန်တင် ပါဆယ် တွဲပေါ်သို့ တင်ဆောင်နေမှုနှင့် ပတ် သက်၍ အင်းတော်မြို့ မီးရထား ဘူတာရုံမှ တာဝန်ရှိသူက ၎င်းအနေ ဖြင့် ယခုလိုတရားမဝင် တမလန်း သစ်များ၊ ကျွန်းသစ်တွေပါဝင်သော ပါဆယ်ထုပ်များကို သယ်ယူခွင့် တင် ဆောင်ခွင့်ပေးမထားပါကြောင်း၊ ယခု တင်ဆောင်နေသော တရားမဝင် သစ်ခွဲသားကိစ္စမှာ ၎င်းတို့အနေဖြင့် သက်ဆိုင်မှု မရှိပါကြောင်း၊ အကယ်၍ ရထားပါဆယ်တွဲပေါ်တွင် တင် ဆောင်ပြီးသား ရှိနေသည်ဆိုလျှင် လည်း သွားရောက်စစ်ဆေးကြည့်ရှု ကာ ပြန်ချခိုင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရားမဝင်သစ်များမှာ လမ်း ကြောင်းမျိုးစုံဖြင့် မှောင်ခိုထွက်နေ ခြင်းကြောင့် ကသာခရိုင်အတွင်းရှိ အမြဲစိမ်းသစ်တောကြီးများနှင့် သစ် တောကြိုးဝိုင်းကြီးများမှ အဖိုးတန် သစ်များ တဖြည်းဖြည်း ပြုန်းတီး လာပြီး ရာသီဥတုသည်လည်းဆိုးရွား ပြောင်းလဲလာသဖြင့် ဒေသခံပြည်သူ များက သစ်တောသစ်ပင် ပျက်စီးဆုံး ရှုံးမှုမရှိစေရန် မှောင်ခိုသစ်ခိုးထုတ်မှု များအား ကြပ်ကြပ်မတ်မတ် ဖမ်းဆီး အရေးယူပေးစေလိုကြောင်း သိရ သည်။ **ဖိုးနိုင်(ကသာ)**

မူဆယ်(၁၀၅)မိုင်၌ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

မူဆယ် မတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အတွင်း မတ် ၁၂ ရက် ညနေ ၅ နာရီက ကျောက်စိမ်း တုံးများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဦးစိုင်းမြင့်ဦး (၃၅ နှစ်)(နမ့်ပျဉ်ရွာ သီပေါမြို့နယ်နေသူ)မောင်း နှင်လာသည့် 7D/----- FUSO (၁၂)ဘီးယာဉ် (ပို့ကုန် DUTY ၌ ပလတ်စတစ် ဖြုတ်စ ၁၆ တန် တင်ဆောင်လာသော) ကားကို X-RAY (2) ဖြင့် ဖြတ်သန်း စစ်ဆေးခဲ့ရာ မသင်္ကာဖွယ်တွေ့ရှိသဖြင့် အကောက်ခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဌေး ဦးစီးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးရှာဖွေခဲ့ရာ၌ ယာဉ်ရှေ့ခန်း တွင် ဆာလာအိတ်ဖြင့် ထည့်ထားသည့် ကျောက်စိမ်းအရိုင်းတုံး ခုနစ်တုံး၊ ဖရိန်သံပေါင် နှစ်ခုကြား ပြုလုပ်ထားသည့် အံဝှက်အတွင်းမှ ကျောက်စိမ်းအရိုင်း တုံး ၃၂ တုံး စုစုပေါင်း ကျောက်စိမ်းအရိုင်းတုံး အရွယ်စုံ ၅၅ တုံး၊ အလေးချိန် ၆၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း ၁၂၀ ခန့် သိမ်းဆည်းရမိ ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကျောက်စိမ်းတုံးများ တရားမဝင်သယ်ဆောင်လာ သူ စိုင်းမြင့်ဦးအား မူဆယ်ခရိုင် မူဆယ်မြို့ရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။ **သတင်း-စိုင်းရိုးသျှား၊ ဓာတ်ပုံ-စိုးမိုး (၁၀၅)မိုင်**

ဥပဒေရေးရာ

ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဥပဒေများအမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့

သိုက်ထွန်း (Lawyer)

ဗြိတိသျှတို့ မြန်မာပြည်ကို သိမ်းပြီးနောက် ကင်းဝန်မင်းကြီး ဦးကောင်း ပြုစုသောဓမ္မသတ် (၃၆) စောင်တွဲနှင့် (၃၄) စောင်တွဲကို အခြေခံ၍ တရားလွှတ်တော်၊ တရားရုံးချုပ်၊ ဗဟိုတရားရုံးများ၏ စီရင်ထုံးများဖြင့် လိုက်နာစေသော ဥပဒေပြုအဖွဲ့က ရေးသားပြဌာန်းခြင်းမဟုတ်သော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသာလျှင် မြန်မာ့ရိုးရာ ဥပဒေတစ်မျိုးသာဖြစ်ခြေ၏။ ကျန်သော ပြဋ္ဌာန်းဥပဒေများကို ဗြိတိသျှကိုလိုနီအစိုးရက ကျွန်နိုင်ငံဖြစ်သော မြန်မာပြည်၏ ဥပဒေစနစ်ကို အင်္ဂလိပ်ရိုးရာဥပဒေစနစ်ဖြင့် ပန္နက်ရိုက်ခဲ့ခြင်း ဖြစ်ပေသည်။

လူနှင့် ဥပဒေ

ဤဘဒ္ဒကမ္ဘာမြေပေါ်တွင် လူသားသည် ကမ္ဘာ့လေထုဝါယောဓာတ်၏ ဖိအားကိုလည်းကောင်း၊ ကမ္ဘာ့ပထဝီမြေထု၏ ဆွဲငင်အားကိုလည်းကောင်း ဖိစီးချည်တုပ်ခံထားရသကဲ့သို့ ဥပဒေအမျိုးမျိုး၏ စည်းနှောင်ခြင်းကိုလည်း ခံနေရသော သက်ရှိဖြစ်ပေသည်။

ဆင့်ကဲဖြစ်စဉ်အရ လူဝံ၏ ပျမ်းမျှဦးနှောက်ပမာဏသည် ၅၀၀ စီစီ (ကုဗစင်တီမီတာ)ရှိ၏။ လွန်ခဲ့သောနှစ်ပေါင်းတစ်သန်းခန့်က ဂျားဗားလူ JAVA HOMO ERECTUS ၏ ဦးနှောက်က ၉၀၀ စီစီ၊ ပီကင်းလူ၏ ဦးနှောက်က ၁၀၅၄ စီစီ၊ မျက်မှောက်ခေတ်လူသား Homo Sapiens ၏ ပျမ်းမျှဦးနှောက်သည် ၁၃၀၀+စီစီအထိ တစ်စစဖွံ့ဖြိုးခဲ့လေ၏။

ဒါကြောင့်လည်း ကမ္ဘာပေါ်ရှိ သက်ရှိများအကြား ဦးနှောက်အချိုးအစား ပိုမိုကြီးမားသော လူသားကိုသာလျှင် ဤဘဒ္ဒကမ္ဘာမြေပေါ်တွင် **"လူလည်ကျခွင့် လက်မှတ်"** ကို သဘာဝတရားကြီးက ရွေးချယ်ချီးမြှင့်ခဲ့ခြင်းပဲ ဖြစ်ပေလိမ့်မည်။

ဦးနှောက်အကြီးဆုံးလူသားသည် ကျောက်ဂူထဲမှ တရွေ့ရွေ့ထွက်လာခဲ့ပြီးနောက် မြို့ပြနိုင်ငံများထူထောင်လာသောအခါ ငွေကြေး၊ အာဏာ၊ ပုဂ္ဂလိကပစ္စည်း၊ လူမှုရေး၊ အိမ်ထောင်ရေး၊ နိုင်ငံရေးအတတ်ပညာ၊ သိပ္ပံပညာစသော နယ်ပယ်မျိုးစုံ၏ များပြားလှသော ရှုပ်ထွေးမှုများဖြင့် ခေတ်မီလိုသော ကိုယ်ဖော်သည့် ကိုယ့်ဆေးဖြင့် ရစ်ပတ်ခံရပြန်တော့၏။

ဒီတော့လည်း ဥပဒေပြုခွင့်ရသူတို့က အုပ်ချုပ်ခံများအပေါ်တွင် လူလူချင်း ဥပဒေမျိုးစုံပြဌာန်းရတော့၏။ ဥပဒေများကလည်း ဥပဒေပြုခွင့်ရသူတို့၏ စိတ်ကူး၊ ခေတ်၊ စနစ်၊ ဝါဒ၏ ဝသီဘော်အတိုင်း အရောင်မျိုးစုံပြောင်းကြရပြန်၏။ တစ်ဖက်တွင်လည်း အခြားသက်ရှိသတ္တဝါများနှင့် လုံးဝမတူဘဲ (၅၂)ပါးသော စေတသိက်တို့က လူ၏စိတ်ကို အရောင်ဆိုးသောကြောင့် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူသားအားလုံး၏ စိတ်တွင်ကောက်ကျစ်ခြင်း၊ ချစ်ခြင်း၊ မုန်းတီးခြင်း၊ လောဘ၊ ဒေါသ၊ မောဟစိတ်မျိုးစုံ စိတ်ကူးကွန့်သမျှ နောက်သို့ ဘာသာတရားမျိုးစုံနှင့်အတူ ဥပဒေများက နောက်ကလိုက်၍ ပြဋ္ဌာန်းရသည်မှာ အတောမသတ်တော့ချေ။ ဥပဒေဆိုတာ ပြင်ရမည့်အမျိုးအစားပါတကား။

ဥဒေအမျိုးအစားများ

မျက်မှောက်ခေတ် ကမ္ဘာ့ဥပဒေများကို မျိုးတူစုကြည့်ပါလျှင်

၁။ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေ (International Law & Municipal Law (သို့မဟုတ်) Jus Civile)

၂။ အများဆိုင် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ပုဂ္ဂလိကဆိုင် အပြည်ပြည်ဆိုင်ရာဥပဒေ (Public International Law & Private International Law (သို့မဟုတ်) Conflict of Laws)

၃။ ပြဋ္ဌာန်းဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေ (Statute Law & Customary Law (သို့မဟုတ်) Unwritten Law (သို့မဟုတ်) Lex Non Scripta)

၄။ အရင်းခံဥပဒေနှင့် လုပ်ထုံးဥပဒေ (Substantial Law & Procedural Law)

၅။ ပြစ်မှုဥပဒေနှင့် တရားမဥပဒေ (Criminal Law& Civil Law) ဟု ခွဲခြားနိုင်ပါမည်။

ယနေ့ကမ္ဘာတွင် ကျင့်သုံးသော ဥပဒေစနစ်များမှာ

၁။ အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်

(English Common Law System)

စီရင်ထုံးလိုက်နာသည့်စနစ် (Doctrine of Stare-decesis) ဖြစ်ပြီး ဗြိတိန်၊ ဩစတြေးလျ၊ ကနေဒါ၊ အစ္စရေး၊ ဆိုက်ပရပ်၊ ဟောင်ကောင်၊ နယူးဇီလန်၊ ပါကစ္စတန်၊ စင်ကာပူ၊ မလေးရှား၊ တောင်အာဖရိကနိုင်ငံများတွင် ကျင့်သုံးပါသည်။

၂။ ရောမ-ဂျာမန် ဥပဒေစနစ်

(Roman - Germanic Law System (သို့မဟုတ်) Civil Law System)

ဥရောပသမဂ္ဂ EU နိုင်ငံများတွင် (ဗြိတိန်မှလွဲ၍ ကျန် ၂၄ နိုင်ငံတွင် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ တရားရုံး I.C. J ကဲ့သို့ပင် စီရင်ထုံးလိုက်နာခြင်းမရှိဘဲ တစ်မှုချင်းဆုံးဖြတ်သည့်စနစ်ကိုကျင့်သုံးပါသည်။

၃။ အခြားဥပဒေစနစ်များ

ကွန်မြူနစ်၊ ဆိုရှယ်လစ်နိုင်ငံများမှ ဥပဒေစနစ်များဟု ခွဲခြားနိုင်ပါသည်။

မြန်မာပြည် ဥပဒေများ၏ ရေသောက်မြစ်

ဗြိတိသျှတို့ မြန်မာပြည်ကို သိမ်းပြီးနောက် ကင်းဝန်မင်းကြီး ဦးကောင်း ပြုစုသော ဓမ္မသတ် (၃၆)စောင်တွဲနှင့် (၃၄) စောင်တွဲကို အခြေခံ၍ တရားလွှတ်တော်၊ တရားရုံးချုပ်၊ ဗဟိုတရားရုံးများ၏ စီရင်ထုံးများဖြင့် လိုက်နာစေသော ဥပဒေပြုအဖွဲ့က ရေးသားပြဋ္ဌာန်းခြင်းမဟုတ်သော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသာလျှင် မြန်မာ့ရိုးရာ ဥပဒေတစ်မျိုးသာဖြစ်ခြေ၏။ ကျန်သော ပြဋ္ဌာန်းဥပဒေများကို ဗြိတိသျှကိုလိုနီအစိုးရက ကျွန်နိုင်ငံဖြစ်သော မြန်မာပြည်၏ ဥပဒေစနစ်ကို အင်္ဂလိပ်ရိုးရာဥပဒေစနစ်ဖြင့် ပန္နက်ရိုက်ခဲ့ခြင်းဖြစ်ပေသည်။

နှစ်ပေါင်း ၁၅၀ ကျော်က အာဏာသက်ဝင်ခဲ့ပြီး ယနေ့တိုင် မြန်မာပြည်တွင် လိုက်နာကျင့်သုံးနေရသော အသုံးများသည့် တည်ဆဲဥပဒေအချို့ကို ဖုန်ခါပိုးတောက်၍တင်ပြပါရစေ။

၁။ တရားရေးအရာရှိများကို ကာကွယ်သည့်အက်ဥပဒေ (၁၈၅၀ ခုနှစ်)

၂။ အိန္ဒိယရာဇသတ်ကြီးကိုဓ ဥပဒေ(ယခုပြစ်မှုဥပဒေ) (၁၈၆၀)

၃။ ပင်စင်အက်ဥပဒေ(၁၈၇၁)

၄။ ပဋိညာဉ်အက်ဥပဒေ(၁၈၇၂)

၅။ သက်သေခံအက်ဥပဒေ(၁၈၇၂)

၆။ သီးခြားသက်သာခွင့်အက်ဥပဒေ(၁၈၇၂)

၇။ ကျမ်းသစ္စာများအက်ဥပဒေ(၁၈၇၃)

၈။ မြေနှင့်အခွန်တော်အက်ဥပဒေ(၁၈၇၆)

၉။ မြန်မာပြည်အထွေထွေစကားရပ်များအက်ဥပဒေ(၁၈၉၈)

၁၀။ ရာဇဝတ်ကျင့်ထုံးကိုဓ ဥပဒေ(ယခုပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ) (၁၈၉၈)

၁၁။ တရားမကျင့်ထုံးဥပဒေ ကိုဓဥပဒေ(၁၉၀၈)

ယင်းဥပဒေအားလုံးကို အင်္ဂလိပ်တို့သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး သခင်အင်္ဂလိပ်လူမျိုးများ၏ အင်္ဂလန်နိုင်ငံတွင် ယင်းဥပဒေများကိုမူ လုံးဝမကျင့်သုံးဘဲ ခွဲခြားပြဋ္ဌာန်းထားလေ၏။

ဥပမာအားဖြင့် ဥက္ကဋ္ဌလော့မက္ကောလေး (Lord Macaulay)၊ မက္ကလော့နှင့် အက်ဒါဆင်တို့၏ အိန္ဒိယဥပဒေကော်မရှင်က အိန္ဒိယရာဇသတ်ကြီးကိုဓဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရာတွင် အင်္ဂလိပ်၊ အိန္ဒိယဥပဒေများအပြင် လူဝီဇယားနား ကိုဓဥပဒေ Living Stone's Louisiana Code နှင့် နပိုလီယံ ကိုဓဥပဒေ The Code of Napoleon တို့ကို အခြေခံပြီး ဥပဒေကြမ်းကို (၁၄-၁၀-၁၈၃၇) နေ့တွင် ဘုရင်ခံချုပ်မှတစ်ဆင့် အင်္ဂလန်ပါလီမန် ဥပဒေပြုကောင်စီကိုတင်သွင်းခဲ့ရာ (၆-၁၀-၁၈၆၀) နေ့တွင် စတင်အာဏာတည်ခဲ့ပြီး ယနေ့မြန်မာပြည်တွင် ပြစ်မှုဆိုင်ရာဥပဒေအဖြစ် ဆက်လက်ကျင့်သုံးနေဆဲ ဥပဒေဖြစ်လေသတည်း။

သက်သေခံအက်ဥပဒေဆိုသည်မှာ လက်တင်ဘာသာ(Evidens Evidera) မှ ဆင်းသက်လာခဲ့ပြီး စတီဗင်(နောင်အခါ Sir James Fitz-James) က ဥပဒေကြမ်း ရေးဆွဲခဲ့၍ ဗြိတိန်ပါလီမန်က အိန္ဒိယအက်ဥပဒေ အမှတ် (၁/၁၈၇၂) တွင် ပြဋ္ဌာန်းခဲ့ရာ ယနေ့အထိ မြန်မာပြည်တရားခွင်က ပြစ်မှု၊ တရားမမှုအားလုံးတွင် အလေးထား ဆက်လက်ကျင့်သုံးလိုက်နာနေရဆဲ ဥပဒေမဟုတ်ပါလား။

ပကတိအရှိတရားအရ လွတ်လပ်ရေးရပြီး (၆၇)နှစ်အထိ မြန်မာပြည်သည် နှစ် ၁၅၀ ကျော်က ဗြိတိသျှကိုလိုနီ ဥပဒေဟောင်းများ၏ ချည်နှောင်မှုမှ မလွတ်နိုင်သေးချေ။

ထို့အတူ အောက်ရုံးများက ဥပဒေသဖွယ် လိုက်နာကြရသော စီရင်ထုံးများကိုစွကိုလည်းရှုပါ။ ၁၈၇၂ ခုနှစ် အောက်မြန်မာပြည် ရွေးချယ်စီရင်ထုံးများ (S.J.L.B) မှစ၍ ၁၉၇၁ ခုနှစ်အထိ အင်္ဂလိပ်ဘာသာဖြင့် နှစ်စဉ်ထုတ်ဝေခဲ့သော စီရင်ထုံးများကလည်း ဗီရိုပေါင်းမြောက်မြားစွာတွင် စာရွက်များနှင့် သရေဖုံးများကို ပိုးစားလျက်၊ ၁၇၈၂ ခုနှစ်မှစ၍ မျက်မှောက် ၂၀၁၃ ခုနှစ် ကာလအထိ စီရင်ထုံးအချင်းချင်းလွှမ်းမိုးခြင်း (case Overruled)၊ ရည်ညွှန်းခြင်း (case Reffered)၊ လိုက်နာခြင်း (case Followed)၊ မလိုက်နာခြင်း (case Dissented)၊ ထူးခြားသော (case distinguished) များမှာ ရှင်းမရနိုင်လောက်အောင် နှစ်ချီ၍ ရှုပ်ထွေးခဲ့ချေပြီ။

ယခုအခါ ဈေးကွက်စီးပွားရေး၊ နိုင်ငံခြားတိုက်ရိုက်မြှုပ်နှံမှု၊ အာဆီယံနှင့် FTA လွတ်လပ်သော ကုန်သွယ်ဧရိယာ၊ တရုတ်ပြည်နှင့် သီးခြားစာချုပ်များဖြင့် တံခါးဖွင့်စီးပွားရေးကာလဖြစ်ရာ တရားစီရင်ရေးမဏ္ဍိုင်နှင့် ဥပဒေပြဋ္ဌာန်းရေးမဏ္ဍိုင်များတွင် ကိုယ်ခံဓာတ်ကောင်းဖို့ လိုနေပါသည်။ ခေတ်မီဖွံ့ဖြိုးသော ပြည်တွင်းဥပဒေများ အမြန်ဆုံးသစ်လွင်ရန် လိုအပ်ပါသည်။

အနိမ့်ဆုံးစံနှုန်းအားဖြင့်ဉာဏပစ္စည်းကုန်အမှတ်တံဆိပ် ဥပဒေ(Trademark Law)၊ တရားမနစ်နာမှု ဥပဒေ (Law of Tort)၊ အခွင့်အမိန့်အရနေသူအား နှင်ထုတ်လိုမှုဥပဒေများ လုံးဝမရှိသေးသည်ကို အမြန်ဆုံးအသစ်ပြဋ္ဌာန်းပေးထိုက်ပါသည်။

ကုလသမဂ္ဂ စံနှုန်းညွှန်ပြရသော UNCITRAL MODEL LAW ၂၀၀၆ နှင့်အညီ ခုံသမာဓိနည်းဖြင့် ဖြေရှင်းခြင်းဥပဒေ (Law of Arbitration) အသစ်ကိုလည်း အိမ်နီးချင်းနိုင်ငံများကဲ့သို့ အမြန်ပြဋ္ဌာန်းပေးထိုက်ပါပြီ။

ရွှေလမ်းနှစ်သွယ်

ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်တွင်းဥပဒေအားလုံး၏ ဦးသျှောင်ဥပဒေ (The Guardian of the Laws) ဖြစ်ပါသည်။ တည်ဆဲဥပဒေအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မလွဲမသွေ ညီညွတ်ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မြန်မာစာကိုသာရုံးသုံးဘာသာအဖြစ် ပြဋ္ဌာန်းထားပါသည်။ အင်္ဂလိပ်ဘာသာကို ဒုတိယရုံးသုံးဘာသာအဖြစ် ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့ဖြစ်ရာ

၁။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ဘက်ဖြစ်သော မျက်နှာဖြူနယ်ချဲ့ အင်္ဂလိပ်ဥပဒေများနှင့် အင်္ဂလိပ်ဘာသာစီရင်ထုံး အဟောင်းအမြင်းဟူသမျှကို မျိုးချစ်စိတ်ဖြင့် လုံးဝဖျက်သိမ်းလျက် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် မြန်မာစာဖြင့် အသစ်ရေးဆွဲသောဥပဒေသစ်များကို ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံဥပဒေပုဒ်မ-၈၀ (ဂ) နှင့်(ဃ)အရ ပြဋ္ဌာန်း၍ အဟောင်းများကိုအသစ်ဖြင့် အမြန်ဆုံးအစားထိုး (Superseding) ထိုက်ပါသည်။

၂။ စက်တင်ဘာလ ၂၀၁၄ ခုနှစ်နေ့အထိ မြန်မာပြည်တွင်တည်ရှိဆဲ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းဆဲဥပဒေပေါင်း ၂၂၄ ခုကိုလည်းကောင်း၊ ၁၈၇၂ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ အင်္ဂလိပ်ဘာသာဖြင့် ထုံးဖွဲ့ထားသော စီရင်ထုံး အားလုံးကို တစ်ပြေးညီသုတ်သင်တည်းဖြတ်၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်က မြန်မာဘာသာသို့ပြန်ဆိုလျက် တည်ရှိဆဲမြန်မာဘာသာဖြင့် ရေးသားထားသော ဥပဒေ(၆၄၃)ခုနှင့် တစ်စုတည်းပေါင်းစုလျက် ဌာနဆိုင်ရာအားလုံးရှိ တည်ဆဲလက်စွဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများကိုလည်း ထည့်သွင်းစေလျက် မြန်မာပြည်၏တည်ရှိဆဲ ဥပဒေပေါင်းချုပ် CODIFICATION အဖြစ် ဈေးနှုန်းအရှုံးခံ၍ ပြည်သူများ လက်သို့အချိန်နှင့်တစ်ပြေးညီ ဥပဒေစုစုပေါင်း ၈၆၇ ခုနှင့် ဥပဒေအားလုံးကို အမြန်ဆုံးဖြန့်ဖြူးရောင်းချပေးသင့်ပါသည်။

ထိုရောအခါ ဤဥပဒေပေါင်းချုပ်ကို ထုတ်ပြန်ပေးလိုက်ပါလျှင် ဥပဒေကို မသိနားမလည်၍ ကျူးလွန်မိပါသည်ဟုဆိုလျှင် ခွင့်လွှတ်၍မရဟူသော IGNORANTIA JURIS NON EXCUSAT ဥပဒေအရ ပိုမို၍အေးချမ်းတည်ငြိမ်ပါလိမ့်မည်။

ထိုရောအခါ ရည်ညွှန်းကိုးကားစံပြုအပ်သော တရားစီရင်ထုံးများဖြင့် ကျမ်းမျိုးစုံ၍ ဉာဏ်ဟုန်ပြင်းသဖြင့် မြန်မာ့တရားစီရင်ရေးစနစ်သည် ကမ္ဘာလွှမ်းပါလိမ့်မည်ဧကန်တည်း။

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယန်ဟိုလန်အား ယနေ့နံနက် ၁၁နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Mr. Wang Jingbo လည်း တက်ရောက်သည်။

(သတင်းစဉ်)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာဆောင်ရွက်

နေပြည်တော် မတ် ၁၄

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပပြီး တက်ရောက်လာကြသည့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ အကြံပြုချက်များကို ကြားနာခဲ့သည်။

ဥပဒေကြမ်းကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး ဦးကြည်နှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး အရပ်ဘက်အဖွဲ့အစည်းလေးခုမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးအကြံပြုခဲ့ကြသည်။

ထိုသို့ကြားနာဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ကြားနာခြင်းနှင့်စပ်လျဉ်း၍ ကျင်းပခဲ့သည့် ရည်ရွယ်ချက်များနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဆိုင်ရာများ၊ အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်းသည့် ဥပဒေရေးဆွဲရေးဆိုင်ရာ အကြောင်းအရာများအပေါ် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီအတွင်းရေးမှူး ဦးစောရွှေလင်း၊ ရခိုင်သဟာယအသင်း အလုပ်အမှုဆောင် ဒေါက်တာစံလှကျော်၊ နာရေးကူညီမှုအသင်း(ရန်ကုန်) ပညာရေးအကြံပေး ဒေါ်နီလာ ဘာရာဒွာဂျာနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ ပရိုဂရမ် ဒါရိုက်တာ ဦးနေလင်းစိုးတို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မိမိတို့ အဖွဲ့အစည်း၏ သဘောထားအမြင်များ၊ အတွေ့အကြုံများအပေါ် အခြေခံ၍ ဆွေးနွေးအကြံပြုကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ရှားပါးအရေပြားဝေဒနာရှင်မောင်နှမ ဆေးကုသမှုခံယူရန် မန္တလေးသို့ရောက်ရှိ

မန္တလေး မတ် ၁၄

မကွေးတိုင်းဒေသကြီး ကန်တော်ကျေးရွာမှ ရှားပါးသည့် အရေပြားဝေဒနာခံစားနေရသည့် မအိအိဖြိုး (၁၅ နှစ်)နှင့် မောင်ရှိုင်းဝဏ္ဏ (၁၁ နှစ်)တို့ မောင်နှမနှစ်ဦးသည် ဆေးဝါးကုသမှုခံယူရန် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီး ဖျားနာကုသဆောင်(၁)သို့ မတ် ၁၃ ရက် မွန်းလွဲပိုင်းက ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါမောင်နှမတွင် မောင်ရှိုင်းဝဏ္ဏသည် အရေပြားရောဂါကို ရက်သားဘဝက စတင်ခံစားခဲ့ရခြင်းဖြစ်ပြီး အရေပြားများ အမြဲခြောက်သွေ့ကာကွာကျလျက်ရှိပြီး ပူအိုက်သည့်ရာသီများတွင် အပူဒဏ်ကို ပြင်းထန်စွာ ခံစားရသဖြင့် ရေဖြင့်အဆက်မပြတ် စိုစွတ်အောင် ဆောင်ရွက်ပေးနေရကြောင်း သိရသည်။

ကလေးများ ရောဂါဝေဒနာခံစားနေရခြင်းကို လူမှုကွန်ရက်များမှ တစ်ဆင့် သိရှိရသဖြင့် ပန်းပျိုးသူများ ပရဟိတအသင်း(မန္တလေး)က ဆက်သွယ်ကာ ရွာအရောက် သွားရောက်ခေါ်ယူပြီး ယခုကဲ့သို့ ကုသမှု ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဤကဲ့သို့ဖြစ်ရခြင်းမှာ မွေးရာပါ အာဟာရဓာတ်တစ်မျိုး ချို့ယွင်းမှုကြောင့်ဖြစ်နိုင်ပြီး ခံစားနေရသော ရောဂါများ လုံးဝပျောက်ကင်းစေရန်နှင့် အခြားသော အင်္ဂါအစိတ်အပိုင်းများသို့ ကူးစက်ပြန့်ပွားခြင်းမဖြစ်စေရန် စနစ်တကျ ရောဂါရှာဖွေကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့တွင် မွေးချင်း ခြောက်ဦးရှိပြီး ရောဂါခံစားနေရသူနှစ်ဦးသည် အငယ်ဆုံးနှစ်ဦးဖြစ်ကြောင်း၊ မိခင်ဖြစ်သူ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ဖခင်ဖြစ်သူသည် အဝေး၌ လုပ်ငန်းလုပ်ကိုင်နေရသူဖြစ်ကြောင်း အဆိုပါ မောင်နှမအတွက် ကူညီလှူဒါန်းလိုပါက ကိုဝမ်း ပန်းပျိုးသူများ ပရဟိတအသင်း(မန္တလေး-ဖုန်း-၀၉-၂၅၃၆၄၄၄၅၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

အေးမြ(မန္တလေး)

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

☆ ကျောဖုံးမှ

ထို့အပြင် ကိုးကန့်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နိုင်သည့်နေရာများကို တပ်မတော်စစ်ကြောင်းများနှင့် လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် လောက်ကိုင်မြို့ ရွှေစင်မြို့သစ်ရှိ အဆောက်အအုံအတွင်းမှ MNDAA ဘက်တံဆိပ်ပါ စစ်စိမ်းရောင် ယူနီဖောင်းတစ်စုံ၊ စစ်စိမ်းရောင် အနွေးထည် အရှည် တစ်ထည်၊ စစ်စိမ်းရောင် ယူနီဖောင်း (ဘက်မပါ) လေးစုံ၊ ကြယ်သုံးပွင့် အဆင့်တံဆိပ်ပါ ယူနီဖောင်းအင်္ကျီ တစ်ထည်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ

တိုက်ပွဲရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့ငွေပေးအပ်

မိုးမိတ် မတ် ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် လွယ်ဆာကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာ တိုက်ပွဲရှောင်ပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၁၂ ရက် နံနက် ၁၁ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းငွေကျပ် ၁၂၄၇၇၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်းက ပေးအပ်လှူဒါန်းခဲ့ရာ ရွှေညောင်ပင်ကျေးရွာနေ ဦးကျော်နိုင်က လက်ခံယူခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

*** ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဆိုပါကျောင်းတိုက်၌ ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းနှင့်စပ်လျဉ်း၍ ဒေသခံများ၏ သဘောထားအမြင်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ လူမှုစီးပွားရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအပေါ် မေးမြန်း ဆွေးနွေးကာ လိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆုတောင်းပြည့် အောင်ချမ်းသာစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး တွံတေးမြို့နယ် ကသပေါင်းရွာအနီး ပန်းလှိုင်မြစ် (ပေတိုင် - ၈၂ + ၅၀၀ ပေ) ပြန်လည်တူးဖော်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရာ အသက်(၉၄)နှစ်အရွယ်ရှိ ဒေသခံ ဦးအောင်စိန်က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသောကြောင့်ကျေးရွာ ဖွံ့ဖြိုးမှုရရှိတော့မည်ဖြစ်၍ ဝမ်းမြောက်ကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက တစ်နှစ်ကိုသုံးသီး စိုက်ပျိုးနိုင်တော့မည်ဖြစ်၍ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ကလေးများကို ပညာတတ်များဖြစ်အောင် သင်ကြားပေးရန်လိုကြောင်း၊ ပညာတတ်မှ စဉ်းစားချင့်ချိန်နိုင်ရုံမက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယခု ကသပေါင်းကျေးရွာတွင် အထကကျောင်းများဖွင့် လှစ်ထားနိုင်၍ပညာ တတ်များပေါ်ထွက်ရန် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တိုင်းပြည်ကြီးပွား တိုးတက်ရေးအတွက် ပညာတတ်များလို ကြောင်း၊ ဤပန်းလှိုင်မြစ် ပြန်လည်တူးဖော်ခြင်း စီမံကိန်းကြောင့် ကျေးရွာချင်းဆက် လမ်းပန်းဆက်သွယ်ရေးပါများစွာ အကျိုးကျေးဇူးဖြစ်ထွန်းလာခဲ့ကြောင်း၊ နွေစပါး မိုးစပါးများစိုက်ပျိုးရာတွင် ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးသွားပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အချက်အချာကျသောနေရာများတွင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်ပေးထားပြီးဖြစ်၍ တစ်ဦးချင်းနှင့် ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျေးရွာအတွင်း တရားဥပဒေစိုးမိုးရေးရရှိပြီး လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးများကင်းစင်မှသာ ရပ်ရွာအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် ရပ်မိ ရပ်ဖများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းစီမံကိန်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လှိုင်သာယာမြို့နယ်ရှိ ပန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွံတေးမြို့နယ် ကသပေါင်းရှင်းလင်းဆောင်တွင် ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

လှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးစီမံကိန်း ရေလယ်ရှူရပ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစတင် ဆောင်ရွက်မှု၊ မိုးတွင်းကာလတွင် လှေများ၊ သင်္ဘောများသွားလာနိုင်မည့်အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ထန်းတပင်၊ တွံတေးမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာ (၁၀၀)ကျော်ရှိ ပြည်သူလူထုများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အခြေအနေ၊ စီမံကိန်းနှင့်အတူ ရေထိန်းတံခါးကြီး (၉) ခု နှင့် ထပ်မံတည်ဆောက်မည့် (၅) ခု၊ စုစုပေါင်း (၁၄)ခုရှိကြောင်း၊ ရေတံခါးပေါက်များလည်း ပါဝင်မည်ဖြစ်၍ နှစ်စဉ်ရေမြုပ် ဧက ၁၂၀၀၀၀ ကျော်တွင် ထိထိရောက်ရောက် စိုက်ပျိုးဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ကျေးရွာချင်းဆက်သံမဏိသံပေါင် တံတားလေးစင်း၊ သစ်သားတံတားနှစ်စင်းကိုလည်း စီမံကိန်းပြီးစီးမှုနှင့်အပြိုင် တည်ဆောက်နိုင်မည်ဖြစ်၍ ရေလမ်းအပြင် အမာခံမြေသားလမ်းပါ သွားလာနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်း ရေရှည်တည်တံ့နိုင်ရေးအတွက်လည်း ရေတံခါးများ ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က နယ်သာလန်နိုင်ငံ၏ နည်းပညာပံ့ပိုးမှုဖြင့် ပန်းလှိုင်မြစ်နှင့် လှိုင်မြစ်ဆုံရာ ပန်းလှိုင်ရေတံခါး ဒီဇိုင်းရေးဆွဲမှုလုပ်ငန်းအပါအဝင် အသေးစိတ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက စီမံကိန်းနှင့်ဆက်စပ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပန်းလှိုင်မြစ်ပြန်လည်တူးဖော်ရေး စီမံကိန်းပြီးစီးမှုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သိပ္ပံနည်းကျခေတ်မီစိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဇုန်ကြီးများကိုလည်း တစ်ပါတည်း တိုးချဲ့ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အတူ အော်ဂဲနစ်သီးနှံစိုက်ပျိုးရေးဇုန်များ၊ အော်ဂဲနစ် မွေးမြူရေးဇုန်များကို အမှန်တကယ် လုပ်ကိုင်နိုင်သူများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလားတူ နိုင်ငံတကာမြို့ပြများရှိ မြစ်ကမ်းဘေး ဝဲ/ယာ တစ်လျှောက်တွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်လေ့ရှိသည့်နည်းတူ ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက်တွင်လည်း မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ တစ်ပါတည်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပန်းလှိုင်မြစ်ကူးတံတားမှတစ်ဆင့် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပန်းလှိုင်မြစ်ကောဇကေ ၁၄၀ အား ဟင်းသီးဟင်းရွက်ဇုန် ဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့်နွေစပါး စိုက်ပျိုးရေရရှိရန်ရည်ရွယ်၍ ဒေသခံပြည်သူလူထုအတွက် လက်ငင်းအကျိုးကျေးဇူးရရှိနိုင်မည့်အပြင် ရေရှည်အကျိုးရှိစေရန် နိုင်ငံတော်သမ္မတက စီမံကိန်း အကောင်အထည်ဖော်ရန် လမ်းညွှန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပန်းလှိုင်မြစ်သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းပြီး ရှေးယခင်က ပန်းလှိုင်ဂေါက်ကွင်းနေရာအထိ နှစ်ထပ်သင်္ဘောများ ဝင်/ထွက်သွားလာနိုင်ခဲ့သော်လည်း ယခုအခါ ဧရာဝတီတိုင်းဒေသကြီးတွင် မဲဇလီဒေသမှ အုန်းပင်စုရွာအထိသာ ရေရောက်ရှိပြီး ထိုနေရာမှ ခတ္တိယရွာအထိ တိမ်ကောလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လှိုင်မြစ်ဝမှ ကင်းရွာအထိသာရေရောက်ရှိပြီး ကင်းရွာအထက်ပိုင်း ပန်းလှိုင်မြစ်ကြောင်းမှာ ရေစီးဆင်းမှုမရှိ၍ ပိတ်ဆို့လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် ပန်းလှိုင်မြစ်ပြန်လည်တူးဖော်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် ဧပြီလ ၁၂ရက်နေ့တွင် မြေပြင်တိုင်းတာခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် အကြိုတည်ဆောက်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ စက်ယာဉ်ယန္တရားပေါင်း ၃၄၉ စီးဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့၍ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၈ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ယခုနှစ် မေလကုန်တွင် စီမံကိန်းတစ်ရပ်လုံး အောင်မြင်ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။

ပန်းလှိုင်မြစ်ကြောင်းစီမံကိန်းလုပ်ငန်းများမှာ ဧရာဝတီတိုင်းဒေသကြီး မဲဇလီဒေသမှ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်ဝအထိ အရှည် ၃၄ မိုင်ရှိပြီး စီမံကိန်းပြီးစီးပါက ဧရိယာပေါင်း ၁၂၀၁၆၄ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေစပါးစိုက်ပျိုးရေရရှိနိုင်မည်ဖြစ်သည်။ အလားတူ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ စိုက်ပျိုးရေးကောင်းမွန်ခြင်း၊ တံငါလုပ်ငန်းများဖြင့် အသက်မွေးနိုင်ခြင်း စသည်တို့ကြောင့် မြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာအုပ်စု ၃၅ အုပ်စုမှ ဒေသခံ အိမ်ထောင်စု ၂၀၈၃၃ တို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့သွားနိုင်တော့မည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တွံတေးမြို့နယ် ရေစို-ကသပေါင်း သံမဏိသံပေါင်တံတား ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပ

ပုသိမ် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် ပုသိမ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် မြန်မာ့အသံချစ်သူများအဖွဲ့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက မြန်မာ့အသံကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစပြီး ဗမာ့အသံ Burma Broadcasting Service (BBS) အမည်နှင့် ထုတ်လွှင့်ခဲ့ပြီး ယခုအခါ မြန်မာ့အသံ၏ သက်တမ်းသည် ၆၉ နှစ်ရှိပြီဖြစ်ကြောင်း၊ စတင်ထုတ်လွှင့်ချိန် ကတည်းက ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် ဦးတည်ချက် (၃)ရပ်ထားရှိ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ပြည်လမ်းအသံလွှင့်ရုံသစ်ကြီးဆောက်လုပ်ပြီးသွားသည့်အချိန်၌ မြန်မာ့အသံ၏ အစီအစဉ်များကို ပြည်လမ်းအသံလွှင့်ရုံမှ ထုတ်လွှင့်ခဲ့ကြောင်း၊ မြန်မာပိုင်းအစီအစဉ်များအပြင် အင်္ဂလိပ်ပိုင်းအစီအစဉ်နှင့် ကချင်၊ ကယား၊ စကောကရင်၊ ပိုးကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားရှစ်ဘာသာကိုလည်း ထုတ်လွှင့်ခဲ့ပါကြောင်း၊ ၂၀၀၈ ခုနှစ် မတ် ၁၆ ရက်တွင် မြန်မာ့အသံ (ရေဒီယို)နှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို နေပြည်တော်သို့ ပြောင်းရွှေ့ပြီး မြန်မာ့အသံရေဒီယိုကို “နေပြည်တော်” မြန်မာ့အသံ ဆိုသည့်အမည်နှင့် ထုတ်လွှင့်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပြည်သူလူထုအား ပိုမိုဝန်ဆောင်မှုပေးသည့် မြန်မာ့အသံကို တစ်နေ့ ၁၈ နာရီကြာ အချိန်တိုးမြှင့်ထုတ်လွှင့်ခဲ့ပါကြောင်း၊ မြန်မာ့အသံ(ရေဒီယို) အစီအစဉ်နှင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို MRTV Website တွင် တင်ထားပါကြောင်း၊ ရေဒီယိုအစီအစဉ်များကို Online မှ နားဆင်နိုင်ရန်အတွက် MRTV Radio Station အမည်နှင့် Live Streaming ထုတ်လွှင့်ပေးလျက်ရှိပြီး Facebook စာမျက်နှာပေါ်တွင်လည်း မြန်မာ့အသံ၏ သတင်းများ၊ အစီအစဉ်များကို နားဆင်နိုင်ပါကြောင်း၊ Mobile Phone များတွင်လည်း မြန်မာ့အသံရေဒီယို အစီအစဉ်ကို နားဆင်နိုင်ပါကြောင်း၊ မြန်မာ့အသံ၏ ထုတ်လွှင့်ချက်များကို အသံကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိနိုင်စေရန်အတွက် FM Radio လွှင့်စက်များ တိုးချဲ့တပ်ဆင် ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် FM စက်ရုံ ၁၉ ရုံနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် FM လွှင့်စက်ရုံ ၃၅ ရုံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် FM စက်ရုံ ၅၀ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရေဒီယိုတိုင်းရင်းသားအစီအစဉ်များကို ကချင်၊ ကယား၊ ကယန်း၊ ဂေခို၊ ဂေဘား၊ စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ချင်း(ချိုး)၊ ချင်း(လိုင်ဇိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကိုးကန့်၊ ‘ဝ’၊ ဓနုပအိုဝ်း စုစုပေါင်း ၁၇ ဘာသာနှင့် ထုတ်လွှင့်လျက် ရှိပါကြောင်း၊ Radio Fan Club အဖွဲ့ဝင်များအနေဖြင့် မြန်မာ့အသံက ထုတ်လွှင့်နေသည့် အစီအစဉ်များအပေါ် ပွင့်ပွင့်လင်းလင်း ဝေဖန်အကြံပြုပေးခြင်း၊ ဒေသဆိုင်ရာသတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်နိုင်ရန် ရယူစုဆောင်းပေးပို့ခြင်း၊ လိုအပ်သည့်အစီအစဉ်များတွင် လိုအပ်သလို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းများ ကူညီပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါကြောင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားသည် အထူးလိုအပ်လှသဖြင့် မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ အပါအဝင် သောတရှင်မိဘပြည်သူများက စိတ်ရောကိုယ်ပါ အားပေးကူညီပူးပေါင်းပါဝင်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကချင်ပြည်နယ် မြစ်ကြီးနားမှ မြန်မာ့အသံချစ်သူ အဖွဲ့ဝင် မောင်ပြုံးမြင့်အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရင်ဦး (ဒလ)အားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ သတင်းထောက်များကိုယ်စား ပုသိမ်လှကြည်အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ဆက်လက်၍ MRTV ၏ ပြည်သူ့ဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်ပေးနေမှုနှင့် အသံလွှင့်ဌာနခွဲ၊ မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများကို ဗီဒီယိုများဖြင့် တင်ဆက်ပြသသည်။ ယင်းနောက် မြန်မာ့အသံဝန်ထမ်းများနှင့် အနုပညာရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတနှင့်အတူ တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး နေ့လယ်ပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးက အခမ်းအနားတက်ရောက်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများပေးအပ်၍ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

✲ *ကျောဖုံးမှ*

အခမ်းအနားတွင်မြေအသုံးချမှု စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် မြေကိစ္စရပ်များကို ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်ကို လုပ်ငန်းတာဝန်များ သတ်မှတ်ပေးကာ မြေသိမ်းဆည်းမှုဆိုင်ရာ ပြဿနာများကို အလျင်အမြန် ပြီးပြတ်နိုင်ရေး အလေးထားဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ရာတွင် ကောင်းမွန်သော အုပ်ချုပ်ရေး၏ သွင်ပြင်လက္ခဏာ တစ်ရပ်ဖြစ်သည့် ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းကို ဖော်ဆောင်သည့်အနေဖြင့် အခြေခံအကျဆုံး ဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီတွင် ရပ်မိ/ရပ်ဖဖြစ်သည့် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌနှင့် တောင်သူလယ်သမားကိုယ်စားလှယ်ဖြစ်သည့် လယ်ယာကုန်ထုတ် သမဝါယမအသင်းများမှ ကိုယ်စားလှယ်တို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်း ဖွဲ့စည်းခဲ့ပါကြောင်း၊ အလားတူ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီတွင်လည်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခဲ့ပါကြောင်း။

ထို့အပြင် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ၂၈-၂-၂၀၁၄ ရက်နေ့ပေးပို့ခဲ့သည့် သဝဏ်လွှာတွင် **"မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်၌ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသော မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီအသီးသီးတွင် သက်ဆိုင်ရာ မြို့နယ်အလိုက် ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူတို့ မနစ်နာစေရန် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဆောင်ရွက်နေမှုအား အထောက်အကူပြုစေမည့် အပြင် ပကတိ အခြေအနေမှန်ကိုလည်း လွှတ်တော်များက အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်ပါ၍ စီစဉ်ပေးနိုင်ပါရန်"** တိုက်တွန်းထားခဲ့ပါကြောင်း။

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် အစီရင်ခံစာ အပိုင်း အသီးသီးပါ မြေသိမ်းဆည်းမှုပြဿနာများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ရာတွင် လျင်မြန်ချောမွေ့စေရေးအတွက် မူဝါဒများ ချမှတ်နိုင်ရန်နှင့် လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရန် လုပ်ငန်းညွှန်ကြားချက် အစည်းအဝေးများကို အကြိမ်ကြိမ် ကျင်းပခြင်း၊ မြေပြင်တွင် မြေကိစ္စများ ရှင်းလင်းဆောင်ရွက်နေကြသည့် သက်ဆိုင်ရာ ကော်မတီအဆင့်ဆင့်အား ထိတွေ့နိုင်ရန်နှင့် ပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများ လက်ဝယ်သို့ ပေးအပ်ရာတွင် မြေလက်ခံရယူကြသည့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နိုင်ရန်အတွက် တိုင်းဒေသကြီး / ပြည်နယ်များသို့ ကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီ အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်မှ မြေကိစ္စများအပေါ် စိစစ်ဖြေရှင်းဆောင်ရွက်ရာတွင် လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်စေရေးအတွက် လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်ရန် မူဝါဒ (၅)ရပ်နှင့် လုပ်ငန်းစဉ်(၄)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့အထိဆိုလျှင် ပြည်ထောင်စုလွှတ်တော်မှပေးပို့လာသည့် စိစစ်ဖြေရှင်းရန် အမှုတွဲပေါင်း ၁၃၆၃၂ မှု ရှိပါကြောင်း။

အစိုးရအဖွဲ့အစည်းအဆင့်ဆင့်သို့ သီးခြားတင်ပြတိုင်ကြားလာသော တိုင်ကြားစာအရေအတွက်မှာ ၂၁၂၃ စောင်ရှိပြီး သက်ဆိုင်ရာ မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ စိစစ်ဖြေရှင်း ဆောင်ရွက်စေလျက်ရှိပါကြောင်း။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်း အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယက ထံသို့ (၂၅-၆-၂၀၁၄)နေ့တွင် သဝဏ်လွှာပေးပို့ခဲ့၍လည်းကောင်း၊ ပြန်လည် စွန့်လွှတ်မြေများအား သက်ဆိုင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှု အခြေအနေကို (၁၉-၁၂-၂၀၁၄) နေ့တွင် ထုတ်ဝေသော နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်းဖြင့်လည်းကောင်း၊ (၁၇-၂-၂၀၁၅)နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၅) ရက်မြောက်နေ့တွင် ရှင်းလင်းတင်ပြခြင်းဖြင့်လည်းကောင်း ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူလူထုထံသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

ပြန်လည်စွန့်လွှတ်မြေများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်မှပေးပို့သည့် အစီရင်ခံစာအပိုင်းများတွင် ပါရှိသည့် ပြန်လည်စွန့်လွှတ်သည့်မြေများအပြင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီ အဖွဲ့အစည်းများမှ သီးခြားပြန်လည် စွန့်လွှတ်မြေများကိုလည်း သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်လျက်ရှိပါကြောင်း။

မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့် အနေဖြင့်လည်း ပြန်လည်စွန့်လွှတ်မြေများတွင်ပါဝင်သည့် လယ်ယာမြေများအား တောင်သူများထံသို့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ဖြင့်လည်းကောင်း၊ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် စားကျက်မြေ၊ သစ်တောမြေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းစသည့် မြေများတွင် ပါဝင်နေသည့် စိုက်ပျိုးမြေများကိုလည်း အမှန်တကယ် လုပ်ကိုင်နေသည့် တောင်သူများထံ ယာယီပုံစံဖြင့်လည်းကောင်း ပြန်လည်လွှဲပြောင်းပေးအပ်ထားခဲ့ပါကြောင်း၊ ထို့အပြင် စိုက်ပျိုးမြေ မဟုတ်သော အခြားမြေများကိုလည်း သက်ဆိုင်သူ ပုဂ္ဂလိက၊ အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ထားပြီး လွှဲပြောင်းပေးအပ်ရန် ကျန်ရှိမြေများအား စိစစ်ဆဲဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ဖြေရှင်းပေးရမည့် မြေယာအငြင်းပွားမှုများသည် ပမာဏအားဖြင့် များပြားလှပါကြောင်း၊ ဖြေရှင်းဆောင်ရွက်မှု လုပ်ငန်းအပိုင်းများမှာ နှောင့်နှေးကြန့်ကြာမှုများနှင့် ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်အတွင်းမှလည်းကောင်း၊ လွှတ်တော်ပြင်ပမှလည်းကောင်း မိမိတို့အစိုးရအပေါ် အပြုသဘောဖြင့် ထောက်ပြဝေဖန်မှုများကိုလည်းကြိုဆိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြေကိစ္စများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနေမှုများတွင် လက်ရှိအခြေအနေထက် ပိုမိုထိရောက် ကောင်းမွန်၍ လွယ်ကူရှင်းလင်းမည့် လုပ်ငန်းစဉ်များ ထပ်မံ ဖြည့်စွက်ဆောင်ရွက်နိုင်ရန်နှင့် မြေသိမ်းဆည်းခံရမှုများကြောင့် အမှန်တကယ်နစ်နာဆုံးရှုံးခဲ့ကြသည့် ပြည်သူများအတွက် ရသင့်ရထိုက်သည့် ပြန်လည်စွန့်လွှတ်မြေများ (သို့မဟုတ်) လျော်ကြေးငွေများအား သက်ဆိုင်သူများလက်ဝယ် အမြန်ပြန်လည်ပေးအပ်ရာတွင် နှောင့်နှေးကြန့်ကြာနေသည့် အတားအဆီးအခက်ခဲများကို ဖြေရှင်းကျော်လွှားနိုင်မည့် နည်းလမ်းကောင်းများကို ဖော်ထုတ်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်နှင့် ယခုလိုတွေ့ဆုံ ဆွေးနွေးပွဲကို စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယနေ့ကာလတွင် နိုင်ငံတော်ပိုင်ဖြစ်သည့် သစ်တောမြေ၊ မြေလွတ်မြေရိုင်းများ၊ လမ်းမကြီးနယ်နိမိတ်များ စသည့်မြေများပေါ်တွင် တရားမဝင် ကျူးကျော်နေထိုင်မှုများရှိလာသည့်အပြင် အများပြည်သူပိုင် လယ်မြေ၊ ယာမြေနှင့် စားကျက်မြေများ၊ အစိုးရဌာနဆိုင်ရာ မြေများပေါ်မှာလည်း တရားမဝင်ကျူးကျော်နေထိုင်မှုများ နယ်မြေအသီးသီးမှာ ရှိလာသည်ကို တွေ့ရပါကြောင်း၊ ယင်းကျူးကျော်မှုများကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဟန့်တား အရေးယူသော်လည်း ပြဋ္ဌာန်းထားသည့်ဥပဒေများသည် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိသည့်အတွက် ထိရောက်ဟန့်တားနိုင်မှုမရှိသည်ကို တွေ့ရပါကြောင်း၊ မြေအမျိုးအစားအလိုက် ပြည်သူလူထု၏ ပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်များအား ဥပဒေကြောင်းအရ အခိုင်အမာ အကာအကွယ်ပေးနိုင်ရန်အတွက် ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်မည့် ဥပဒေများအား ပြင်ဆင်ရေးဆွဲရန် လိုအပ်ပါကြောင်း။

အခါအခွင့်သင့်ခိုက် ရေရှည်တည်တံ့သည့် မြေအသုံးချမှုနှင့် ခိုင်မာသည့် မြေစီမံခန့်ခွဲမှု စနစ်တစ်ရပ်ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်အစိုးရမှ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေအကျဉ်းချုပ်အား ရှင်းပြလိုပါကြောင်း။

မြေအရင်းအမြစ် စီမံခန့်ခွဲရာတွင် စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လူမှုရေးဆိုင်ရာရှုထောင့်စုံမှသုံးသပ်ပြီး မှန်ကန်ပြည့်စုံသည့် မူဝါဒ၊ ခိုင်မာသည့် ဥပဒေမူဘောင်နှင့် စွမ်းရည်ရှိသည့် မြေစီမံအုပ်ချုပ်ရေးစနစ်များအား ချမှတ်ကျင့်သုံး အကောင်အထည်ဖော်ရန် လွန်စွာအရေးကြီးပါကြောင်း။

သက်ဆိုင်သူများ မြေပိုင်ဆိုင်လုပ်ကိုင်ခွင့် စိတ်ချလက်ချ ရရှိရေး၊ မြေအခွင့်အရေးများ ခွဲဝေပေးမှုယန္တရားတစ်ရပ်သတ်မှတ်နိုင်ရေး၊ လူမှုရေး တည်ငြိမ်မှုကို မြှင့်တင်နိုင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းဖန်တီးရေး၊ ရေရှည်တည်တံ့သည့် မြေအသုံးချမှုနှင့် ခိုင်မာသည့် မြေစီမံ ခန့်ခွဲမှုစနစ်ပေါ်ထွန်းရေး၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အရည်အသွေးပြည့်ဝသော အဖွဲ့အစည်းများ ဖြစ်ထွန်း ပေါ်ပေါက်ရေးတို့အတွက် မြေမူဝါဒမှာ အလွန်အရေးကြီးပါကြောင်း။

ဥပဒေရေးရာ မူဘောင်တွင် မြေနှင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဥစ္စာများ၏ ဥပဒေအရ အဆင့်အတန်း၊ မြေပိုင်ဆိုင်လုပ်ကိုင်ခွင့်၊ မြေဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊ မြေအမျိုးအမည် သတ်မှတ်ခြင်း၊ မြေနယ်နိမိတ်များ ရေးဆွဲခြင်း၊ မြေကွက်များ တိုင်းတာခြင်း၊ မြေကွက် သတင်းအချက်များ ဖော်ပြခြင်း စသည့်အချက်များ ပြည့်စုံစွာပါဝင်ရန် လိုအပ်ပါကြောင်း၊ မူဝါဒ၊ ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဖို့ ခိုင်မာအားကောင်းသည့် မြေယာအုပ်ချုပ်မှုစနစ် လိုအပ်ပါကြောင်း။

မြေယာအုပ်ချုပ်မှု ဆိုသည်မှာ မြေအရင်းအမြစ် စီမံခန့်ခွဲမှု မူဝါဒများကို အကောင်အထည်ဖော်ရာတွင် မြေပိုင်ဆိုင်မှု၊ မြေတန်ဖိုးနှင့် မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်များကို အတည်ပြုခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် ဖြန့်ဝေခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း။

မြေယာအုပ်ချုပ်မှု ကောင်းမွန်ရေးအတွက် ရှင်းလင်းပြီး သင့်တော်ထိရောက်သည့် တရားဥပဒေစနစ်နှင့်အညီ ဆုံးဖြတ်လုပ်ဆောင်ပေးမည့် ဓမ္မဓိဋ္ဌာန်ကျသည့် ဥပဒေရေးရာမူဘောင်နှင့် လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ရိုးရှင်းထိရောက်သည့် လုပ်ထုံးလုပ်နည်းများဖြင့် တည်ကြည်ဖြောင့်မတ်စွာ ကိုင်တွယ်၊ ကျင့်သုံးခြင်းတို့ လိုအပ်ပါကြောင်း။

မိမိတို့ အနာဂတ်မှာ သွားလိုသည့် မြေအရင်းအမြစ်အသုံးချမှုကို ရိုးရိုးရှင်းရှင်း စီမံခန့်ခွဲနိုင်ရန် အရေးကြီးပါကြောင်း၊ ပဏာမ ရွှေ့လုပ်ငန်းစဉ် (၃)ရပ်အဖြစ် ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ်အဖြစ် ဖြစ်တည်စေမည့် မြေအရင်းအမြစ်ဆိုင်ရာ အခြေခံမူများကို အများပါဝင်မှုဖြင့် ချမှတ်ရန်၊ မြေအရင်းအမြစ် မူဝါဒဆိုင်ရာ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် လက်တွေ့ကျသော ထီးရိပ်ဥပဒေတစ်ရပ် ပေါ်ထွက်လာရေးအတွက် သက်ဆိုင်သူများအားလုံး ပေါင်းစပ်ညှိနှိုင်းရေးဆွဲရန်၊ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုရလဒ်များ လက်ငင်းရရှိနိုင်ရေး မြေယာအုပ်ချုပ်စီမံမှု ပြုပြင်ပြောင်းလဲရေးရှေ့ပြေးစမ်းသပ်စီမံချက်များကို အကောင်အထည်ဖော်သွားရန်ချမှတ်ဆောင်ရွက်နေပါကြောင်း။

မြေမူဝါဒမူဘောင် ကောင်းမွန်ခြင်း၊ မြေဆိုင်ရာသတင်းအချက်အလက် အခြေခံအဆောက်အအုံ ကောင်းမွန်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားသည့် ဖွဲ့စည်းမှု အစီအမံ ကောင်းမွန်ခြင်းများနှင့် ပြည့်စုံမှသာ မြေလုပ်ပိုင်ခွင့်၊ မြေတန်ဖိုး၊ မြေအသုံးချမှု၊ မြေယာဖွံ့ဖြိုးတိုးတက်မှုစသည့် မြေယာအုပ်ချုပ်မှု လုပ်ငန်းဆောင်တာများ ချောမွေ့ကောင်းမွန်မည် ဖြစ်ပါကြောင်း၊ မြေယာအုပ်ချုပ်မှုလုပ်ငန်းများကောင်းမွန်မှလည်း စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် နယ်ပယ်(၃)ရပ်သဟဇာတဖြစ်သည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဖြစ်ပါကြောင်း။

ယခု လုပ်ငန်းစဉ်ကြီး အောင်မြင်ဖို့ ပြည်သူလူထု၏ အားပေးထောက်ခံမှုနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်မှု အဓိကလိုအပ်သည့်အတွက် လူထုထံ အသိပေးချပြဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိ မြေယာပြဿနာများ ဖြေရှင်းရင်းနှင့် ရေရှည်တည်တံ့သည့် မြေယာစီမံခန့်ခွဲမှု စနစ်ကောင်းတစ်ရပ် ဖော်ထုတ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်စုံစမ်းရေးကော်မရှင်ကပေးပို့လာသော မြေယာ ပြဿနာများနှင့်ပတ်သက်၍ မြေကိုရယူထားသည့် သက်ဆိုင်ရာနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ရှုထောင့်မှလည်းကောင်း၊ မြေသိမ်းခံရသူ ပြည်သူများနှင့် ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်တို့၏ ရှုထောင့်မှ လည်းကောင်း၊ စိစစ်ဖြေရှင်းပေးနေသည့် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်၏ ရှုထောင့်မှလည်းကောင်း အချက်အလက် ခိုင်ခိုင်မာမာဖြင့် လေ့လာသုံးသပ်၍ ပါဝင်ပတ်သက် သူအဖွဲ့အစည်းများ တွေ့တွေ့ဆိုင်ဆိုင်ဆွေးနွေးပြီးမြေယာပြဿနာများ ယခုထက်ပိုမိုလွယ်ကူမြန်ဆန်စွာ ဖြေရှင်းနိုင်မည့်နည်းလမ်းကောင်းများကို ဖော်ထုတ်ရှာဖွေ၍ မြေယာဆိုင်ရာ လူထုနစ်နာဆုံးရှုံးမှုများကို အမြန်ဆုံးကုစားပေးသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကား ပြောကြားရာတွင် လွှတ်တော်သည် လည်းကောင်း၊ အစိုးရအဖွဲ့သည် လည်းကောင်း ပြည်သူများ၏ အကျိုးစီးပွားနှင့် နိုင်ငံ့အကျိုးစီးပွားအတွက် ရည်ရွယ်ချက်တူညီစွာ ဆောင်ရွက်နေပါကြောင်း၊ လွှတ်တော်နှင့်အစိုးရအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယနေ့ကြုံတွေ့နေရသော မြေယာပြဿနာများကို တရားနည်းလမ်းကျစွာ ဖြေရှင်းပေးနိုင်မည် ဖြစ်ပါကြောင်း။

ယခုဖြစ်ပေါ်နေသော မြေယာပြဿနာများတွင် ယခုအစိုးရလက်ထက်တွင် ပေါ်ပေါက်သောကိစ္စများ အနည်းအကျဉ်းသာရှိပြီး အများစုတွင် ယခင်အစိုးရလက်ထက်က ပေါ်ပေါက်ခဲ့သောကိစ္စများ ဖြစ်နိုင်ပါကြောင်း၊ ယခင်အစိုးရ လက်ထက်က ရည်ရွယ်ချက်ကောင်း၊ ရည်မှန်းချက်ရှိရှိ စေတနာဖြင့် ဆောင်ရွက်ခဲ့သော်လည်း မြေကြီးနှင့်မြေပုံ ကွဲလွဲမှု၊ အချို့လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ အားနည်းချက်၊ ချို့ယွင်းချက်များကြောင့် ပြဿနာအချို့ ရှိနေပါကြောင်း၊ ယနေ့ဖြစ်ပေါ်နေသော မြေယာပြဿနာအချို့ကို အစိုးရနှင့် လွှတ်တော်တို့ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဖြေရှင်းပေးရမည့် အချိန်ကာလ မကျန်တော့သဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်သက်တမ်းနှင့်အစိုးရ သက်တမ်း မကုန်မီ ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

လွှတ်တော်နှင့် မြေယာစီမံခန့်ခွဲရေးဗဟိုကော်မတီ အနေဖြင့် မူဝါဒများချမှတ်ပေးမည် ဖြစ်ပြီး အကောင်အထည်ဖော်ရသော အဖွဲ့အစည်းများမှလည်း တရားနည်းလမ်းကျစွာ ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ မြေယာပြဿနာများ အပေါ် ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အမြတ်ထုတ်မှုများ ရှိလာနိုင်၍ ထိုသို့မဖြစ်ပေါ်စေရန် သတိပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ မြေယာအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်မှလည်း တာဝန်ယူ၊ တာဝန်ခံ၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါဝင်ပတ်သက်သူအားလုံးကလည်း ရိုးသားဖြောင့်မတ်စွာ ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မြေယာပြဿနာများကို အချိန်ကာလသတ်မှတ်ပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်မှသာ ပြည်သူ အပေါ်၊ နိုင်ငံတော်အပေါ် တာဝန်ကျေ၊ သစ္စာရှိမည်ဖြစ်သကဲ့သို့ ပြည်သူ၏ ယုံကြည်လေးစားမှုကို ရရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

စာမျက်နှာ ၉ မှ

စေရေးအတွက် စုံစမ်းရေးကော်မရှင် ဥက္ကဋ္ဌကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးက သိမ်းဆည်းမြေကိစ္စဆိုင်ရာများနှင့် စပ်လျဉ်း၍ အစိုးရ၏ ဆောင်ရွက်ချက်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ လယ်ယာမြေသိမ်းဆည်း ခံရသူများ၏ အခြေအနေ၊ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် တွေ့ရှိချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြေယာစီမံခန့်ခွဲမှု ဗဟိုကော်မတီအနေဖြင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၁)မှ အပိုင်း(၁၀)အထိ ပေးပို့ခဲ့ခြင်းအပေါ် အပိုင်း(၇)အထိ ၆၄၄၅ မှု စိစစ်ဖြေရှင်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းအစီရင်ခံစာနှင့် စပ်လျဉ်းသည့် စွန့်လွှတ်မြေများအား သက်ဆိုင်သူ၊ တောင်သူ ၁၅၅၇၈ ဦးတို့ထံ စိုက်ပျိုးမြေနှင့် အခြားမြေ ၁၀၀၄၁၆ ဒသမ ၃၉၈ ဧက စွန့်လွှတ်ပြီး ဖြစ်ပါကြောင်း၊ သီးခြားပြန်လည်စွန့်လွှတ်မြေများအား တောင်သူ ၁၆၆၅၄ ဦးကို စိုက်ပျိုးမြေနှင့် သီးခြားမြေ ၂၂၀၈၃၅ ဒသမ ၀၉၉ ဧက လွှဲပြောင်းပြီး ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သစ်တောကြိုးဝိုင်းမြေများကို အင်္ဂလိပ်ခေတ်မှစ၍ သတ်မှတ်ထားရှိခြင်း ဖြစ်ပါကြောင်း၊ ယင်းသတ်မှတ်ခဲ့မှုအပေါ် ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးပြီးဖြစ်၍ မကြာမီ အတည်ပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့မြေများမှာ လက်ရှိသစ်တောကြိုးဝိုင်းအင်္ဂါရပ်နှင့် ဆီလျော်မှုမရှိသော်လည်း ရေရှည်တွင် နိုင်ငံတော်၏ အကျိုးပြုစီမံကိန်းများ အသုံးပြုနိုင်ရေးအတွက် အရန်မြေအဖြစ် ထားရှိနိုင်ရန် သုံးသပ်အကြံပြုလိုပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ(၁၁)ဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက အဖွဲ့များအလိုက် သိမ်းဆည်းမြေများအား မူဝါဒနှင့်အညီ ပြန်လည်စွန့်လွှတ်နိုင်ရန်နှင့် လုပ်ငန်းများ မြန်ဆန်သွက်လက်မှုရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား အသေးစိတ်ဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

အိုလံပစ်ခြေစစ်ပွဲနောက်ဆုံးပွဲအဖြစ် မြန်မာနှင့် အိန္ဒိယတို့ ယနေ့ကစားမည်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

မန္တလေး မတ် ၁၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ပထမအဆင့် ခြေစစ်ပွဲအုပ်စု(က)၏ နောက်ဆုံးပွဲကို မတ် ၁၅ ရက်(ယနေ့)တွင် ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါပွဲကို မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၅ နာရီတွင် စတင်မည်ဖြစ်သည်။

ယခုပွဲမှာ ခြေစစ်ပွဲ ဒုတိယအဆင့်သို့ တက်ရောက်ရန် အဆုံးအဖြတ်ဖြစ်ပြီး ဂိုးကွာခြားချက်တွင် အသာရထားသည့် မြန်မာအသင်းမှာ သရေ တစ်မှတ်ရရှိရုံဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။ နှစ်သင်းစလုံး အုပ်စုအဖွင့်ပွဲတွင် သီရိလင်္ကာအသင်းကို အနိုင်ရရှိထားသော်လည်း မြန်မာက ၁၆ ဂိုးသွင်းပြီး အိန္ဒိယအသင်းက လေးဂိုးသာ သွင်းထားသောကြောင့် မြန်မာအသင်း အသာရနေခြင်းဖြစ်သည်။ နှစ်ပွဲစလုံး ရှုံးထားသည့် သီရိလင်္ကာအသင်းမှာ ပြိုင်ပွဲမှ စောစီးစွာ ထွက်ခဲ့ရပြီဖြစ်သည်။

အိုလံပစ် ခြေစစ်ပွဲကစားမည့် မြန်မာအမျိုးသမီးဘောလုံးအသင်း

မြန်မာအသင်းမှာ အိုလံပစ်ပြိုင်ပွဲခြေစစ်ပွဲများကို ၂၀၀၈ ပြိုင်ပွဲနှင့် ၂၀၁၂ ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်ခဲ့သော်လည်း ခြေစစ်ပွဲ ပထမအဆင့်မှ ထွက်ခဲ့ရသည်။ ယခုနှစ်တွင် အာရှဇုန် ခြေစစ်ပွဲကို ပုံစံပြောင်းလဲကျင်းပနေပြီး ပထမအဆင့်၌ အုပ်စုတစ်ခုဆီမှ ထိပ်ဆုံးသုံးသင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည် ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် ပထမအဆင့် တက်လာသည့် သုံးသင်းနှင့် ထိုင်း၊ ဗီယက်နမ်တို့ ငါးသင်းမှာ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မန္တလေး၌ ကားအလှပြင်ပစ္စည်းဆိုင်မီးလောင်

မန္တလေး မတ် ၁၄

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ် ၃ ရပ်ကွက် ၆၂ လမ်းနှင့် ၆၃ လမ်းကြား ငုရွှေဝါလမ်း C-၆ အမှတ် ၇ JJ ကားအလှပြင် ပစ္စည်းအရောင်းဆိုင် (JJ Car Audio Decoration) တွင် ယနေ့ နံနက် ၁၁ နာရီ ၁၀ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦးစိုင်းအောင်(၂၅နှစ်)သည် ပေ(၃၀×၄၀) နှစ်ထပ်တိုက် အပေါ်အိပ်ခန်းတွင် ခြင်ဆေးခွေ မီးထွန်းထားရာမှ မွေ့ရာပေါ်ကျ၍ မီးလောင်ကျွမ်းရာ နေအိမ်အပေါ်ထပ် အတွင်းပစ္စည်းများ လောင်ကျွမ်းပြီး အောက်ထပ်ရှိ ကားအလှပြင်ပစ္စည်းများကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မန္တလေးတိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်၁၀၀ ကျော်၊ မီးသတ်ယာဉ်အစီး ၄၀၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းငြိမ်းသတ်မှုကြောင့် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အခြား နေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုမရှိကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ အိမ်ရှင်ဖြစ်သူအား သက်ဆိုင်ရာက စစ်ဆေးအရေးယူလျက်ရှိသည်။ **တင်မောင်(မန္တလေး)**

သတ္တုစမ်းသပ်တူးဖော်နေသော ကုမ္ပဏီပိုင်ယာဉ်များနှင့်ပစ္စည်းများအား RCSS/SSA အဖွဲ့မှ အဖွဲ့ဝင်အချို့ မီးရှို့ဖျက်ဆီး

နေပြည်တော် မတ် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းဒေသအတွင်း စက်ဝိုင်းအင်အားကုမ္ပဏီမှ ခဲသတ္တုတူးဖော်ခြင်းလုပ်ငန်း စမ်းသပ် လုပ်ကိုင်လျက်ရှိရာ မတ် ၁၂ ရက် ညပိုင်းတွင် RCSS/SSA အဖွဲ့မှ အင်အား ၁၀ ဦးခန့်သည် လက်နက်ငယ် ကိုယ်စီဖြင့် ရောက်ရှိလာခဲ့ပြီး ကုမ္ပဏီလုပ်သားခုနစ်ဦးအား ဖမ်းဆီးကာ ကုမ္ပဏီပိုင်ရှင်နှင့် တွေ့လိုကြောင်း ပြောကြားခဲ့ရာ လုပ်သားများမှ ကုမ္ပဏီပိုင်ရှင် မိုင်းယောင်းသို့ သွားနေကြောင်း ပြန်လည်ပြောကြားသဖြင့် RCSS/SSA အဖွဲ့က လုပ်ငန်းခွင်အတွင်းရှိ လုပ်ငန်းသုံး ဆီဂါလန်ပုံးများအား ခြေဖြင့်ကန်ကျောက်ပြီး ၄င်းလုပ်သားခုနစ်ဦးတို့အား ကြိုးဖြင့်ချည်နှောင်၍ တစ်ယောက်တစ်နေရာစီခွဲကာ ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။

ဖမ်းဆီးခံလုပ်သားများမှ ကြိုးများဖြေ၍ ထွက်ပြေးကာ မိုင်းယောင်းတပ်နယ် နယ်မြေခံတပ်ရင်းသို့ လာရောက် သတင်းပေးပို့သဖြင့် နယ်မြေခံတပ်မှ အဆိုပါနေရာသို့ လိုက်လံရှင်းလင်းခဲ့ရာ ၄င်းနေရာနှင့် အနီးတစ်ဝိုက်တွင် ကုမ္ပဏီပိုင် ယန္တရားယာဉ် သုံးစီး၊ ၁၀ ဘီးယာဉ် တစ်စီး၊ တိုယိုတာ ဟိုင်းလပ်ယာဉ်တစ်စီးနှင့် လူနေတဲနှစ်လုံးတို့အား မီးရှို့ဖျက်ဆီးထားခဲ့ကြောင်း တွေ့ရှိရပြီး ဆုတ်ခွာသွားသော RCSS/SSA အဖွဲ့နောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံပိတ်ဆို့ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

လက်ပံတန်းဖြစ်စဉ်မှ ကျောင်းသား ကျောင်းသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

လက်ပံတန်း မတ် ၁၄

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် ဖြစ်ပွားခဲ့သည့် မတ် ၁၀ ရက် ဖြစ်စဉ်မှ ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်ဆေး မေးခဲ့သည့်သူများမှ တက္ကသိုလ်၊ ကောလိပ်များတွင် အမှန်တကယ်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများကိုစိစစ်၍ ဆက်လက်ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာဒေသအသီးသီးရှိ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ဆက်သွယ်အကြောင်းကြားခေါ်ယူပြီး မတ် ၁၁ ရက်နံနက်ပိုင်းမှစ၍ ပြန်လည်အပ်နှံပေးလျက်ရှိသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မတ် ၁၃ ရက်အထိ ကျောင်းသားကျောင်းသူ ၂၆ ဦးအား သက်ဆိုင်ရာ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့ပြီး သတင်းထောက်နှစ်ဦးလည်း ပြန်လည်စေလွှတ်ပေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် တောင်ကြီး တက္ကသိုလ် ဒုတိယနှစ်စီးပွားရေး ကျောင်းသား မောင်ဥက္ကာမောင်မောင်ကို မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ရာ ယနေ့အထိ စုစုပေါင်း ၂၉ ဦးကို ပြန်လည်စေလွှတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

(ဝဝ၉)

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြန်လည်စေလွှတ်ခဲ့သည့် သတင်းထောက်နှစ်ဦးနှင့် မိဘများထံ ပြန်လည်အပ်နှံပြီးသည့် ကျောင်းသား ကျောင်းသူများစာရင်း

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၁၂-၃-၂၀၁၅အပ်နှံပြီး			၁၃-၃-၂၀၁၅ အပ်နှံပြီး			၁၄-၃-၂၀၁၅ အပ်နှံပြီး			စုစုပေါင်းအပ်နှံပြီး		
		ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	စစ်ကိုင်း	၂	-	၂	-	-	-	-	-	-	၂	-	၂
၂	ပဲခူး	၁	-	၁	-	-	-	-	-	-	၁	-	၁
၃	မန္တလေး	၄	၁	၅	၅	၁	၆	-	-	-	၉	၂	၁၁
၄	မွန်	၁	-	၁	-	-	-	-	-	-	၁	-	၁
၅	ရန်ကုန်	၄	၄	၈	-	၁	၁	-	-	-	၄	၅	၉
၆	ဧရာဝတီ	-	-	-	၁	၁	၂	-	-	-	၁	၁	၂
၇	ရှမ်း	-	-	-	-	-	-	၁	-	၁	၁	-	၁
	ပေါင်း	၁၂	၅	၁၇	၆	၃	၉	၁	-	၁	၁၉	၈	၂၇
၈	သတင်းထောက်	-	-	-	၂	-	၂	-	-	-	၂	-	၂
	စုစုပေါင်း	၁၂	၅	၁၇	၈	၃	၁၁	၁	-	၁	၂၁	၈	၂၉

ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို

မန္တလေး မတ် ၁၄

မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်တို့သည် မတ် ၁၃ ရက်က ပြင်ဦးလွင်မြို့နယ်ရှိ အထက်တန်းကျောင်း (အနီးစခန်း)၊ ပြင်ဦးလွင် အထက(၁)၊ (၂)၊ (၄)၊ အလက(၁)၊ အလက(၅) စာစစ်ဌာနများသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားခဲ့သည်။

ပြင်ဦးလွင်မြို့ အလက(၅)တွင် မျက်မမြင် ကျောင်းသားတစ်ဦးအား တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့က ကြည့်ရှုအားပေးသည်။

အမှတ်(၂)အခြေခံပညာဦးစီးဌာနနယ်မြေ ကချင်ပြည်နယ်တွင် စာစစ်ဌာနပေါင်း ၅၄ ခု၌ စာဖြေသူ ၂၅၇၅၇၊ ကယားပြည်နယ် တွင် စာစစ်ဌာန ၁၁ ခု၌ စာဖြေသူ ၄၂၇၅ ဦး၊ ချင်းပြည်နယ် စာစစ်ဌာန ၂၂ ခု၌ ၉၅၉၂ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး စာစစ်ဌာန ၁၅၉ ခု၌ စာဖြေသူ ၇၆၅၇၀ ဦး၊ မကွေးတိုင်းဒေသကြီး စာစစ်ဌာန ၁၁၂ ခု၌ စာဖြေသူ ၅၆၇၇၅ ဦး၊ မန္တလေးတိုင်းဒေသကြီး စာစစ်ဌာန ၁၆၁ ခု၌ စာဖြေသူ ၈၆၉၉၄ ဦး၊ နေပြည်တော်စာစစ်ဌာန တိုင်းဒေသကြီး စာစစ်ဌာန ၃၁ ခု၌ စာဖြေသူ ၁၆၃၂၈ ဦး၊ ရှမ်းပြည် နယ်(တောင်ပိုင်း) စာစစ်ဌာန ၅၉ ခု၌ စာဖြေသူ ၂၀၉၃၅ ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)စာစစ်ဌာန ၃၄ ခု၌ စာဖြေသူ ၁၄၀၉၆ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စာစစ်ဌာန ၁၃ ခု၌ စာဖြေသူ ၃၆၄၇ ဦး စုစုပေါင်း အထက်မြန်မာပြည်အနေဖြင့် စာဖြေသူ ၃၁၄၉၇၀ ဖြေဆိုကြောင်း သိရသည်။

(ဝ၂၆)

မိုးလေဝသ အခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ယနေ့ လှိုင်းအသင့်အတင့်ရှိမည်။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စိတ်ကြိုက်မြန်မာစာဘာသာရပ်ဖြေဆို

နေပြည်တော် မတ် ၁၄

တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့အဖြစ် စိတ်ကြိုက်မြန်မာစာဘာသာရပ်ဖြေဆိုရန် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် တပ်နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနမှ အလွတ်ဖြေကျောင်းသား မောင်အောင်ရွှေနှင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနမှ အလွတ်ဖြေကျောင်းသူ မမျိုးသီရိဝင်းတို့နှစ်ဦး စာမေးပွဲဖြေဆိုရန် စာရင်းပေးပို့ခဲ့သော်လည်း မမျိုးသီရိဝင်းတစ်ဦးသာ စာမေးပွဲဖြေဆိုမှုရှိကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဟိုပုံးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

ဟိုပုံး မတ် ၁၄

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်စာစစ်ဌာန၌ မတ် ၁၁ ရက် နံနက် ၉ နာရီက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုလျက်ရှိသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနိုင်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လိုအပ်သည်များကို ဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။

အဆိုပါ ဟိုပုံးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၆၁၈ ဦးရှိပြီး ယနေ့တွင် ၅၈၆ ဦး လာရောက်ဖြေဆိုသဖြင့် ၉၄ ဒသမ ၈၂ ရာခိုင်နှုန်း ရှိကြောင်းသိရသည်။

နန်းဦးခမ်း (ဟိုပုံး)

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသော ကျောက်တန်းမြို့ စာစစ်ဌာနများမှ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏စီစဉ်မှုဖြင့် ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်မှူး ရဲမှူးမင်းစိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ကျောက်တန်း အထက(၂) သော်ကကျောင်းစာစစ်ဌာနတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆောင်ရွက်နေကြသည်ကို တွေ့ရစဉ်။ စိုးဝင်း(ကျောက်တန်း)

လားရှိုး၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

လားရှိုး မတ် ၁၄

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်က စတင်ကျင်းပဖြေဆိုရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြို့နယ်(၁၈)မြို့နယ်တွင် စာစစ်ဌာန ၃၅ ခု၌ စုစုပေါင်း ၁၄၁၁၂ ဦးဖြေဆိုခဲ့ကြသည်။

လားရှိုးခရိုင်တွင် ဖြေဆိုသူကျောင်းသား ၁၉၁၀၊ကျောင်းသူ ၂၈၆၅ ဦး စုစုပေါင်း ၄၇၇၅ ဦး ဖြေဆိုမှုရာခိုင်နှုန်း ၉၄ ဒသမ ၉၃၊ မူဆယ်ခရိုင်တွင် ဖြေဆိုသူကျောင်းသား ၁၂၂၇၊ ကျောင်းသူ ၂၀၀၉ ဦး စုစုပေါင်း ၃၂၃၆ ဦး၊ ဖြေဆိုမှုရာခိုင်နှုန်း ၉၅ ဒသမ ၁၂ ရာခိုင်နှုန်း၊ ကျောက်မဲခရိုင်တွင် ဖြေဆိုသူကျောင်းသား ၁၄၈၈၊ ကျောင်းသူ ၃၀၉၃ဦး စုစုပေါင်း ၄၅၈၁ ဦး ဖြေဆိုမှုရာခိုင်နှုန်း ၉၄ ဒသမ ၀၅ ရာခိုင်နှုန်း၊ မိုးမိတ်ခရိုင်တွင် ဖြေဆိုသူကျောင်းသား ၄၉၀၊ ကျောင်းသူ ၈၁၆ ဦး စုစုပေါင်း ၁၃၀၆ ဦး ဖြေဆိုမှုရာခိုင်နှုန်း ၉၆ ဒသမ ၀၃ ရာခိုင်နှုန်း၊ ဟိုပန်ခရိုင်တွင်ဖြေဆိုသူ ကျောင်းသား ၃၃ ဦး၊ကျောင်းသူ ၈၅ ဦး စုစုပေါင်း ၁၁၈ ဦး ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၆၅ ရာခိုင်နှုန်း၊ လောက်ကိုင်ခရိုင်တွင် ဖြေဆိုသူကျောင်းသား ၄၅ ဦး၊ ကျောင်းသူ ၅၁ ဦး စုစုပေါင်း ၉၆ ဦး ဖြေဆိုမှုရာခိုင်နှုန်း ၈၂ ဒသမ ၇၆ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ် ၁၈ မြို့နယ်တွင် ဖြေဆိုသူ ကျောင်းသား ၅၁၉၃ ဦး၊ ကျောင်းသူ ၈၉၁၉ ဦး စုစုပေါင်း ၁၄၁၁၂ ဦးဖြေဆိုခဲ့ရာတွင် ဖြေဆိုမှုရာခိုင်နှုန်း ၉၄ ဒသမ ၆၈ ရာခိုင်နှုန်းရှိပြီး ဖြေဆိုသူ ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့သက်ဆိုင်ရာမြို့များတွင် အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း လောက်ကိုင်ဒေသ တိုက်ပွဲရှောင်ကျောင်းသား ကျောင်းသူများအနေဖြင့် အထက(၉) လားရှိုးစာစစ်ဌာနနှင့် အထက(ကွမ်းလုံ) စာစစ်ဌာနတို့တွင် အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ဆောင်းပါး

ဝိသေသသုံးစကားလုံး၊ ယေဘုယျသုံးစကားလုံး (၁)

မောင်ခင်မင်(ဓနုဖြူ)

"အကောင်အထည်ပြစကားလုံးနဲ့ သဘောပြစကားလုံးအကြောင်း ပြောပြီးပြီဆိုတော့ နောက်တစ်ဆင့် ဆက်စဉ်းစားကြရအောင်"

"ဟုတ်ကဲ့ပါ။ ဘာကိုဆက်စဉ်းစားဖို့ပါလဲဆရာ"

"မကြာခင်က တူမကလေးတစ်ယောက် မင်္ဂလာဆည့်ခံပွဲတစ်ခုသွားပြီး ပြန်လာတော့ သူ့အမေက 'သတို့သမီးဘယ်လိုဝတ်ထားသလဲ'လို့ မေးတယ်။ တူမကလေးက 'ရင်ဖုံးအင်္ကျီလက်ရှည်နဲ့ ချိတ်ထမီဝတ်ထားတယ်အမေ'လို့ ပြန်ဖြေတော့ သူ့အမေက ပြောတယ်။ 'ဟဲ့. . . အင်္ကျီလက်ရှည်နဲ့ ထမီဝတ်မှန်း တော့ငါသိတာပေါ့။ ဘာအရောင်ကလေးဝတ်ထားသလဲလို့မေးတာ'တဲ့"

"ဟုတ်ကဲ့ဆရာ"

"ဒီတော့မှ တူမကလေးက 'သြော်. . . အင်္ကျီက အဝါနုကလေးအမေရဲ့၊ ချိတ်ထမီကလည်း အဝါနုပဲ၊ သူ့အသားနဲ့တော်တော်လိုက်တယ်'လို့ပြောမှ သူ့အမေက ကျေနပ်သွားတယ်လေ"

"သြော်. . ."

"ဒီတော့ အကောင်အထည်ကိုဖော်ပြရာမှာလည်း အရောင်အသွေးတို့၊ ပုံသဏ္ဌာန်တို့ကို ထင်သာမြင်သာအောင် သီးသီးသန့်သန့်ဖော်ပြရင် ပိုပြီး ထင်ရှားတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"စဉ်းစားကြည့်လေ။ 'အင်္ကျီ'လို့ပြောရင် အကောင်အထည်ကို ဖော်ပြတာဖြစ်ပေမယ့် ယေဘုယျကျလွန်းတယ်။ 'တိုက်ပုံအင်္ကျီ'လို့ပြောရင်တော့ ဝိသေသပြုပြီး ပြောတာမို့ 'အင်္ကျီ'ကို ပြောတာထက်ပိုပြီး ထင်ရှားတာပေါ့။ အဲ. . . အညိုရောင် တိုက်ပုံအင်္ကျီလို့ပြောရင်တော့ အရောင်အသွေးပါ ပါလာတဲ့အတွက် ပိုပြီးဝိသေသထင်ရှားတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ ဒီတော့ 'အင်္ကျီ'ဆိုတာ ယေဘုယျပြောတာမို့ 'ယေဘုယျသုံး စကားလုံး'လို့ ခေါ်နိုင်တာပေါ့။ 'တိုက်ပုံအင်္ကျီ'ကတော့ ဝိသေသပြုထားတာမို့ 'ဝိသေသသုံးစကားလုံး'လို့ခေါ်နိုင်တယ်။ 'မီးခိုးရောင်တိုက်ပုံအင်္ကျီ'ကျတော့ ပိုပြီးသီးသန့်သဘောဆောင်တဲ့ 'ဝိသေသသုံးစကားလုံး'ပေါ့ကွယ်"

"ဆရာ ဒီလိုဆိုရင် ယေဘုယျသုံးစကားလုံးနဲ့ ဝိသေသသုံးစကားလုံး က တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာပေါ့နော်"

"ဟုတ်တယ်ကွဲ့။ ဒီစကားလုံးနှစ်မျိုးက တစ်ခုနဲ့တစ်ခုအမှီပြုနေတယ်လို့ ဆိုရမှာပေါ့။ ခုနပြောတဲ့သာဓကတွေကိုကြည့်ရင် 'အင်္ကျီ'နဲ့ 'တိုက်ပုံအင်္ကျီ' မှာ 'အင်္ကျီ' က ယေဘုယျသုံး၊ 'တိုက်ပုံအင်္ကျီ'က ဝိသေသသုံးပေါ့။ အဲ. . . 'တိုက်ပုံအင်္ကျီ'နဲ့ 'အညိုရောင်တိုက်ပုံအင်္ကျီ'ကျတော့ 'တိုက်ပုံအင်္ကျီ'က ယေဘုယျသုံး၊ 'အညိုရောင်တိုက်ပုံအင်္ကျီ' က ဝိသေသသုံးလို့ ခေါ်ရမှာပေါ့"

"ဟုတ်ကဲ့ပါ။ သမီးတစ်ခုစဉ်းစားမိလို့ပါ။ တကယ်လို့ 'အင်္ကျီ'ကို ဝိသေသ သုံးစကားလုံးလို့ ပြောမယ်ဆိုရင် ယေဘုယျသုံးစကားလုံးက 'အဝတ်'လို့ ပြော ရမယ်ထင်တယ်ဆရာ"

"ဟုတ်တာပေါ့ကွယ်။ ကဲ 'အဝတ်' ကို ဝိသေသသုံးလို့ ယူဆမယ်ဆိုရင် အဝတ်ရဲ့ယေဘုယျသုံးစကားလုံးက ဘာဖြစ်မလဲ"

"သြော်. . . 'ပစ္စည်း'တို့'အရာဝတ္ထု'တို့ ဖြစ်မယ်ထင်ပါတယ် ဆရာ"

"ဟုတ်ပါပြီ။ ခုပြောခဲ့တဲ့စကားလုံးတွေကိုကြည့်ရင် ယေဘုယျသုံးအကျဆုံးစကားလုံးက 'အရာဝတ္ထု'ပေါ့။ ဝိသေသသုံးအကျဆုံး စကားလုံးက 'အညိုရောင်တိုက်ပုံအင်္ကျီ'ပေါ့။ ဝိသေသသုံးသဘော သက်ရောက်လေလေ ထင်ထင်ရှားရှား ဖြစ်လေလေပေါ့ကွယ်"

"နားလည်ပါပြီ ဆရာ။ ဒီလိုဆိုရင်အကောင်အထည်မမြင်ရတဲ့ သဘောပြ စကားလုံးတွေမှာလည်း ယေဘုယျသုံးတွေ ဝိသေသသုံးတွေရှိမလား မသိ ဘူးနော်"

"အေး. . . အဲဒါဆက်ပြောမလို့ သားပြောတာနဲ့အတော်ပဲ။ သဘောပြ စကားလုံးတွေမှာလည်း ယေဘုယျဝိသေသကွဲတာပေါ့။ 'ကောင်းမှု'လို့ ပြောရင် ယေဘုယျသုံးပေါ့။ 'အလှူ'လို့ပြောရင်တော့ 'ကောင်းမှု'ထက်ပိုပြီး ဝိသေသ သဘောဆောင်တာပေါ့။ အဲဒီလိုပဲ 'အလှူ'ထက် 'ရှင်ပြု'က ပိုပြီး ဝိသေသ သဘောဆောင်တယ်။ 'ရှင်ပြု' ထက် 'သားရှင်ပြု' က ပိုပြီး ဝိသေသသဘော ဆောင်တာပေါ့ကွယ်"

"ဆရာ ဘာသာတရားအကြောင်းပြောရင် 'ဘာသာတရား'ဆိုတဲ့ ယေဘုယျသုံးစကားလုံးကနေပြီး 'ဗုဒ္ဓဘာသာ'၊ 'ထေရဝါဒဗုဒ္ဓဘာသာ' ဆိုပြီး ဝိသေသသုံးစကားလုံးတွေရောက်အောင် အဆင့်ဆင့်ပြောနိုင်တာပေါ့နော်"

"ဟုတ်တာပေါ့။ ဆရာတို့ နေ့တိုင်းသုံးနေတဲ့ အသုံးအနှုန်းတွေမှာလည်း ယေဘုယျ-ဝိသေသကွဲပြားတဲ့ အသုံးတွေ အများကြီးပါ။ ဥပမာကွယ် 'ခြံထဲကိုခွေးဝင်လို့'လို့ ယေဘုယျပြောတာထက် 'တို့ခြံထဲကို ဟိုဘက်အိမ်က ဂျမ်ဘို ဆိုတဲ့ အယ်လ်ဖေးရှင်းခွေးကြီးဝင်လာလို့' လို့ပြောရင် ပိုပြီးထင်ရှားတယ် မဟုတ်လား။ ဝိသေသသုံးစကားလုံးတွေကြောင့် ထင်ရှားလာတာလေ"

"ဟုတ်ကဲ့ပါ"

"ကဲ. . . စာအရေးအသားဘက်ကို ပြန်သွားရအောင်။ စာအရေးအသား နဲ့ ပတ်သက်ပြီး လမ်းညွှန်ထားတဲ့အဆိုအမိန့်တစ်ခုရှိတယ်ကွဲ့."

"ပြောပြပါဆရာ"

"အဲဒီအဆိုအမိန့်က 'မနုဿလူသားအကြောင်းမရေးပါနဲ့၊ လူတစ်ယောက် အကြောင်းရေးပါ'တဲ့"

"ဘာဆိုလိုတာပါလဲ ဆရာ"

"သြော်. . . သမီးရဲ့စာကို 'မနုဿလူသားအပေါင်းတို့သည်'လို့ အစ ချီလိုက်တယ်ဆိုပါတော့။ ခွံ့ခွံ့ညားညားရှိသလိုလိုတော့ ထင်ရတာပေါ့။ အကောင်အထည်လည်းပါတာပေါ့။ ဒါပေမယ့် ယေဘုယျမကျလွန်းဘူး လား။ မနုဿလူသားအားလုံးအကြောင်းဆိုတော့ မနိုင်မနင်းနဲ့ အကြီးကြီး ဖြစ်မနေဘူးလား။ အဲ. . . . အဲဒီလိုမရေးဘဲ သမီးသိတဲ့ ဦးဖြူဖြင့် ဦးဖြူ အကြောင်း၊ ဒေါ်နီဖြင့် ဒေါ်နီအကြောင်း သီးသီးသန့်သန့်ရေးရင် သမီးစာက ဝိသေသသဘောဆောင်ပြီး ထင်းခနဲ့ မြင်သာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ မှတ်သားထားပါမယ် ဆရာ"

"တစ်ခုတော့ရှိတယ်။ ယေဘုယျအကြောင်းတွေရေးတာမကောင်းဘူး လို့ ဆိုလိုတာမဟုတ်ဘူးနော်။ တို့ပတ်ဝန်းကျင်မှာရှိနေတဲ့ ယေဘုယျကျတဲ့အကြောင်းတွေလည်း ယေဘုယျသုံးစကားလုံးတွေနဲ့ ရေးရတာမျိုးတွေရှိမှာ ပဲ။ ရှောင်လို့မရပါဘူး။ ဒါပေမယ့် အဲဒီယေဘုယျသဘောထင်ရှားလာအောင် တစ်ဦးချင်း၊ တစ်ယောက်ချင်းဆိုတဲ့ ဝိသေသသဘောတွေနဲ့ ပြနိုင်ရင် ကောင်းတယ်။ အဲဒီလိုပြရင် ထင်ရှားပေါ်လွင်တယ်လို့ ဆိုလိုတာပေါ့"

"ဟုတ်ကဲ့ပါ"

"ထင်ရှားတဲ့ သာဓကတစ်ခုပြောမယ်။ သားတို့ သမီးတို့ 'ငဘ' ဆိုတဲ့ ဝတ္ထုကို ဖတ်ဖူးတယ်မဟုတ်လား"

"ဖတ်ဖူးပါတယ် ဆရာ။ ဆရာကြီး မောင်ထင်ရေးတာပါ"

"အေး. . . 'ငဘ' ဟာ ဂျပန်ခေတ်တုန်းက မြန်မာလယ်သမားကြီး'ငဘ' ကို ဇာတ်ဆောင်လုပ်ပြီး ရေးတဲ့ဝတ္ထုပဲ။ 'ငဘ'ဟာ ရိုးရိုးသားသားနေထိုင်ရင်း ဂျပန်ခေတ်မှာ အမျိုးမျိုးနှိပ်စက်ခံရတာတွေ၊ ချွေးတပ်အဆွဲခံရတာတွေ၊ ဂျပန်ကသတ်တော့မယ့်ဆဲဆဲ ဓားအောက်က သီသီကလေးလွတ်လာတာတွေ ကို သရုပ်ဖော်ထားတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီဝတ္ထုကို ဝေဖန်သုံးသပ်တဲ့ ဝေဖန်ချက်တစ်ခုမှာ 'ငဘ'သည် 'ဖက်ဆစ်စနစ်၏ဒဏ်ကိုခံရသော မြန်မာလယ်သမားတို့၏ ဘဝဒုက္ခကို ဖော်ပြနေသောဝတ္ထုဖြစ်သည်'လို့ တွေ့ရတယ်ကွဲ့."

"ဟုတ်ကဲ့ပါ"

"ဒီတော့ စဉ်းစားကြည့်ရင် ဆရာကြီးမောင်ထင်က 'ငဘ' ဆိုတဲ့ လယ်သမားကြီးတစ်ယောက်ကို ဝိသေသပြုပြီး ရေးလိုက်တာဖြစ်ပေမယ့် ဂျပန်ခေတ်က မြန်မာလယ်သမားတွေရဲ့ ဘဝဒုက္ခကို ယေဘုယျဖော်ပြတဲ့ သဘောလည်းဖြစ်နေတာမို့ ဒါဟာ ယေဘုယျသဘောထင်ရှားအောင် ဝိသေသသုံး စကားတွေနဲ့ သရုပ်ဖော်လိုက်တာပဲပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ မြန်မာလယ်သမားဆိုတဲ့ ယေဘုယျသဘောကို ငဘဆိုတဲ့ လူတစ်ယောက်နဲ့ ဝိသေသပြုပြီးရေးဖွဲ့ထားကြောင်း သဘောပေါက်ပါပြီ ဆရာ။ ယေဘုယျသုံးစကားလုံးတွေနဲ့ ဝိသေသသုံးစကားလုံးတွေ ဆက်စပ် နေပုံကိုလည်း နားလည်ပါပြီ ဆရာ"

"ကဲ. . . တစ်ထောက်နားကြရအောင်"။ ။

> စဉ်းစားကြည့်ရင် ဆရာကြီးမောင်ထင်က 'ငဘ' ဆိုတဲ့ လယ်သမားကြီးတစ်ယောက်ကို ဝိသေသပြုပြီး ရေးလိုက်တာဖြစ်ပေမယ့် ဂျပန်ခေတ်က မြန်မာလယ်သမားတွေရဲ့ ဘဝဒုက္ခကို ယေဘုယျဖော်ပြတဲ့သဘောလည်းဖြစ်နေတာမို့ ဒါဟာ ယေဘုယျသဘော ထင်ရှားအောင် ဝိသေသသုံးစကားတွေနဲ့ သရုပ်ဖော်လိုက်တာပဲ

တက္ကသိုလ်ဝင်စာမေးပွဲ မွန်ပြည်နယ်၌ တစ်သောင်းရှစ်ထောင်ကျော် အေးချမ်းစွာ ဖြေဆိုလျက်ရှိ

မုဒုံ မတ် ၁၄

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်ကစ၍ ကျင်းပလျက်ရှိရာ မွန်ပြည်နယ်မှ ကျောင်းသား ကျောင်းသူ ၁၈၀၀၀ ကျော် အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

မတ် ၁၁ ရက် မြန်မာစာဘာသာရပ်တွင် စာရင်းပေးသွင်းသူ ၁၉၀၂၈ ဦးအနက် ၁၈၁၇၀ ဦးဖြေဆိုကြပြီး ပျက်ကွက်သူ ၈၅၈ ဦး ရှိသည်။ မတ် ၁၂ ရက် အင်္ဂလိပ်စာတွင် ၁၈၁၆၂ ဦး ဖြေဆိုကြပြီး ရှစ်ဦးပျက်ကွက်သည်။ မတ် ၁၃ ရက် သင်္ချာတွင် ၁၈၁၅၈ ဦး ဖြေဆိုကြပြီး ပျက်ကွက်သူလေးဦးရှိသည်။ ထို့ကြောင့် စာမေးပွဲဖြေဆိုရက် သုံးရက်အတွင်း ပျက်ကွက်သူ ၈၇၀ ရှိခဲ့သည်။ မတ် ၁၄ ရက်(ယနေ့)တွင် မွန်ပြည်နယ်တစ်ခုလုံး၌ စိတ်ကြိုက်မြန်မာစာဘာသာဖြေဆိုသူ လုံးဝမရှိကြောင်း သိရသည်။

ကျင်းပပြီးစီးခဲ့သည့် စာမေးပွဲဖြေဆိုရက် သုံးရက်အတွင်း ပျက်ကွက်သူများတွင် ကျောင်းသား ၄၈၈ ဦး၊ ကျောင်းသူ ၃၈၂ ဦး စုစုပေါင်း ၈၇၀ (၄ ဒသမ ၅၇ ရာခိုင်နှုန်း) ရှိသည်။ ကျောင်းသား ၆၉၃၁ ဦးနှင့် ကျောင်းသူ ၁၁၂၂၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၈၁၅၈ ဦး (၉၅ ဒသမ ၄၃ ရာခိုင်နှုန်း) တို့က တက္ကသိုလ်ဝင်စာမေးပွဲကို အေးချမ်းစွာ ဖြေဆိုလျက်ရှိကြသည်။ မတ် ၁၆ ရက် (တနင်္လာနေ့)တွင် ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

ကိုချစ်(မုဒုံ)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်ရပ်ကွက်၊ မြေကွက်အမှတ် (၆၀၃/ခ) မြေဧရိယာ ၂၀×၆၀ ပေရှိ မြေကွက်ပေါ်တွင် ဦးမြဝင်း ၁၂/သကတ(နိုင်)၀၂၂၃၅၉ အမည်ပေါက်ပိုင်ဆိုင်သူမှ တစ်ခန်းတွဲ၆ထပ်တိုက်၊ အကျိုးတူ ဆောက်လုပ်ရန် အဆိုပြု ကမ်းလှမ်းလာရန်Nation Light Co.Ltd မှ ကန်ထရိုက်တိုက် ဆောက်လုပ်ရန်အတွက် အလိုက်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးအပ်ထားပြီးနှစ်ဦး သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။အဆိုပါ ဆောက်လုပ်ခြင်းနှင့် ပတ်သတ်ပြီးကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ် ရက် အတွင်းကန့်ကွက်သူမရှိပါက အကျိုးတူဆောက် လုပ်ခြင်း ကို ပြီးစီးအောင် ဥပဒေ နှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းအများ သိစေ ရန်ကြေညာအပ်ပါသည်။
Nation Light Co.Ltd ၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းသီတာစိုး (LL.B,D.B.L,D.M.L)
အထက်တန်းရှေ့နေ
အမှတ်(၆၀၆)၊သီတာရေစင်လမ်း၊၁၆/၄ရပ်ကွက်သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၂
ကွယ်လွန်သူဦးထွန်းရီ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

အကွက်အမှတ် မ(၇၃)၂/၂၊ ရွှေဂုံပွား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းရီ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဒေါ်ခင်မြက အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေထိန်းစာလက်မှတ်ထုတ်ပေးရန် လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ် ဧပြီ ၉ရက် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းရီ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၅ ခုနှစ် ဧပြီ ၉ ရက် (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း စာလက်မှတ်ထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခု မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ခင်မြ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် မတ် ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဆောင်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

အထွေထွေကိုယ်စားလှယ်လွှဲစာ G.P လွှဲအပ်ခြင်းအား ရုပ်သိမ်းကြောင်းကြေညာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဇရာ ၁၉ လမ်း၊ အမှတ် (၁၀၈၇)၊ ၁၀၉၀ နေ ဒေါ်ဥမ္မာခင် ၁၂/ဥကမ(နိုင်)၀၂၄၅၇၅ မှ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၄ လမ်း၊ အမှတ် (၇၉)နေ တန်ကောက်ဟွာ(ခ)ဦးအောင်မြင့် ၁၂/လသန(နိုင်)၀၁၀၈၅၈ အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ခဲ့သော ၁၂-၉-၂၀၁၄ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၂၂၈/၂၀၁၄ ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ဒေါ်ဥမ္မာခင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးစိုးမာ LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၄)
အမှတ် (၁၁၈)၊ မဈေးလမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၈၊ မြေတိုင်းရပ်ကွက် အမှတ် ၄၊ သုခလမ်း၊ မြေကွက်အမှတ် ၁၀၂(က)၊ (၂၂×၆၀)ပေ၊ ၀ ဒသမ၀၃၀၈ဧက၊ စတုရန်းပေ ၁၃၂၀ ဧရိယာ အကျယ်ပမာဏရှိ ဦးအေးကျော် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအေးကျော်ကွယ်လွန်သဖြင့် သမီး ဒေါ်တင်တင်ထွေး ၁၂/အစန(နိုင်)၀၆၁၅၉၅ မှ လက်ဝယ်ပိုင်ဆိုင်သူ၊ လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)နှင့်တကွ ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယမင်းထွန်း LL.B အထက်တန်းရှေ့နေ (စဉ်-၂၆၅၁၆)
အမှတ် ၂၅၀ (က)၊ စိန်စီဂုဏ်ရောင်လမ်း၊ ၉/၃ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်
ဖုန်း-၀၉-၄၂၀၁၇၅၇၅၄



ပြည်တွင်းသတင်း

မိုဘိုင်းတာဝါတိုင်များမှထုတ်လွှင့်သည့် ရေဒီယိုလှိုင်းနှုန်းများနှင့် ပြည်သူ့ကျန်းမာရေး

နေပြည်တော် မတ် ၁၄

မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုများအတွက် အသုံးပြုသည့် ဆက်သွယ်ရေးတာဝါတိုင်များမှ ထုတ်လွှင့်သော ရေဒီယိုလှိုင်းများသည် အလွန်အားနည်းသဖြင့် အကျိုးဆက်အဖြစ် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ဖွယ်ရှိသည့် သက်သေအထောက်အထား တွေ့ရှိထားခြင်း မရှိကြောင်း အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာရှင်များက သဘောတူထားကြသော်လည်း အများပြည်သူများက စိုးရိမ်မှုများ ရှိနေကြသည်။ ဆက်သွယ်ရေးတာဝါတိုင်များမှ ထုတ်လွှင့်သည့် ရေဒီယိုလှိုင်းများနှင့် လျှပ်စစ်သံလိုက်စက်ကွင်း (Electromagnetic Field-EMF) များကြောင့် လူသားတို့၏ ကျန်းမာရေး ထိခိုက်မှု မရှိစေရန် International Commission on Non-Ionizing Radiation Protection (ICNIRP) မှ ရေဒီယိုလှိုင်းနှုန်းများအလိုက် ပတ်ဝန်းကျင်လူသားများထံသို့ ရောက်ရှိနိုင်မည့် ရေဒီယိုလှိုင်းပမာဏအား ကန့်သတ်ထားသည်။ နိုင်ငံတကာတွင် တာဝါတိုင်များမှ ထုတ်လွှင့်လျက်ရှိသည့် ရေဒီယိုလှိုင်းများသည် အဆိုပါကန့်သတ်ထားသည့် ပမာဏထက်ကျော်လွန်၍ ရောက်ရှိမှု ရှိ/မရှိ သက်ဆိုင်ရာတာဝန်ရှိသော အဖွဲ့အစည်းများက စစ်ဆေးတိုင်းတာမှုများပြုလုပ်၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနသည် GSM Association ၏ အကူအညီရယူလျက် မြန်မာနိုင်ငံအတွင်း အသုံးပြုနေသည့် ဆက်သွယ်ရေးတာဝါတိုင်များမှ စက်များ၏ ထုတ်လွှင့်နေသော ရေဒီယိုလှိုင်းများနှင့် လျှပ်စစ်သံလိုက်စက်ကွင်းများသည် နိုင်ငံတကာသတ်မှတ်စံနှုန်းများနှင့် ကိုက်ညီခြင်း ရှိ/မရှိကို စစ်ဆေးရန် ဆောင်ရွက်ခဲ့သည်။ အဆိုပါ အစီအစဉ်အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းများသည် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ရန်ကုန်မြို့တွင် မတ် ၇ ရက်မှ ၉ ရက်အထိ လည်းကောင်း၊ မန္တလေးမြို့တွင် မတ် ၁၀ ရက်မှ ၁၃ ရက်အထိ လည်းကောင်း နိုင်ငံတကာစံနှုန်းများနှင့်အညီ တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ သည်။

စစ်ဆေးတိုင်းတာ တွေ့ရှိချက်ရလဒ်များနှင့်စပ်လျဉ်း၍ မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အော်ပရေတာများနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်ဖြစ်ပြီး မတ် ၁၈ ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ နိုင်ငံတကာ ဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ သတင်းမီဒီယာများ၊ လူမှုအဖွဲ့အစည်းများနှင့် အများပြည်သူများ သိရှိနိုင်စေရန် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

ငါ့သရောက် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာတွင် မတ် ၁၃ ရက် ညနေ ၅ နာရီခွဲက ထမင်းချက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖြူကြီးကျေးရွာနေ ဒေါ်အုန်းကြွယ်သည် သုံးပင်ထန်းလက်မိုး၊ ထန်းလက်ကာနေအိမ်အတွင်း ထမင်းချက်ရာမှ စတင်မီးလောင်မှုဖြစ်ပွားခဲ့ပြီး အနီးရှိ ပျဉ်ထောင်၊ သွပ်မိုးနှစ်ထပ်အဆောက်အအုံတစ်လုံး မီးလောင်ကြောင်း သိရသည်။ မီးလောင်မှုနှင့် ပတ်သက်၍ ငါ့သရောက်မြို့နယ် ရဲစခန်းက အရေးယူထားသည်။

ရဲဝင်းနိုင် (iprd)

စက်သုံးဆီဆိုင်တွင် ဆီလှယ်ထည့်စဉ် မီးစတင်လောင်ရာမှ စက်သုံးဆီဆိုင်လေးဆိုင် မီးလောင်မှု ပခုက္ကူမြို့တွင် ဖြစ်ပွား

ပခုက္ကူ မတ် ၁၄

ပခုက္ကူမြို့ အမှတ် (၆)ရပ်ကွက် မြိုင်သာယာကွက်သစ် ပခုက္ကူ-မြိုင် ကားလမ်းအရှေ့ဘက်ရှိ ဇော်ကြီး စက်သုံးဆီ အရောင်းဆိုင်တွင် မတ် ၁၃ ရက် ညက ဆီဘောက်စ်ဆာကား အတွင်းမှ ဆီများကို ပီပါများ အတွင်းသို့ ဆီလှယ်ထည့်စဉ် မီးလောင်မှုစတင်ဖြစ်ပွားကာ မီးကူးစက် လောင်ကျွမ်းခဲ့သောကြောင့် စက်သုံးဆီဆိုင် လေးဆိုင်၊ လူသုံးဦး မီးလောင်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ဆိုင်ပိုင်ရှင် ဇော်ကြီး (ခ) ဖြိုးဝေလင်း (၄၂နှစ်)၏ ဇော်ကြီး စက်သုံးဆီအရောင်းဆိုင်တွင် အဆိုပါနေ့ည ၁၂ နာရီခွဲက ဆီဆိုင်အလုပ်သမား တင်နိုင်လတ် (၃၀နှစ်)၊ ဖိုးငြိမ်း(၁၆နှစ်)၊ ထိန်ဝင်းအောင်စသည့် ပခုက္ကူမြို့နေသူ သုံးဦးတို့က ၂၂ဘီး၊ ဂါလန် ၉၂၀၀ ဆံ့ ဆီဘောက်စ်ဆာကားအတွင်းမှ အောက်တိန်း ၉၂ ဆီများကို ပီပါများအတွင်းသို့ ဆီပိုက်ဖြင့် လှယ်ထည့်စဉ် ဆီပိုက်ထိပ်ရှိ သံပိုက်ခေါင်းနှင့် ဆီပီပါနှုတ်ခမ်းတို့ ပွတ်တိုက်ရာမှ (တည်ငြိမ်လျှပ်စစ်) ဖြစ်ပေါ်ပြီး မီးစတင်လောင်ကျွမ်းခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

အဆိုပါ မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးခင်မောင်သန်း ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင် ၂၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀၊ ရပ်ကွက်နေပြည်သူများနှင့် မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ခြောက်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မတ် ၁၄ ရက် နံနက် ၂ နာရီတွင် မီးလုံးဝငြိမ်းခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် သုံးပင်နှစ်ပင်၊ မြေစိုက်၊ သွပ်မိုး၊ ထရံကာ စက်သုံးဆီဆိုင် သုံးဆိုင်၊ သုံးပင်နှစ်ပင်၊ နှစ်ထပ်၊ အုတ်ကာ၊ သွပ်မိုး စက်သုံးဆီဆိုင် တစ်ဆိုင်နှင့် စုစုပေါင်း ဆီပီပါ ၄၅ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မီးလောင်မှုကြောင့် ဆီဆိုင်အလုပ်သမား တင်နိုင်လတ်၊ ထိန်ဝင်းအောင်နှင့် ဆီကားနောက်လိုက် အောင်ဇော်လတ် စုစုပေါင်း သုံးဦးတို့တွင် မစိုးရိမ်ရ မီးလောင်ဒဏ်ရာ ရရှိခဲ့သောကြောင့် ပခုက္ကူဆေးရုံသို့ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်းသိရပြီး ထိုမီးလောင်မှုနှင့်ပတ်သက်၍ ထိန်ဝင်းအောင်၊ တင်နိုင်လတ်နှင့် ဖိုးငြိမ်းတို့သုံးဦးအား ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

ကျော်ဇေယျ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁(ဘီ)၁၊ တိုက်အမှတ် ၃၁/၃၃၊ မြေညီထပ်၏ပိုင်ဆိုင်ခွင့် အရပ်ရပ်ကို တရားဝင်လွှဲပြောင်း ရယူမည်ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ဖြစ်စေ၊ လွှဲပြောင်းရယူမည့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဖြူဖြူအောင်ထံသို့ဖြစ်စေ၊ ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်သည်အထိ ကန့်ကွက်မည့်သူမရှိလျှင် အဆိုပါတိုက်ခန်းအား ဒေါ်ဖြူဖြူအောင်မှ တရားဝင်လွှဲပြောင်းရယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ဖြူဖြူအောင်	**ဒေါ်လှလှဆန်း**
၁၂/ပဘတ(နိုင်)၀၂၉၁၂၈	**B.A (Law), LL.B, LL.M (II)**
တိုက် ၆၃၊ အခန်း(ခ)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၀၅)**
စိန်ပန်း(၄)၊ နေပြည်တော်	**အခန်း C -15၊ YMCA တိုက်တန်း**
ဖုန်း-၀၉-၄၃၀၆၅၂၇၄	**ရက်ကွက်ကြီး(၁)၊ ပြင်ဦးလွင်**
	ဖုန်း-၀၉-၇၉၄၈၉၄၁၇၅

Basic Engineering Course နှင့်

(လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်)

အခြေခံ/ကျွမ်းကျင် သင်တန်း တက်လိုသူများ

ပြည်တွင်း/ပြည်ပ - အလုပ်အကိုင်ရှာနေသူများ နှင့်

ဝန်ထမ်းကောင်းများရှာနေသည့် အလုပ်ရှင်များ

သုခစုစံ ကုမ္ပဏီ သို့ ဆက်သွယ်ပါ။

ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။

Ph : (01) 377343, 377344, 385758, 386877, 392233

ကုမ္ပဏီမှတ်ပုံတင် (ယာယီ) လက်မှတ်ပျောက်ဆုံးခြင်း

အမှတ် (၃၁)၊ သိန္နီလမ်း၊ (၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း လိပ်စာဖြင့် ကင်းဂလက်စီကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (ယာယီ) ကတ်ပြားအမှတ် ၂၈၈၈/၂၀၁၂-၂၀၁၃ နှင့် အရေးကြီးစာရွက်စာတမ်းများကို ၃-၃-၂၀၁၅ ရက်က အငှားယာဉ် တစ်စီးပေါ်၌ မေ့ကျန်ခဲ့ပါသဖြင့် အောက်ပါဖုန်းအမှတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ကျေးဇူးဆပ်ပါမည်။**

ဖုန်း-၈၆၁၀၅၇၀၊ ၀၁-၂၀၁၅၄၂

ငှားမည်

(၁) RC2ထပ်+2BN၊ 5MBR+ Fully Furnished

(Diamond Inya Palace Condo အနီး၊ မရမ်းကုန်း)။

(၂) မြေ - 65′ x 76′၊ ဒေါင့်ကွက်၊ ရေ+ မီတာ+ ခြံခတ်ပြီး၊ လမ်းကျယ်၂ဖက်ပွင့် (ဝင်ဒါမီယာ၊ ဗဟန်း)။

Phone - 09 732 00440, 09 253 770707

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

ပြည်ခရိုင်တရားမရုံး၌

၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၆

ဒေါ်အေးအေးမြင့်	နှင့်	၁။ ဦးသန်းထွန်းအောင်
		၂။ ဦးရင်သူ
တရားလို		**တရားပြိုင်များ**

ဦးသန်းထွန်းအောင် အမှတ် ၂၅၊ လမ်းသွယ်(၁)၊ စစ်ကိုင်းလမ်း၊ (ခ)ရပ်ကွက်၊ ရပ်ကွက်ကြီး(ဂ)၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်အေးအေးမြင့်က တရားလိုပြန်လည်စိုက်ထုတ်ပေးအပ်ခဲ့ရသည့် အကျိုးဆောင်ရွက်ခ ကျန်ငွေ ၁၂၀၄၉၀၀၀ိ/-(ကျပ်သိန်းတစ်ရာ့နှစ်ဆယ်လေးသောင်းကိုးထောင်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၉ ရက် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးချိန်းသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်၊ တင်ပြလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း စရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြဝင်း)

ဒုတိယခရိုင်တရားသူကြီး

ပြည်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅H၊ မြေကွက်အမှတ် ၇၆၈၊ မြေကွက် တည်နေရာအမှတ်(၂၇)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးတိုးဦး၊ ဒေါ်အေးအေး၊ ဒေါ်စီစီ အမည်ပေါက် နှစ်၆၀ဂရန်မြေ အမည်ပေါက် တစ်ဦး ဒေါ်အေးအေး (မိခင်)၊ ဦးဇော်ဝင်း(ဖခင်)တို့အသီးသီးကွယ်လွန်သဖြင့် ဒေါ်ဝင်းသန္တာဖြိုး ၁၂/ဗဟန(နိုင်) ၀၈၄၄၀၉၊ ဒေါ်ခင်သော်တာနိုင် ၁၂/ဗဟန(နိုင်)၀၉၅၉၂၇တို့မှ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ကျန်အမည်ပေါက် ဦးတိုးဦး ၁၂/ဗဟန(နိုင်)၀၆၅၂၈၄၊ ဒေါ်စီစီ ၁၂/ဗဟန(နိုင်) ၀၆၅၉၆၀ တို့နှင့်ပူးတွဲ၍ အရောင်းအဝယ်စာချုပ်ရန်နှင့်ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးညီညီမင်း၏သမီး ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်း အထက၊ ဒုတိယတန်းဖြေဆိုထားသော မခင်ကမ္ဘာညီအား ယနေ့မှစ၍မကြွယ်စင်လင်းလက်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မကြွယ်စင်လင်းလက်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ ပြည်သာယာ အဆင့်မြင့်အိမ်ရာ၊ တိုက်(၅)၊ အခန်း (၃၄)ကို မူလအမည်ပေါက် ဦးချစ်တင် အမည်မှ သားဖြစ်သူ ဦးသန်းနိုင် ၁၂/ရကန(နိုင်) ၀၅၄၇၁၁ အမည်သို့ ပြောင်းလဲပေးပါရန် ကျန်မောင်နှမ ငါးယောက်၏ သဘောတူညီချက်ဖြင့် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာန**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြေညီထပ်(တိုက်သစ်)ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ရွှေရည်လမ်းမကြီးပေါ်၊ လေးဒေါင့်ကန်လမ်း ရွှေရည်ကားမှတ်တိုင်နှင့်အနီး (၁၂½×၅၀)ပေ ခြောက်ထပ်တိုက်(မြေညီထပ်) (အသင့်ပြင်ဆင်ပြီး) (ဆိုင်ခန်းဖွင့်ရန်ကောင်း) ဈေးနှုန်းကျပ်သိန်း ၄၅၀၊ ဈေးနှုန်းအား ညှိနှိုင်းဆောင်ရွက်ပေးမည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်သည်။

ဖုန်း-၀၉-၄၂၀၂၅၀၅၁၆

တိုက်ခန်း(အသစ်)အမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ (၅)လမ်း (လမ်းကျယ်/ ကားမှတ်တိုင်/ဈေးနှင့်နီး) ခြောက်ထပ်တိုက် (တရားဝင်ဆောက်လုပ်ခွင့်နှင့် BCC ပါပြီး) သုံးလွှာ(ဝဲ+ယာ)နှစ်ခန်း (၁၂½ပေ×ပေ ၅၀)၊ ဘေစင်၊ မီးဖိုခုံ၊ အိမ်သာ၊ ရေချိုးခန်း (ကြွေပြား ကပ်ပြီး) သိန်း ၃၂၀ဈေးနှုန်းအား ညှိနှိုင်းပေးမည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၄၂၀၂၅၀၅၁၆

သွေးသည် အသက်

ပြည်တွင်းသတင်း

ပညာသင်ဆုများ ပိုမိုပေးအပ်လာသဖြင့် ပညာသင်ယူရန်အခွင့်အလမ်းပိုရလာ

သတင်း- ခင်ရတနာ
ဓာတ်ပုံ-မင်းထက်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၄

"စကောလားရှစ် အစီအစဉ်တွေဆိုတာကို ကိုယ်နဲ့အလှမ်းဝေးမယ်ထင်ခဲ့တာ၊ အခုတော့ ကျွန်မရဲ့ အိပ်မက်ဖြစ်တဲ့ Graphic Animator တစ်ယောက်ဖြစ်ဖို့ နီးစပ်လာခဲ့ပြီ။ ပညာသင်ဆုတွေ ယခုထက်ပိုပြီး ရရှိလာမယ်ဆိုရင် လူငယ်တွေရဲ့ အနာဂတ်က လှပသွားမယ်" လို့ မျိုးဆက်သစ် သတင်းအချက်အလက်နှင့် နည်းပညာ၊ ဆက်သွယ်ရေးကဏ္ဍအတွက် ဟွာဝေးမှ ပေးအပ်သည့် ပညာသင်ဆုရရှိထားသူ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသူ မသီရိဝေက ပြောပါတယ်။

မသီရိဝေကဲ့သို့ နည်းပညာတက္ကသိုလ်များတွင် တက်ရောက်နေသူများအနက် ၅၀ ကို ပညာသင်ဆုချီးမြှင့်ခြင်းနှင့် ဟန်နာအမည်ရှိ ဆက်သွယ်ရေးနည်းပညာ သင်ရိုးညွှန်းတမ်းသစ်တစ်ခုကို Huawei Authorized Network Academy မှ လှူဒါန်းခြင်းကို မတ် ၁၃ ရက်က ဆီဒိုးနားဟိုတယ်မှာ ကျင်းပခဲ့တာပါ။

"ကျောင်းသား ကျောင်းသူတွေအတွက် ပြည်တွင်းတက္ကသိုလ်တွေမှာ ပညာသင်ကြားရင်း ပညာသင်ဆုအခွင့်အလမ်းတွေ ယခင်ကထက် ပိုများလာပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ လုပ်ငန်းစုတွေရဲ့ ထောက်ပံ့မှုကြောင့် ကလေးတွေ အခွင့်အလမ်းများလာတာဖြစ်ပြီး သင်ကြားရေးစနစ်တွေမှာလည်း များစွာအထောက်အကူပြုစေတယ်" ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ပြောပါတယ်။

ဆက်သွယ်ရေး နည်းပညာကုမ္ပဏီ ဟွာဝေးမှ ဟန်နာအမည်ရှိ ဆက်သွယ်ရေးနည်းပညာ သင်ရိုးညွှန်းတမ်းတစ်ခုကို သန်လျင် နည်းပညာတက္ကသိုလ်သို့ လှူဒါန်းပေးခဲ့ပြီး မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်

လာရန် ကြိုးပမ်းသွားမည်ဖြစ်ကာ တက္ကသိုလ်များအားလုံးမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ အားလုံးထံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍအကြောင်း အကျွမ်းဝင်စေရန် ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ဟွာဝေးနည်းပညာကုမ္ပဏီ (ရန်ကုန်)၏ မန်နေးဂျင်းဒါရိုက်တာ မစ္စတာ လီဇီဟိုက ဆိုပါတယ်။

"ကျောင်းမှာ စာသင်နေတုန်း စကောလ်လားရှစ် လျှောက်ထားနိုင်ကြောင်းကို သိရတဲ့အတွက် လျှောက်ထားဖြစ်ပါတယ်။ ကျွန်မတို့အတွက် ပညာသင်ဆုရရှိထားမယ်ဆိုရင် သင်ယူတတ်မြောက်ဖို့အတွက် ကုန်ကျစရိတ်အခက်အခဲက လွန်မြောက်တော့မှာပါ။ ပညာရေးကဏ္ဍမှာ ပညာရပ်တစ်ခုကို စေ့ငုလေ့လာဖို့အတွက် အချိန်နဲ့ငွေ လိုအပ်ပါတယ်။ နိုင်ငံတကာမှာလည်း ထူးချွန်ကျောင်းသားတွေအတွက် ပညာဆက်လက်သင်ကြားဖို့က ပညာသင်ဆုကိုသာ မျှော်လင့်ကြရတာမို့ ကျွန်မတို့ ရရှိသလို အခြားတက္ကသိုလ်အသီးသီးမှာလည်း ပညာသင်ဆုတွေပေါ်ပေါက်လာဖို့ ဆုတောင်းပါတယ်"ဟု မသီရိဝေက ပြောပြပါတယ်။

ဟွာဝေးမှ ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်မှ ကျောင်းသား ကျောင်းသူ ၁၀ ဦးစီနှင့် မော်ဘီနည်းပညာတက္ကသိုလ်နှင့် သန်လျင်နည်းပညာ တက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူ ၁၅ ဦးစီ စုစုပေါင်း ကျောင်းသား ကျောင်းသူ အယောက် ၅၀ တို့ကို ပညာသင်ဆုများပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဟန်နာ အစီအစဉ်မှာမူ ကမ္ဘာတစ်လွှားကောလိပ်များ၊ တက္ကသိုလ်များနှင့် ချိတ်ဆက်ကာဆက်သွယ်ရေး နည်းပညာဆိုင်ရာများကို မြှင့်တင်ပေးနေသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း ဟွာဝေးလ်မှ လူမှုဆက်ဆံရေးအရာရှိ မစ္စတာဂျွန်နီထံမှ သိရပါတယ်။

ဟွာဝေးမှ ပညာသင်ဆု နည်းတူ အခြားသော နည်းပညာဆိုင်ရာ လုပ်ငန်းများကလည်း စကောလားရှစ် အစီအစဉ်များကို ယခုနောက်ပိုင်းတွင် တက္ကသိုလ်များနှင့် ပူးပေါင်းလုပ်ဆောင်ရန် ကမ်းလှမ်းမှုများပြားလာကြောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးကဏ္ဍတွင် ယခုထက်ပိုမိုကာ သင်ယူနိုင်မည့် ခြေလှမ်းသစ်များဖြစ်ကြောင်း ဒုတိယဝန်ကြီးကလည်း ဆိုပါတယ်။

"ကျောင်းသား ကျောင်းသူတစ်ဦးကို အမေရိကန်ဒေါ်လာ တစ်ထောင်စီ ပညာသင်ဆုအဖြစ် ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ပါတယ်။ နောက်ထပ်လည်း အခြားတက္ကသိုလ်အသီးသီးက ထူးချွန်ကျောင်းသားတွေကို ပညာသင်ဆုတွေ ချီးမြှင့်သွားဖို့ရှိတယ်"ဟု ဟွာဝေးနည်းပညာကုမ္ပဏီ(ရန်ကုန်)၏ မန်နေဂျင်းဒါရိုက်တာ မစ္စတာလီဇီဟိုက ပြောပါတယ်။

(မြန်မာ့အလင်း)

ရောင်စုံဓာတ်ပုံပြိုင်ပွဲ မြို့တော်ဝန်အထူးဆု ကိုအောင်ကျော်ထွန်း(ပုသိမ်ကြီး)ရရှိ

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် တတိယအကြိမ် မြို့တော်ရန်ကုန် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆယ့်နှစ်လရာသီပွဲတော်များ၊ ရိုးရာလက်မှုအနုပညာလုပ်ငန်းများ၊ ပြောင်းလဲတိုးတက်လာသော မြို့တော်ရန်ကုန်နှင့် တိမ်မြုပ်နေသော ရှေးဟောင်းအဆောက်အအုံ၊ ကဏ္ဍလေးမျိုးတို့ကို ဓာတ်ပုံပညာရှင်ကြီးများက စိစစ်အကဲဖြတ်ခြင်းအား မတ် ၈ နှင့် ၉ ရက်တို့တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါကဏ္ဍလေးခုတွင် ဆယ့်နှစ်လရာသီပွဲတော်များ၌ ပထမ ကျော်ဇော‌လေး၊ ဒုတိယ ခန့်မင်းသန့်၊ တတိယ နေလင်းဇော်(ခ)နေဉက္ကာတို့က လည်းကောင်း၊ ရိုးရာလက်မှုအနုပညာလုပ်ငန်းများကဏ္ဍတွင် ပထမ-ဦးဆန်းဌေး၊ ဒုတိယ-ဦးတင်မြင့်(စစ်ငြိမ်းပန်း)၊ တတိယ-မျိုးမင်းကြွယ်(ရွှေတောင်ကြား)တို့က လည်းကောင်း၊ ပြောင်းလဲတိုးတက်လာသော မြို့တော်ရန်ကုန်မြင်ကွင်းကဏ္ဍတွင် ပထမ စောလှိုင်ဝင်း၊ ဒုတိယ ကိုကိုဇေယျာဖြိုး၊ တတိယ ငြိမ်းစန္ဒာစိုးတို့ကလည်းကောင်း၊ တိမ်မြုပ်နေသော ရှေးဟောင်းအဆောက်အအုံကဏ္ဍတွင် ပထမ မင်းပိုင်ဖြိုး၊ ဒုတိယ ဇေယျာလင်း၊ တတိယ ခင်မိုးပွင့်တို့ကလည်းကောင်း ရရှိခဲ့ကြသည်။

ထို့အပြင် မြို့တော်ဝန်၏ အထူးဆု (Grand Prize) ကို ရိုးရာလက်မှုအနုပညာလုပ်ငန်းများ ကဏ္ဍမှ အောင်ကျော်ထွန်း(ပုသိမ်ကြီး)၏ပုံက ရရှိသွားပြီး ဆုရရှိသူများကို မတ် ၁၇ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ဆုပေးပွဲကျင်းပသွားမည်ဖြစ်ကာ ပထမငွေကျပ် ခုနစ်သိန်း၊ ဒုတိယငွေကျပ် ငါးသိန်း၊ တတိယငွေကျပ် သုံးသိန်းနှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ်တစ်သိန်းစီ ချီးမြှင့်မည်ဖြစ်ပြီး မြို့တော်ဝန်၏ အထူးဆု (Grand Prize) ဆုကို ငွေကျပ်သိန်း ၂၀ ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့တော် ရန်ကုန် ရောင်စုံ ဓာတ်ပုံပြိုင်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီး အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဓာတ်ပုံပညာရှင်ပေါင်း ၁၃၄ ဦးတို့က ဓာတ်ပုံပေါင်း ၉၂၂ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပြပွဲကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့တော်ခန်းမ၌ ခင်းကျင်းပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968

ALPHARD ကားရောင်းမည်
5I/----(ဖြူ) 02, 2.4, 2WD, ခုံမည်း
စကတ်နှင့်ဆိုနာပတ်လည်၊ ရှေ့/နောက်
Camera Manual Slide၊
အော် TV သုံးလုံး၊ အော်အလှိုင်း
ကျပ် ၁၇၉ သိန်း။ ဖုန်း-၀၉-၃၁၀၅၅၈၇၁

ပျောက်ဆုံးကြောင်း
ကျွန်မ မသူဇာသင်း ၁၀/ခဆန(နိုင်) ၁၃၄၀၃၃၈၏ Psno (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၃၇၀၇၁၀

ရန်ကုန်တိုင်းဒေသကြီး
ဖမ်းဆီးရမိ ပိုင်ရှင်မဲ့/လိုင်စင်မဲ့မော်တော်ယာဉ်များအား
ရောင်းချရန် ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၊ ဖမ်းဆီးရမိသော ပိုင်ရှင်မဲ့/လိုင်စင်မဲ့မော်တော်ယာဉ်များအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချသွားမည်ဖြစ်ပါသည်။ တင်ဒါပုံစံများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနစု (၇) တွင် ၁၆. ၃. ၂၀၁၅ ရက်နေ့မှစ၍ ရုံးချိန်အတွင်း တစ်စောင်လျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။
၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံ ဝယ်ယူရမည့် နေရာသို့ လူကိုယ်တိုင်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (P.E. လက်မှတ်) များကို ၂၀၁၃ ခုနှစ်မှစ၍ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၎င်းလက်မှတ်များ၏ သက်တမ်းကန့်သတ်ချက်များကိုလည်း ကတ်ပြားတိုင်းတွင် ဖော်ပြသတ်မှတ်ပြီး ဖြစ်ပါသည်။ သို့ပါ၍ P.E. လက်မှတ်ကိုင်ဆောင်ထားသော အင်ဂျင်နီယာပညာရှင်များသည် P.E. လက်မှတ်သတ်မှတ်သက်တမ်း ပြည့်နေပါက မိမိတို့၏ လက်မှတ်သက်တမ်းတိုးမြှင့်ရန် ကောင်စီမှ ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လာရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com

Mr. LIM ISUNG IHIAM (Thousand Islands Co., Ltd.) နှင့်
အများသိစေရန်ကြေညာခြင်း

Mr. LIM ISUNG IHIAM (Thousand Islands Co.,Ltd.) သည် ကျွန်ုပ်မိတ်ဆွေပိုင် မဟာညီအစ်ကို ကုမ္ပဏီလီမိတက်မှ တင်သွင်းရောင်းချသည့် Brund New Dong Feng Dump Truck (4G-4534, 4G-4535) မော်တော်ယာဉ် နှစ်စီးအား ၁၅-၁-၂၀၁၄ ရက်စွဲပါ ကတိစာချုပ်ဖြင့် ငှားရမ်းယူဆောင်သွားခဲ့ပြီး ထိုစာချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်၍ ကျွန်ုပ်မိတ်ဆွေပိုင်ကားနှစ်စီးကို ၎င်းတို့လုပ်ငန်း လုပ်ဆောင်ခဲ့သည့်နေရာ၌ပင် ထိန်းသိမ်းမှုမဲ့စွာ စွန့်ပစ်ထားခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေက နည်းလမ်းတကျပြန်လည်သိမ်းယူခဲ့ပြီးဖြစ်ပါသည်။

Mr. LIM ISUNG IHIAM (Thousand Islands Co.,Ltd.) အနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဥပဒေနှင့်အညီ လူကြီးမင်းကိုယ်တိုင်သော်လည်းကောင်း၊ သို့မဟုတ် ကုမ္ပဏီမှတာဝန်ရှိသူသော်လည်းကောင်း လာရောက်ဖြေရှင်းပေးရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဖြေရှင်းမှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးယုန်အမ်း
၁၃/တယန(နိုင်)၀၁၇၁၇၄

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်လင်း LL.B (တရားလွှတ်တော်ရှေ့နေ)
၆၈လမ်း၊ ၂၉×၃၀လမ်းကြား၊ E-16 ထွေ/အုပ် တိုက်တန်း၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၆၀၃၄၀

ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပြုလုပ်ပေးသော PDP/EDP သင်တန်းအမှတ်စဉ် (၂) ကို (၂၁.၃.၂၀၁၅) စနေနေ့ နှင့် (၂၂.၃.၂၀၁၅) တနင်္ဂနွေနေ့များတွင် ရန်ကုန်နည်းပညာတက္ကသိုလ် YTU ကြို့ကုန်းတွင် ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးထားပြီးဖြစ်သော လျှောက်လွှာရှင်များ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဆက်လက်၍ သင်တန်းအမှတ်စဉ် (၃) ကို (၂၅.၄.၂၀၁၅) စနေနေ့ နှင့် (၂၆.၄.၂၀၁၅) တနင်္ဂနွေနေ့ ရက်များတွင် ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးသို့ ကြိုတင်စာရင်းသွင်းလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သင်တန်းသားဦးရေ ကန့်သတ်ချက်ရှိပါသဖြင့် စာရင်းပေးသွင်းထားသည့် အစီအစဉ်အတိုင်း ဦးစားပေးတက်ရောက်ကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com

ဆောင်းပါး

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာအခြေအနေ ယခုနှစ် နိုဝင်ဘာလအတွင်း ဒုတိယအကြိမ် သုံးသပ်မည်

ဒေါက်တာ ခိုင်ခိုင်ဝင်း

ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေကို ပုံမှန်သုံးသပ်သည့် Universal Periodic Review (UPR) ကို ၂၀၀၈ ခုနှစ်မှစတင်ပြီး လူ့အခွင့်အရေးကောင်စီတွင် နိုင်ငံအလိုက် အလှည့်ကျ ပုံမှန်သုံးသပ်ခံခဲ့ရာ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ပထမအကြိမ် သုံးသပ်ခံယူခဲ့ကြပြီး ဒုတိယအကြိမ်အဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း သုံးသပ်မှုခံယူနေကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ် သုံးသပ်ခံယူမှုကို ၂၀၁၁ခုနှစ် ဇန်နဝါရီလအတွင်းက သုံးသပ်ခံယူခဲ့ပြီး ယခုလာမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ဒုတိယအကြိမ် သုံးသပ်မှုကို ခံယူရတော့မည် ဖြစ်ပါသည်။

UPR ဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ လက်အောက်ရှိ လူ့အခွင့်အရေးကောင်စီမှ ချမှတ်ထားသော စုစုပေါင်း ၁၉၃ နိုင်ငံပါဝင်သည့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်ဖြစ်ပြီး ရည်ရွယ်ချက်မှာ နိုင်ငံများတွင် ဖြစ်ပေါ်နေသော လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအခြေအနေများကို ဝိုင်းဝန်းအဖြေရှာကြပြီး နိုင်ငံများမှ ပြည်သူများ၏ လူ့အခွင့်အရေးအခြေအနေများ တိုးတက်လာစေရေးအတွက် ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအားလုံး တစ်ပြေးညီသုံးသပ်မှုခံယူရမည့် UPR လုပ်ငန်းစဉ်ကို ၂၀၀၅ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက် ၆၀/၂၅၁ ဖြင့် ချမှတ်ခဲ့ပါသည်။ သုံးသပ်ခံယူရာတွင် သုံးသပ်မှုခံယူသည့်နိုင်ငံနှင့် လူ့အခွင့်အရေးကောင်စီတို့အကြား အပြန်အလှန် အကျိုးသက်ရောက်စေသည့် ဆွေးနွေးခြင်းပုံစံမျိုးဖြင့် ဆွေးနွေးခြင်းဖြစ်ပါသည်။ ပထမအဆင့်ဖြစ်သော Working group of the Universal Periodic Review meeting တွင် သုံးသပ်မှုခံယူမည့်နိုင်ငံအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသုံးနိုင်ငံအား ရွေးချယ်ပြီး ဦးဆောင်ဆွေးနွေးစေခြင်းဖြစ်ပါသည်။ ၎င်းသုံးဦးသည် မတူညီသော ဒေသအတွင်းမှ ဖြစ်ရမည်ဖြစ်ပြီး ၎င်းတို့ကို A group of three rapporteurs သို့မဟုတ် Troikas ဟု ခေါ်ဝေါ်ကြပါသည်။ ပထမအကြိမ် သုံးသပ်မှုခံယူခဲ့စဉ်က မြန်မာနိုင်ငံအတွက် Troikas သုံးဦးမှာ ကိုရီးယားသမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် လစ်ဗျားနိုင်ငံများမှဖြစ်ပြီး ယခုဒုတိယအကြိမ်တွင် ဂါနာနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ဆောင်ရွက်မည်ဖြစ်ပါသည်။ သုံးသပ်မှုခံ နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများအား သုံးသပ်ရာတွင် အဓိကအားဖြင့် နိုင်ငံမှ တင်သွင်းသော စာမျက်နှာပေါင်း ၂၀ ပါရှိသည့် အမျိုးသားအဆင့် အစီရင်ခံစာ(National Report)၊ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ရှိ Office of the High Commissioners for Human Rights (OHCHR) မှ တင်သွင်းသော စာမျက်နှာပေါင်း ၂၀ ပါ အစီရင်ခံစာနှစ်ခု စုစုပေါင်း အစီရင်ခံစာသုံးခုအပေါ် အခြေခံသုံးသပ်ခြင်း ဖြစ်ပါသည်။ OHCHR မှ တင်သွင်းသော အစီရင်ခံစာနှစ်ခုသည် ကုလသမဂ္ဂအဖွဲ့အစည်းများမှ တင်သွင်းသော အစီရင်ခံစာများ၊ နိုင်ငံများမှ အတည်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်သည့် လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၏ Treaty Bodies များမှ တင်သွင်းသည့် အစီရင်ခံစာများ၊ Special Rapporteur မှ တင်သွင်းသည့် အစီရင်ခံစာများ၊ CSOs, NGOs အဖွဲ့အစည်းများမှ တင်သွင်းသော အစီရင်ခံစာများနှင့် 'အေ' အဆင့်မရရှိသေးသော အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ တင်သွင်းသော အစီရင်ခံစာများကို ပြင်ဆင်တည်းဖြတ်ပြီးမှ တင်သွင်းခြင်း ဖြစ်ပါသည်။ သုံးသပ်မှုခံယူသည့် နိုင်ငံသို့ ကမ္ဘာ့နိုင်ငံများမှ မေးခွန်းများနှင့် အကြံပြုချက်များ (Questions, Recommendations, suggestions) များကို ယင်း Working group meeting တွင် ပြုလုပ်နိုင်ပြီး အချိန်အားဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီအတွက် ၂၁၀ မိနစ် ရရှိမှာဖြစ်ပါသည်။

ဆက်လက်ပြီး လူ့အခွင့်အရေးကောင်စီ၏ Plenary Session တွင် Working group meeting မှ Troika များ အပြီးသတ် သုံးသပ်တင်ပြသည့် တင်ပြချက်များကို အတည်ပြုချမှတ်နိုင်ရေးဆွေးနွေးကြပါသည်။ အဆိုပါ အပြီးသတ် အတည်ပြုချမှတ်မည့် Plenary Session သို့ သက်ဆိုင်ရာနိုင်ငံ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ လေ့လာသူများ၊ 'အေ' အဆင့်ရ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ECOSOC status & NGOs အဖွဲ့အစည်းများ ပါဝင်တက်ရောက်ခွင့်နှင့် ဝင်ရောက်ဆွေးနွေးခွင့်ရှိပါသည်။

UPR သည် ၂၀၀၆ ခုနှစ်မှ စတင်လာခဲ့ပြီး ပထမအကြိမ် သုံးသပ်မှုခံယူခဲ့စဉ်က နိုင်ငံများအတွက် လူ့အခွင့်အရေးအခြေအနေများနှင့်စပ်လျဉ်းပြီး ခေါင်းစဉ်သီးသန့်မပေးထားသော စာစီစာကုံးတစ်ပုဒ်ရေးနေရသကဲ့သို့ ဖြစ်ခဲ့ပါသည်။ သို့သော်လည်း ယခုဒုတိယအကြိမ် တင်သွင်းရမည့် အစီရင်ခံစာတွင်မူ ခေါင်းစဉ်တစ်ခု သတ်သတ်မှတ်မှတ်ချထားပြီးကဲ့သို့ဖြစ်နေပါသည်။ ဆိုလိုသည်မှာ နိုင်ငံတိုင်းတွင် မိမိတို့ပထမအကြိမ် သုံးသပ်မှုခံယူခဲ့စဉ်က သဘောတူ လက်ခံခဲ့သည့်အချက်များ၊ လက်မခံသည့်အချက်များ၊ စဉ်းစားမည်ဟု ပြောကြားထားခဲ့သည့် အချက်များစွာရှိကြပါသည်။ ၎င်းတို့အနက်မှ မိမိတို့လက်ခံခဲ့သည့်အချက်များကို မည်မျှအထိ အကောင်အထည်ဖော်ခဲ့ပြီးပြီ၊ မည်မျှကျန်နေသေးသည်၊ မည်သည့်အတွက်ကြောင့် ကျန်နေရသည် စသည့်အချက်များကို ယခု ဒုတိယအကြိမ် သုံးသပ်မှုခံယူစဉ်တွင် ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပထမအကြိမ် သုံးသပ်မှုခံယူခဲ့စဉ်က စဉ်းစားမည်ဟု ပြောကြားခဲ့သော်လည်း လက်တွေ့ အကောင်အထည်ဖော်ပြီး ကိစ္စရပ်များကိုလည်းထည့်သွင်းရေးသားနိုင်ပါသည်။ ဥပမာ- မြန်မာနိုင်ငံအနေနှင့် ပါရီအခြေခံမူများနှင့် ကိုက်ညီမှုရှိသည့် လွတ်လပ်သည့် အမျိုးသား လူ့အခွင့်အရေးကော်မရှင် တည်ထောင်ရန် နိုင်ငံ ရှစ်နိုင်ငံမှ အကြံပြုချက်များပေးခဲ့စဉ်က လက်မခံခဲ့သော်လည်း စဉ်းစားမည်ဟု ပြောကြားထားခဲ့ပါသည်။ သို့သော် ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး ပါရီအခြေခံမူများနှင့် ကိုက်ညီမှုရှိသည့် လွတ်လပ်သည့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့ပြီးဖြစ်ပါသည်။

> **UPR လုပ်ငန်းစဉ်တွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံသားများ၏ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးလုပ်ငန်းများ ဖြည့်တင်း ဆောင်ရွက်ရာတွင်ရရှိခဲ့သည့် အောင်မြင်မှုများ၊ အမှန်တကယ် ကြုံတွေ့နေရသည့် အခက်အခဲများ၊ အခြေအနေများနှင့် စိန်ခေါ်မှု များအား နိုင်ငံတကာသို့ အရိုးသားဆုံးနှင့် အမှန်ကန်ဆုံး ချပြရန် အရေးကြီး**

မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ် သုံးသပ်မှုခံယူခဲ့စဉ်က နိုင်ငံပေါင်း ၅၇ နိုင်ငံမှ အကြံပြုချက် စုစုပေါင်း ၁၉၀ ရရှိခဲ့ပါသည်။ ၎င်းတို့အနက်မှ အကြံပြုချက် ၇၄ ချက်ကို လက်ခံခဲ့ပြီး ၇၆ ချက်ကို ငြင်းပယ်ခဲ့ပါသည်။ ကျန်ရှိ ၄၆ ချက်ကို စဉ်းစားပါမည်ဟု ပြောကြားထားခဲ့ပါသည်။ ယခုတင်သွင်းရတော့မည့်ဒုတိယအကြိမ် အစီရင်ခံစာတွင် မိမိတို့လက်ခံခဲ့သည့်အချက်များမှ အကောင်အထည်ဖော်ပြီးစီးမှုများ၊ နိုင်ငံမှပါဝင်အတည်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်သည့် လူ့အခွင့်အရေးစာချုပ်ပါအချက်များကို အကောင်အထည်ဖော်နေမှုများ၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင်ပါရှိ သည့် လူ့အခွင့်အရေးများနှင့် နိုင်ငံမှပြောကြားခဲ့သည့် Voluntarily Commitments များအပေါ် အခြေခံရေးသားရမည်ဖြစ်ပြီး မှန်ကန်မှုရှိပြီး ပွင့်လင်းမြင်သာမှုရှိသည့် အစီရင်ခံစာဖြစ်ပေါ်လာရေးမှာ အရေးကြီးလှပါသည်။

မြန်မာနိုင်ငံအနေဖြင့် UPR အတွက် အမျိုးသားအဆင့် အစီရင်ခံစာ (National Report) ကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် လူ့အခွင့်ရေးကောင်စီသို့ တင်သွင်းရမည်ဖြစ်ပါသည်။ လူ့အခွင့်အရေး အခြေအနေ များကို ပုံမှန်သုံးသပ်ခံနိုင်ရေးအတွက် အမျိုးသားအဆင့် အစီရင်ခံစာတင်သွင်းခြင်းသည် နိုင်ငံများအတွက် အရေးကြီးသည့် အစီရင်ခံစာတင်သွင်းခြင်းဖြစ်သည့်အတွက် အစီရင်ခံစာရေးသားရာတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့ အစည်းများနှင့် ဝန်ကြီးဌာနများသည် နိုင်ငံ အတွင်းရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး အကြံဉာဏ်များလက်ခံရယူရန် လိုအပ်ပါသည်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှလည်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် အကြံဉာဏ်များပေးအပ်ရန် အရေးကြီးလှပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား မျက်နှာပန်းလှစေရေးအတွက် အကောင်း ဆုံး၊ အမှန်ကန်ဆုံးနှင့် ပွင့်လင်းမြင်သာမှုရှိသော အစီရင်ခံစာဖြစ်ပေါ်လာရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ No country has perfect human rights record ဆိုသည့်အတိုင်း မည်သည့်နိုင်ငံမျှ ကောင်းမွန်ပြည့်စုံသည့် လူ့အခွင့်အရေးမှတ်တမ်း၊ အခြေအနေများ မရှိပါ။ ထိုအချက်ကို နားလည်လက်ခံထားပြီး ယခု UPR လုပ်ငန်းစဉ်တွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးလုပ်ငန်းများ ဖြည့်တင်းဆောင်ရွက်ရာတွင် ရရှိခဲ့သည့် အောင်မြင်မှုများ၊ အမှန်တကယ် ကြုံတွေ့နေရသည့် အခက်အခဲများ၊ အခြေအနေများနှင့်စိန်ခေါ်မှုများအား နိုင်ငံတကာသို့ အရိုးသားဆုံးနှင့် အမှန်ကန်ဆုံးချပြရန် အရေးကြီးပါသည်။

ထိုသို့ နိုင်ငံတကာသို့တရားဝင်တင်ပြခွင့်ရရှိနိုင်သည့် အခွင့်အရေးမှ လူ့ အခွင့်အရေး မြှင့်တင်ကာကွယ်ရေးများနှင့်စပ်လျဉ်းပြီး ကမ္ဘာ့နိုင်ငံများ၏ အတွေ့အကြုံများ မျှဝေပေးမှုကို ခံယူရရှိနိုင်သလို နည်းပညာပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများကိုလည်းရရှိနိုင်ပြီး လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အရေးများရရှိနိုင်မည်ဖြစ်သည့်အတွက် UPR လုပ်ငန်းစဉ်သည် ကောင်းမွန်သော လုပ်ငန်းစဉ်တစ်ခုပင်ဖြစ်ကြောင်း UPR အကြောင်း တစေ့တစောင်း တင်ပြလိုက်ရပါသည်။ ။

ဝန်ထမ်းအိမ်ရာများ တည်ဆောက်

ဆားလင်းကြီး မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ မြို့နယ်ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများကို ၁၅-၈-၂၀၁၄ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၀၀ဖြင့် သူနာပြုအိမ်ရာ ခြောက်ခန်းတွဲနှင့် ဆရာဝန်အိမ်ရာ နှစ်ခန်းတွဲတို့ကို ဆောက်လုပ်ခဲ့ရာ သူနာပြုအိမ်ရာခြောက်ခန်းတွဲမှာ RCတစ်ထပ်တိုက်အမျိုးအစား အဆောက်အအုံမှာ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ ဆရာဝန်အိမ်ရာ နှစ်ခန်းတွဲ RC တစ်ထပ်တိုက် အမျိုးအစား၊ အဆောက်အအုံကို တည်ဆောက်လျက်ရှိရာ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ရှိသူထံမှ သိရသည်။

အလားတူ ဆားလင်းကြီးမြို့နယ် ဒုန်းတောကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀ ဖြင့် မိုးမြင့်အာကာကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိရာ ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်းနှင့် ဆားလင်းကြီးမြို့နယ် ဖောင်းကားကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၀ ဖြင့် တည်ဆောက်ပေးလျက်ရှိရာ ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်သွားရန် ရည်မှန်းထားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များထံမှ သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

သောက်သုံးရေအတွက် စိမ့်စမ်းရေသွယ်ယူပေး

တီးတိန် မတ် ၁၄

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် Teltui Zuasiam Co.,Ltd. က တာဝန်ယူဆောင်ရွက်သော ထေးဇန်ကျေးရွာအုပ်စု ခိုင်ကမ်းကျေးရွာနေပြည်သူများ သောက်သုံးရန်အတွက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ပြည်တွင်းသတင်း

‘အ’ သုံးလုံး လုပ်အားပေး ရွှေရတုအမှတ်တရ ကျင်းပ

သတင်းဆောင်းပါး-မြတ်စန္ဒီသင်းဇော်

သံဃာတော်များ၏ တရားချီးမြှင့်သံအဆုံးတွင် ရေစက်သွန်းချနေသည့်အသက်၇၀ ကျော်အရွယ် အဘိုးအို အပါအဝင် ကျန်ရှိသူ ၂၀ ခန့်ကလည်း အမျှဝေကာ သာဓုခေါ်ကြသည်။ သူတို့အားလုံးကလည်း အသက် ၇၀ ဝန်းကျင်အရွယ်များသာ ဖြစ်ကြသည်။

သူတို့အားလုံးသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ခန့်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ပင်းတယမြို့နယ် ‘အ’ သုံးလုံး စမ်းသပ်စီမံကိန်းတွင် ပါဝင်လုပ်အားပေးခဲ့သူ တက္ကသိုလ်ကျောင်းသား ကျောင်းသူများဖြစ်ကြပြီး လုပ်အားပေး ရွှေရတုအထိမ်းအမှတ်အဖြစ် မတ်လ ၁၁ ရက်က ရန်ကုန်မြို့ ဝဂ်ဘာလမ်းထောင့်ရှိ မြစ်ကြီးနားကျောင်းတိုက်၌ ဆွမ်းကပ်လှူဒါန်းကာ သူငယ်ချင်းများကို အမှတ်တရ ပြန်လည်တွေ့ဆုံကြခြင်း ဖြစ်သည်။

“ပြန်တွေးကြည့်တော့ မနေ့တစ်နေ့ကလိုပဲ။ ငယ်သွားသလိုတောင် ခံစားရပြီး ပြန်တွေ့တဲ့သူတွေကို ဘယ်ကအဘိုးကြီးအဘွားကြီးတွေပါလိမ့်ဆိုပြီး မေးမိတယ်။ အချင်းချင်း မတွေ့ဖြစ်ကြတာနှစ်ပေါင်းတွေလည်း မနည်းတော့ဘူးလေ။ သူတို့ကလည်း အားကျမခံ ဒီအဘိုးကြီးက ဘယ်ကလဲတဲ့” ဟု လုပ်အားပေးပွဲတွင် ပါဝင်ခဲ့သူ အသက် ၇၀ ကျော်အရွယ် ရန်ကုန်တက္ကသိုလ် မြန်မာစာမေဂျာမှ ဦးအောင်ခင်က ရယ်ရယ်မောမော ပြောကြားသည်။

၁၉၆၅-၆၈ခုနှစ် နွေရာသီရက်များအတွင်း ရှမ်းပြည် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ ပင်းတယမြို့နယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ပညာရေးဌာန ‘အ’ သုံးလုံးကျေ သင်တန်းကြီးကြပ်ညှိနှိုင်းရေးဗဟိုကော်မတီက စီစဉ်ကျင်းပသည့် စာမတတ်သူလျော့နည်းပပျောက်ရေး ပဏာမရှေ့ပြေးစမ်းသပ်ဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ပင်းတယမြို့နေ သမိုင်းဝင် ပင်လုံစာချုပ်ချုပ်ဆိုရာတွင် ပါဝင်သူ ဦးခွန်စော၊ မြန်မာစာ လက်ထောက်ကထိက ဆရာဦးအောင်သိန်းတို့က တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို လုပ်အားပေးဆရာ ဆရာမများအဖြစ် တာဝန်ပေးကာ ပင်းတယမြို့နယ်ရှိ တမဲ၊ ရှားပြား၊ အင်းပက်လက်၊ ရှမ်းရွာ၊ သစ်အယ်ပင်၊ တောင်ပေါ်ကြီး၊ ပန်စစ် ၊ ပိန္နဲကုန်း ၊ ကူဖြူ ၊ ဝါးပြား၊ ကူးကော်၊ စံသီးကုန်း စသည့် ရွာအသီးသီးသို့ တစ်ရွာလျှင် လေးဦးခန့် ခွဲတမ်းချ၍ ပို့ဆောင်ကာ ရွာသူရွာသားများကို မြန်မာစာသင်ကြားပေးစေခဲ့ကြောင်း။

အဆိုပါ ‘အ’ သုံးလုံး လုပ်အားပေးပွဲသည် အချိန်အားဖြင့် ပျမ်းမျှ တစ်လခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။

“ဦးဆောင်တာကတော့ ရန်ကုန်တက္ကသိုလ် တို့မြန်မာစာဌာနကပေါ့၊ ကျန်တာက ဆေးတက္ကသိုလ် ၊ စက်မှုတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်တို့ကလည်း နည်းနည်းစီပါခဲ့ကြတယ်။ အခုလိုနှစ် (၅၀) ပြည့်ချိန်မှာ ကျန်ရှိနေသေးတဲ့ သူငယ်ချင်းတွေကိုဆက်သွယ်ပြီး တချို့တစ်ဝက်နဲ့ ပြန်ဆုံဖြစ်ကြတာ။ ကွယ်လွန်သွားတဲ့ ဆရာတွေ၊ သူငယ်ချင်းတွေလည်း အထူးသတိရမိတယ်။ ဆက်သွယ်မိတဲ့ သူငယ်ချင်းတွေ စုပေါင်းရေးထားတဲ့ လုပ်အားပေးတုန်းက အမှတ်တရ ဆောင်းပါး၊ ကဗျာတွေကို စာအုပ်ပုံနှိပ်ပြီး အမှတ်တရပေးတယ်။ လာတဲ့ သူငယ်ချင်းတွေက ပြည်တွင်းရော၊ ပြည်ပရောပဲ ” ဟု တွေ့ဆုံပွဲကို ဦးဆောင်စီစဉ်သူ ဦးရန်နိုင်က ပြောကြားသည်။

“ညပိုင်းတွေမှာ ရွာသူရွာသားတွေကို စာသင်ကြားပေးခဲ့တယ်။ ကျန်းမာရေးတွေလည်း တတ်နိုင်သလောက်လုပ်ပေးခဲ့တယ်။ သူတို့ရဲ့ ဓလေ့စရိုက်၊ ဘာသာစကား၊ အစားအသောက်တွေလည်း လေ့လာမှတ်သားဖြစ်ခဲ့တယ်။ ပင်းတယ ငါးရက် တစ်ဈေးမှာ သူငယ်ချင်းတွေ ပြန်ဆုံပြီး အတွေ့အကြုံတွေ ဖလှယ်ခဲ့ကြတယ်။ တစ်ရွာလုံးနဲ့ သံယောဇဉ်တွေဖြစ်ခဲ့တယ်။ ဘဝမှာ အပျော်ရွှင်ဆုံး မမေ့နိုင်တဲ့ အမှတ်တရတွေပါပဲ”ဟု လုပ်အားပေးပါဝင်ခဲ့သူ ဒေါ်စန္ဒာက တမ်းတမ်းတတ ပြောသည်။

“စိတ်ထဲမှာ မမေ့နိုင်လွန်းလို့ ပင်စင်ယူပြီးတဲ့နှစ်မှာ ရှားပြားရွာကို ထပ်ရောက်ခဲ့တယ်။ ရွာကလာကြိုတယ်။ အလွန်ဝမ်းသာတယ်” ဟု အငြိမ်းစား ကျောင်းဆရာမ ဒေါ်စန်းစန်းရီက ပြောကြားသည်။

“နောင်နှစ်တွေမှာလည်း သူငယ်ချင်းတွေနဲ့ ဆုံချင်တယ်။ မေ့နေတာတွေတောင် အများကြီးမှတ်မိလာတယ်။ ဒါ့ကြောင့် ကျန်းမာအောင်နေရဖို့ အားမွေးထားရဦးမယ်”ဟု လာကြိုမည့် သားသမီးများကိုစောင့်နေရင်း အငြိမ်းစား ဆရာမ ဒေါ်ခင်သင်းကြည်ကလည်း ပြောသည်။

နောက်နောင် ပြန်လည်ဆုံတွေ့ရန် သူတို့အားလုံးမျှော်လင့်ချက်များဖြင့် ပြန်ခဲ့ကြသည်။

တပ်မတော်သားများဂုဏ်ပြု သွေးနှင့်ငွေလှူဒါန်း

ရန်ကုန် မတ် ၁၄

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စွန့်လွှတ်စွန့်စား စစ်ဆင်ရေး ဆင်နွှဲလျက်ရှိသည့် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူးနှင့် ပခုက္ကူစာပေဆု ဘဏ္ဍာငွေကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး သုဓမ္မမဏိဇောတရေ ဘွဲ့တံဆိပ်တော်ရ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)စာပေဆုများနှင့် လူမှုထူးချွန် (ပထမအဆင့်)ဆုရှင်သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် ၅၀၀ တွင်မတ် ၃ ရက်က အကြိမ်(၁၃၀) မြောက်သွေးလှူဒါန်းပြီး တပ်မတော်သားများအတွက် သက်ဆိုင်ရာမှတစ်ဆင့် အလှူငွေ ကျပ် တစ်သိန်း လှူဒါန်းကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ပင်လည်ဘူး မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်အတွင်း ပြည်သူ့ဆေးရုံ နှစ်ထပ်လူနာဆောင် အဆောက်အအုံသစ် ဆောက်လုပ်ပေးခြင်း၊ ပင်လည်ဘူး-မိကျောင်းအင်း ကျောက်ချောလမ်းခင်းပေးခြင်း၊ မိကျောင်းအင်းကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ပေးခြင်း၊ နောင်မူး-မြို့မ-ပိန်းတောကျောက်ချောလမ်းနှင့် ပင်လည်ဘူး- ဒွေးချိုးကျောက်ချောလမ်းခင်းပေးခြင်း၊ ဖောင်းပြင်-ပင်လည်ဘူး လမ်းချဲ့ပေးခြင်းနှင့် ဝန်းသို-ပင်လည်ဘူး လမ်းပိုင်းရှိလမ်းတံတား၊ ကတ္တရာလမ်းခင်းပေးခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြည့်မီနိုင်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာအရောက် အခမဲ့ဆေးဝါးကုသပေး

ဟုမ္မလင်း မတ် ၁၄

ဟုမ္မလင်းတပ်နယ်ရှိ အမှတ်(၁၉)တပ်မတော်ဆေးရုံ ခုတင် (၁၀၀) မှ ဆေးကုသမှုပါရဂူများပါဝင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မတ် ၁၀ ရက်က ဟုမ္မလင်းမြို့နယ် မောင်းခမ်းကျေးရွာနှင့် မှော်ရုံမြိုင်ကျေးရွာသို့ အခမဲ့ကွင်းဆင်းကုသခဲ့သည်။ အခမဲ့ကွင်းဆင်းကုသရာသို့ ဟုမ္မလင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်မြင့်စန်းနှင့် အဖွဲ့လိုက်ပါကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးကုသမှုခံယူသော ဒေသခံပြည်သူများကို ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့သည်။

နယ်လှည့်ဆေးကုသရေးအဖွဲ့သည် အထွေထွေ၊ ဖျားနာဝေဒနာရှင် ၂၃၁ ဦး၊ ခွဲစိတ်ကုသဝေဒနာရှင် ၆၅ ဦး၊ သားဖွားနှင့်မီးယပ်ဝေဒနာရှင် ၁၄ ဦး၊ အရိုးရောဂါ ဝေဒနာရှင် ၅၃ ဦး၊ နား/နှာခေါင်း/လည်ချောင်းဝေဒနာရှင် ၂၆ ဦး၊ မျက်စိဝေဒနာ ရှင် ၃၇ ဦး၊ သွားနှင့်ခံတွင်းဝေဒနာရှင် ၅၇ ဦး စုစုပေါင်း ဝေဒနာရှင် ၄၇၈ ဦးတို့ကို အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်းနှင့် မြို့နယ်မူးယစ်အထူးအဖွဲ့မှ ဒုရဲမှူး ဝင်းဦးက ဒေသခံများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

လင်းလင်း

တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာဖြေဆို

မူဆယ် မတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ်တွင် အမှတ်(၂) အခြေခံပညာဦးစီးဌာန ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်က စတင်၍ ပျော်ရွှင်အေးချမ်းစွာဖြေဆိုလျက်ရှိသည်။

မူဆယ်မြို့နယ်တွင် စာစစ်ဌာန အထက(၁)နှင့် အထက(၃)တို့တွင် စာစစ်ဌာနများထားရှိပြီး ဖြေဆိုရန်စာရင်းရှိ ကျောင်းသား ၄၅၆ ဦး၊ ကျောင်းသူ ၆၇၀ စုစုပေါင်း၁၁၂၆ ဦးစာရင်းပေးသွင်းထားပြီး မြန်မာစာနေ့တွင် ဖြေဆိုသူကျောင်းသား ၄၃၃ ဦးနှင့် ကျောင်းသူ ၆၄၄ ဦး စုစုပေါင်း ၁၀၇၇ ဦး ဖြေဆိုခဲ့ပြီး ဖြေဆိုမှု ရာနှုန်း ၉၅ ဒသမ ၆၅ ရာခိုင်နှုန်း ရှိကြောင်းသိရသည်။

“ကလေးတွေ မြန်မာစာမေးခွန်းကို ဖြေဆိုနိုင်တာများပါတယ်။ ဒီနှစ်လည်း မနှစ်ကလို မြန်မာစာဂုဏ်ထူးတွေထွက်ဖို့ ရည်မှန်းထားပါတယ်။ စာမေးပွဲဖြေဆိုနေချိန်မှာ တာဝန်ရှိသူတွေနဲ့အတူ မိဘတွေကလည်း အထူးဂရုစိုက်တာတွေ့ရပါတယ်”ဟု မြန်မာစာဆရာမတစ်ဦးက ပြောသည်။

သိန်းဇော်(ရွှေလီဦး)

ရန်ကုန်မြို့တွင် လေထုအရည်အသွေးတိုင်းတာစက်များ တပ်ဆင်ပြီ

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ပူးပေါင်းပြီး ရန်ကုန်မြို့၏ လေထုအရည်အသွေးကို တိုင်းတာ စစ်ဆေးသွားမည်ဖြစ်သည်။

ထိုသို့တိုင်းတာစစ်ဆေးမှုများပြုလုပ်နိုင်ရန်အတွက် အဆိုပါ လေထုအရည်အသွေးတိုင်းတာသော စက်များကို တပ်ဆင်နေပြီဖြစ်သည်။

ရန်ကုန်မြို့၏သွားလာမှုများပြားသောနေရာများကို ဗဟိုပြု၍ စက်များကို တပ်ဆင်သွားမည်ဖြစ်ပြီး အဓိကသုံးနေရာဖြစ်သော ကျောက်တံတားမြို့နယ်၊ ကမာရွတ်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်တို့၌ ဦးစွာအထိုင်ချတပ်ဆင်သွားမည်ဖြစ်သည်။ ရန်ကုန်တစ်မြို့လုံးအနေဖြင့်နေရာ ၄၀ လျာထားပြီး ထိုအထဲမှ ၁၆ နေရာကို ဦးစားပေး၍ စက်တစ်လုံးဖြင့် ရွှေ့ပြောင်းတိုင်းတာသွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာ အောင်မြင့်မော်ကဆိုသည်။

ပထမဦးစွာ မတ် ၇ ရက်က ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံရှေ့ လူသွားပလက်ဖောင်းပေါ်တွင် တပ်ဆင်ပြီးစီးသွားကြောင်း တွေ့ရသည်။ ဒုတိယအနေဖြင့် မတ် ၁၆ ရက်တွင် ကမာရွတ်မြို့နယ် လှည်းတန်း လမ်းဆုံခုံးကျော်တံတား ညာဘက်အခြမ်း (တက္ကသိုလ်ကျောင်းဝင်းဘက်အခြမ်း)တွင် ထပ်မံတပ်ဆင်သွားမည်ဟု ၎င်းကဆိုသည်။

လက်ထောက်ဌာနမှူး ဒေါက်တာ အောင်မြင့်မော်က “အခုက စမ်းသပ်တာပါ ကမ္ဘာ့စံချိန်စံနှုန်းနဲ့အညီ တိုင်းတာဖြစ်ပါတယ်။ ထွက်ပေါ်လာတဲ့ ရလဒ်အဖြေပေါ်ကြည့်ပြီး လေထုညစ်ညမ်းမှုများနေမယ်ဆိုရင် လျှော့ချသွားပေးဖို့ စီစဉ်မှုတွေလည်း ရှိနေပါတယ်။ စမ်းသပ်ကာလကတော့ သုံးလလောက် ကြာနိုင်ပါတယ်”ဟု ရှင်းပြပေးခဲ့သည်။

ထိုသို့သော တိုင်းတာစစ်ဆေးမှုများကြောင့် ပြည်သူလူထုအတွင်း ပျံ့လွင့်နေသော ဓာတ်ငွေ့များ၊ အမှုန်အမွှားများကြောင့် ဖြစ်ပေါ်လျက်ရှိနေသည့် လေထုအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ ကျန်းမာရေးကိုတစ်ဖက်တစ်လမ်းမှ ကြိုတင် ကာကွယ်ပေးသွားနိုင်မည် ဖြစ်ကြောင်း သိရသည်။

ယင်း လေထုတိုင်းတာစက်ကို အမေရိကန်နိုင်ငံ Nanova ကုမ္ပဏီမှထုတ်လုပ်ခြင်းဖြစ်ပြီး HAZSCa HZA Scarner, Epass အမျိုးအစားဖြစ်သည်ဟုဆိုသည်။ စက်တစ်လုံး၏တန်ဖိုးမှာ မြန်မာငွေကျပ် သိန်း ၂၄၀ ကျော်တန်ဖိုးရှိကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းသတင်း

နွားအစား ထွန်စက်ပြောင်းသုံးရန် တောင်သူများစိတ်ဝင်စားမှုမြင့်တက်လာ

ညောင်ဦး မတ် ၁၄

ညောင်ဦးမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးသော တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းများတွင် နွားဖြင့် ထွန်ယက်သည့်အစား ထွန်စက်များပြောင်းလဲ အသုံးပြုရန် စိတ်ဝင်စားမှု မြင့်တက်လာနေကြောင်း သိရသည်။

ထွန်စက်ဖြင့် ထွန်ယက်ခြင်းသည် နွားဖြင့်ထွန်ခြင်းထက် အချိန်များစွာပိုမြန်ခြင်း၊ လူသက်သာခြင်းနှင့် ထွန်စက်နှင့် နွားဈေးနှုန်းကွာခြားမှုနည်းလာခြင်းကြောင့် ထွန်စက်ဖြင့် ထွန်ယက်ရန် စိတ်ဝင်စားလာကြခြင်းဖြစ်ကြောင်း သိရသည်။

မြေပဲစိုက်ပျိုးရန် ထွန်စက်တစ်စီးဝယ်ယူထားသော ရွာသာအေးရွာမှ တောင်သူဦးဘိုကြီးက "ကျွန်တော် ဒီထွန်စက်ကိုဝယ်လာတာမကြာသေးပါဘူး။ နွေထွန်ရေးကိုင်ချင်လို့ အမီဝယ်လာတာဖြစ်ပါတယ်။ နီးနီးနားနား ပခုက္ကူမြို့ကပဲ ဝယ်လိုက်တယ်။ ရှေ့ထွန်စက်ခေါင်းက သိန်း ၄၀ ပေးရတယ်။ နောက်ထွန်ခုံက ခုနစ်သိန်းပေးရတယ်။ သုံးလို့ကောင်းလောက်ပါတယ်။ ကျွန်တော်တို့ နားမလည်လို့ နားလည်တဲ့သူနဲ့ ဝယ်ခဲ့ရတယ်။ အခုမှ စထွန်တာပါ။ ထွန်စက်ကလည်း နွားတစ်ရှဉ်းဖိုးသာသာလောက်ပဲ ကုန်ကျတယ်။ ယာတွေကများတော့ စက်နဲ့ထွန်ရင်မြန်မြန်ပြီးနိုင်တယ်။ အငှားလိုက်မယ်လို့တော့ စိတ်မကူးပါဘူး။ ကိုယ့်ယာကိုထွန်ရရင်ပြီးတာပဲ"ဟု ထွန်စက်ဝယ်ယူခဲ့သည့်ရည်ရွယ်ချက်ကို ပြောသည်။

ရွာသာအေးကျေးရွာမှ အခြားတောင်သူတစ်ဦးကလည်း "ကျွန်တော်တို့လည်း အဲဒီလိုထွန်စက်လေးတစ်စီးဝယ်မယ်စိတ်ကူးထားပါတယ်။ အရစ်ကျနဲ့ဝယ်လို့ရတယ်လို့လည်း သိရတယ်။ နွားတစ်ကောင်ကလည်း တကယ်နွားကောင်းရင် ၁၅ သိန်းလောက်ပေးရတယ်။ နှစ်ကောင်ဆိုတော့ သိန်း ၃၀ လောက် ကုန်ကျတယ်။ အဲ့ဒီတော့ နွားကရောဂါဖြစ်လို့သေရင် လုံးလုံးဆုံးနိုင်တယ်။ နွားရောဂါတွေကလဲများလာတယ်။ ခဏခဏလည်း နွားတွေရောဂါဖြစ်ပြီး သေနေတယ်။ ဒီတော့ထွန်စက်ကိုပဲအသုံးပြုချင်တယ်။ ထွန်စက်တွေကတော့ ပျက်ရင်ပြင်လို့ လွယ်တာပေါ့။ နိုင်ငံတော်ကလည်း လက်မှုလယ်ယာကနေ စက်မှုလယ်ယာပြောင်းဖို့ ကူညီပေးနေတယ်ဆိုတော့ ကျွန်တော်တို့တောင်သူတွေကလည်း ထွန်စက်နဲ့ ထွန်ယက်ဖို့ကို စိတ်ဝင်စားနေပါတယ်"ဟု ပြောသည်။

ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများမှတောင်သူများသည် လယ်ယာများ၌ တစ်နှစ်လျှင် မိုးစပါးအပြင် မိုးမြေပဲများကိုပါ စိုက်ပျိုးကြသည်။ ညောင်ဦးမြို့နယ်သည် မိုးခေါင်သောဒေသဖြစ်ရာ သီးနှံနှစ်မျိုးစိုက်ပျိုးနိုင်ရန် ပြာသို၊ တပို့တွဲလများတွင် ဆောင်းထွန်ရေးနှင့် တပေါင်း၊ တန်ခူးလများတွင် နွေထွန်ရေးနှစ်ကြိမ်ထွန်နိုင်မှ မြေပဲစိုက်ချိန်တွင် အောင်မြင်ဖြစ်ထွန်းသဖြင့် အချိန်တိုအတွင်း ထွန်ယက်ပြီးစီးနိုင်သော ထွန်စက်အသုံးပြုမှုကို စိတ်ဝင်စားလာကြခြင်းဖြစ်ကြောင်း သိရသည်။

ကျော်ဌေး(ညောင်ဦး)

နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေးရန် အရှိန်မြှင့်ဆောင်ရွက်နေ

ပုလဲ မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ နိုင်ငံသား စိစစ်ရေးကတ်ပြားများမရရှိသေးသော ပြည်သူများ အလွယ်တကူရရှိနိုင်ရန်အတွက် မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရပ်ကွက်ကျေးရွာများအရောက် ကွင်းဆင်းထုတ်ပေးခြင်းကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနညွှန်ကြားရေးမှူးဦးစိုးပိုင်မြင့်က နိုင်ငံသားတစ်ဦးအနေနှင့် ရသင့်ရထိုက်သောအခွင့်အရေးများရရှိရန်အတွက် အသက်ပြည့်မီသူတိုင်း သတ်မှတ်စည်းကမ်းများနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရေးအတွက် မိုးပွင့်စီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးပွင့်အဆင့်(၁)မှ အဆင့်(၇)ထိ စစ်တိုင်းတိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၃၅၀၀၀၀ ကျော်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်လင့်တကူရရှိနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာများအရောက်ကွင်းဆင်းပြီး မိုးပွင့်အထူးစီမံချက်ကို ၂၀၁၅ခုနှစ် ဇန်နဝါရီမှ စတင်ဆောင်ရွက်နေပြီး ဇွန်လအထိ ရုံးပိတ်ရက်မရှိ အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။ ယင်းမှာပင် ခရိုင် ပုလဲမြို့နယ် ညောင်ကုန်းကျေးရွာမှ ပြည်သူများအတွက် မတ် ၁၂ ရက်က ကွင်းဆင်းဆောင်ရွက်စဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ညောင်ကုန်းကျေးရွာ၊ ဖိုကုန်းကျေးရွာ၊ ညောင်ကန်ကျေးရွာများမှ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအလက(ခွဲ)၌ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးခဲ့သည့်အပြင် ကျန်းမာရေးအခက်အခဲကြောင့် အိမ်တွင်နေရပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် သက်ကြီးဘိုးဘွားများထံ အိမ်အရောက်သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဧယျာမြေ)

ချောင်းကူးတံတား ဆောက်လုပ်လျက်ရှိ

ဂန့်ဂေါ မတ် ၁၄

ဂန့်ဂေါမြို့နယ် တောင်ပြင်ကျေးရွာအနီးရှိ ပုလောချောင်းကိုဖြတ်ကူးသော သစ်သားတံတားကို ကျေးရွာနေပြည်သူများစုပေါင်း၍ မတ် ၁၀ ရက်မှ စတင်ကာ ကိုယ့်အားကိုယ်ကိုးတည်ဆောက်လျက်ရှိကြောင်း သိရသည်။

တံတားသည် အလျားပေ ၃၆၀၊ အကျယ် ၆ ပေ၊ အမြင့် ၁၅ ပေရှိပြီး တောင်ပြင်-ရှုံးရှီ-ဂန့်ဂေါ ကျေးရွာချင်းဆက်မြို့တက်လမ်းသို့ အလွယ်တကူ ဆက်သွယ်နိုင်မည့်အပြင် တောင်ပြင်ကျေးရွာနှင့် နှစ်မိုင်အကွာတွင်ရှိသော ရှုံးရှီအထကသို့ နေ့စဉ် ကျောင်းတက်နေရသော ကျောင်းသားကျောင်းသူများ အတွက်လည်း အဆင်ပြေသွားကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်ပြင်ကျေးရွာကနေ အထက်တန်းကျောင်းရှိတဲ့ ရှုံးရှီရွာ၊ ကျေးလက်ဆေးပေးခန်းရှိတဲ့ အနောက်ဂန့်ဂေါရွာတို့ကိုသွားရင် ပုလောချောင်းကို နှစ်ခါပြန်ဖြတ်ကူးရပါတယ်။ အခုရှုံးရှီရွာအနီးမှာလည်း ပုလောချောင်းကူးသစ်သားတံတားကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်နေပြီဆိုတော့ တံတားတွေပြီးရင် ဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေသွားတော့မှာဖြစ်ပါတယ်"ဟု တောင်ပြင်ကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။ ပုလောချောင်းသည် ပွင့်လင်းရာသီကာလတွင် ရေနည်းသည့်အတွက် သွားလာရန် အခက်အခဲမရှိသော်လည်း မိုးကာလတွင် ရေစီးသန်သဖြင့် အခက်အခဲကြုံရသဖြင့် တံတားကို စုပေါင်းတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

စိန်ကျော်(ဝါးဘိုးချောင်)

စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

မော်လမြိုင် မတ် ၁၄

မွန်ပြည်နယ်အတွင်းရှိ စာကြည့်တိုက်များ၏ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် တလထောခန်းမ၌ မတ် ၈ ရက်က ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးရဲထက်ဦးက စာကြည့်တိုက်များ၏ ဝန်ဆောင်မှုမြှင့်တင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်က အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

မွန်ပြည်နယ်အတွင်းရှိ စာကြည့်တိုက်များ၏ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရန်၊ ပြည်သူ့စာကြည့်တိုက်အပေါ် ပြည်သူတို့၏ ထင်မြင်ယူဆချက်အသစ်များ ဖြစ်ပေါ်လာစေရန်၊ စာကြည့်တိုက်များကို ကူညီပေးမည့် အဖွဲ့အစည်းများအား ဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရာတွင် ခေတ်စနစ်နှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ တိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် စာကြည့်တိုက်အတွက် သုတရသစာအုပ်များကို ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းက မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ထံ ပေးအပ်လှူဒါန်းသည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးရဲထက်ဦးက စာကြည့်တိုက်ကို အများပြည်သူသိရှိအောင် ဆောင်ရွက်ခြင်းစာတမ်းကို လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယကအဖွဲ့ဝင် ဦးသိန်းလွင်က စာကြည့်တိုက်မှူးများ၏ စွမ်းရည်မြှင့်တင်ခြင်းစာတမ်းကို လည်းကောင်း အသီးသီး ဖတ်ကြားဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးချက်များအပေါ် အခြေခံ၍ မိမိတို့ဒေသအလိုက် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့နေကြရသည့်အခက်အခဲများ၊ အဆိုပါအခက်အခဲများအား ဖြေရှင်းကျော်လွှားရမည့်နည်းလမ်းများကို ဆွေးနွေးပွဲ တက်ရောက်လာကြသူများက အုပ်စုများခွဲကာ ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အမျိုးသားစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ကေသီထွေးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မော်လမြိုင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ပညာရေးကောလိပ်များမှ စာကြည့်တိုက်မှူးများ၊ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်မှူးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

သတင်းတိုများ

မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်နေမှုကွင်းဆင်းကြည့်ရှု

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သော နယ်ဇောကျေးရွာနှင့် အိုးမြေတွင်းကျေးရွာများတွင် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီဖြင့် ဒေသခံပြည်သူများက အကောင်အထည်ဖော်ဆောင်ရွက်နေသော တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းစာရင်းဇယားများ ထိန်းသိမ်းထားရှိမှုအခြေအနေများကို မင်းဘူးခရိုင်ဦးစီးဌာနမှူးနှင့်အဖွဲ့က မတ် ၁၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး စီမံကိန်းအောင်မြင်ရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

ရေတိုက်စားခြင်းမှကာကွယ်ရန် ရေကြောင်းလွှဲမျောတိုင်များစိုက်ထူ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မံဟဲကျေးရွာတွင် ချောင်းကမ်းပါးရေတိုက်စားခြင်းမှ ကာကွယ်ရန် ရေကြောင်းလွှဲမျောတိုင်များကို မတ် ၉ ရက်မှစ၍ စိုက်ထူလျက်ရှိသည်။ မံဟဲကျေးရွာအနီးမှ ဖြတ်သန်းစီးဆင်းနေသော လေးတန်ချောင်းသည် မိုးရာသီ ချောင်းရေကြီးချိန်တွင် ရေစီးသန်သဖြင့် ကမ်းပါးများ ရေတိုက်စားခြင်းမှ ကာကွယ်ရန်အတွက် ရေကြောင်းလွှဲမျောတိုင်များ စိုက်ထူခြင်းဖြစ်သည်။ ချောင်းကမ်းပါးရေတိုက်စားခြင်းမှ ကာကွယ်ရန် မျောတိုင် ၁၀၀၀ ခန့်ကို ချောင်းကမ်းပါးတစ်လျှောက် ပေ ၅၀၀ အထိ စိုက်ထူလျက်ရှိကြောင်း၊ မံဟဲကျေးရွာ ရာအိမ်မှူးဦးညွှန့်ဆွေ ဦးစီးပြီး ကျေးရွာနေပြည်သူ ၅၀ ခန့်၏ လုပ်အားဒါနဖြင့် မြေအောက်အနက် ၆ ပေခန့်အထိ ရောက်ရှိအောင် စက်ရေပန့်ကို အသုံးပြုပြီး စိုက်ထူနေကြကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ပေးသည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၁၀ သိန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ ကျပ် ၁၅ သိန်းခန့်ရှိနိုင်ကြောင်း သိရသည်။ **(၁၇၁)**

ပြည်တွင်းသတင်း

ရေးမြို့နယ်အတွင်း ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုရရှိလာနိုင်

ရေး မတ် ၁၄

မွန်ပြည်နယ် ရေးမြို့ ခုတင်(၅၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ဆောင်နှင့် ကုသဆောင်သစ်ကို တိုးချဲ့တည်ဆောက်လျက်ရှိသည့်အပြင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များကလည်း ဆေးရုံ၊ ဆေးခန်းများ တည်ထောင်မှုများ အများအပြားပြုလုပ်လာသဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုရရှိလာနိုင်ကြောင်း သိရသည်။

ရေးမြို့နယ် ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ဆောင်နှင့် ကုသဆောင်သစ်ကို ၂၀၁၄ အောက်တိုဘာလအတွင်းက စတင်တည်ဆောက်နေခြင်းဖြစ်ပြီး အလျား ၁၃၄ ပေ၊ အနံ ၆၂ ပေရှိ အာရ်စီနှစ်ထပ် အဆောက်အအုံဖြစ်ကာ မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြတ်သူရဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။ ဆေးရုံ တည်ဆောက်ပြီးစီးပါက ရေးမြို့နယ် ဒေသခံပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အစိုးရ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ကျန်းမာရေးဌာနခွဲများကိုလည်း မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖွင့်လှစ်ပေးလျက်ရှိသည်။

ရေးမြို့နယ်တွင် ယခင်က ကျန်းမာရေးကုသရေး အထောက်အကူပြုပစ္စည်းကိရိယာနည်းပါးခြင်း၊ ပညာရှင်အရေအတွက် အလုံအလောက်မရှိခြင်း၊ နေရာထိုင်ခင်းပြည့်စုံမှုမရှိခြင်းများကြောင့် အရေးပေါ်လူနာများနှင့် ရောဂါဝေဒနာကြီးမားသူများအနေဖြင့် အခြားမြို့ကြီးများသို့ သွားရောက်ကုသရပြီး လမ်းပန်းဆက်သွယ်ရေးတွင်လည်း အားနည်းချက်များရှိခဲ့သည့်အတွက် လမ်းခရီးမှာပင် အသက်ဆုံးရှုံးခဲ့သော လူနာများလည်း အများအပြားရှိခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင်မူ ရေးမြို့နှင့် မြို့ဝန်းကျင်ရှိကျေးရွာများပါ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာသဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ဆေးရုံ၊ ဆေးခန်းများကို ဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုများကို လုပ်ကိုင်လာကြကြောင်း သိရသည်။ အချိန် နှစ်နှစ်ခန့်အတွင်း ဆေးရုံဆေးခန်းများ အများအပြားရှိလာခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိလာပြီး လူနာများအနေဖြင့်လည်း အချိန်ကုန် ငွေကုန်သက်သာစွာ ဆေးကုသမှု ခံယူနိုင်သည့်အပြင် ဒေသခံလူငယ်များအတွက်လည်း အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးတက်လျက်ရှိကြောင်း သိရသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်မှု ပိုမိုများပြားလာပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိလာနိုင်မည်ဖြစ်ရာ ဒေသခံ ပြည်သူများအနေဖြင့် ကျေနပ်ဝမ်းသာလျက်ရှိကြကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

အုတ်များပြတ်လပ်သည်အထိ ရောင်းချရသဖြင့် မြန်အောင်မြို့နယ်မှ အုတ်လုပ်ငန်းများအဆင်ပြေ

မြန်အောင် မတ် ၁၄

ယခုနှစ်တွင် မြန်အောင်မြို့နယ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ များပြားလာသဖြင့် အုတ်လုပ်ငန်းလုပ်ကိုင်သူများ အုတ်အရေအတွက်ပိုမိုထုတ်လုပ်လာရပြီး လုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် အုတ်စပေါ်ချိန်မှစ၍ အုတ်တစ်ခဲလျှင် အရောက်ပို့ ငွေကျပ် ၇၀ နှုန်းဖြင့် ရောင်းချပေးခဲ့ပြီး မှာယူသူများကို လိုသလောက် မပေးနိုင်ခဲ့ကြောင်း၊ အုတ်မပေါ်ခင်ကတည်းက ကြိုတင်ငွေပေးပြီး မှာယူသူများလည်းရှိကြောင်း၊ အချို့အုတ်ဖိုများတွင် အုတ်မပေါ်ခင် ကတည်းက စာချုပ်များချုပ်ဆိုထားသဖြင့် ယခုနှစ်အုတ်ရာသီတွင်ရရှိသော အုတ်များအားလုံးကုန်နေပြီဖြစ်ကြောင်း အုတ်လုပ်ငန်းများလုပ်ကိုင်သူများ၏ ပြောကြားချက်များအရ သိရသည်။

အုတ်များကို လက်ရှိအသုံးပြုရန်အပြင် စီးပွားဖြစ်သိုလှောင်ထားသူများလည်း ရှိကြောင်း သိရသည်။ အုတ်ကိုစီးပွားဖြစ် သိုလှောင်သူများကလည်း လာမည့်မိုးတွင်းအချိန်တွင် အုတ်တစ်ခဲ ငွေကျပ် ၁၀၀ အထိ ဈေးတက်မည်ဟု ခန့်မှန်းပြီး သိုလှောင်ထားကြကြောင်း အုတ်သိုလှောင်သူတစ်ဦးက ပြောသည်။

မြန်အောင်မြို့နယ်၌ အုတ်ဖုတ်ရာတွင် မြို့ပေါ်အုတ်ဖိုအများစုသည် ထင်းကိုသာအသုံးပြုကြပြီး နယ်ဘက်မှ အုတ်ဖိုများမှာ စပါးခွံလောင်စာကို အသုံးပြုကြသည်။ မြို့ပေါ်တွင် စပါးခွံလောင်စာအသုံးပြုပါက ငွေကြေးပိုမိုကုန်ကျသည့်အပြင် ညော်နံ့ထွက်သဖြင့် လူနေအိမ်ခြေများနှင့်ဝေးသော နယ်များတွင်သာ စပါးခွံကို အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

မြို့ပေါ်အုတ်ဖိုများသည် ထင်းအသုံးပြုအုတ်ဖုတ်ရာတွင် ယခုနှစ် ထင်းရှားပါးလာသဖြင့် ထင်းဈေးတက်သွားကြောင်း၊ လောင်စာရှားပါးမှုကြောင့် မီးလျှော့ထိုးကြသဖြင့် အုတ်များမီးအကျက်နည်းသွားကြောင်း၊ အုတ်များမီးအကျက်နည်းသော်လည်း အုတ်အရောင်လှစေရန် အုတ်အရောင်ဆိုးဆေးကို ရေနှင့်ရော၍ ဖျန်းပြီး ရောင်းချခြင်းများလည်းရှိနေကြောင်း ပန်းရံလုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

မြန်အောင်မြို့နယ်မှထွက်သော အုတ်အမျိုးအစားများမှာ သဲဆန်သောအုတ်နှင့် မြေစေးအုတ်ဟု နှစ်မျိုးနှစ်စားရှိကာ သဲအုတ်မှာအကျိုးအကြေများပြီး ရေရှည်မခံသဖြင့် အရောင်းအဝယ်လုပ်ရာတွင် ဝယ်ယူသူအကြိုက် နည်းပါးပြီး မြေစေးအုတ်ကိုသာ အသုံးပြုသူများကြောင်း၊ မြေစေးအုတ်တစ်ခဲလျှင် ငါးကျပ်ခန့် ဈေးပိုများသော်လည်း အဆောက်အအုံပိုင်ရှင်များက မြေစေးအုတ်ကိုသာ ဝယ်ယူအသုံးပြုကြကြောင်း သိရသည်။ **နေဝင်းဇော်(မြန်အောင်)**

ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများ ဆွေးနွေး

မကွေး မတ် ၁၄

မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the Children တို့ ပူးပေါင်း၍ မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအကြောင်း အသိပေးဆွေးနွေးပွဲကို မကွေးဟိုတယ်ခန်းမ၌ မတ် ၉ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းနှင့် မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ခင်နွဲ့တို့က အမှာစကား ပြောကြားသည်။ ထို့နောက် Save the Children အဖွဲ့မှ မကွေးတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးနေမျိုးထွန်းက Save the Children အဖွဲ့အကြောင်းနှင့် Save the Children အဖွဲ့က ဆောင်ရွက်လျက်ရှိသော ပညာရေးအစီအစဉ်များအကြောင်း၊ ဇုန်နယ်မန်နေဂျာ ဦးစိုးသောင်းက မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများအကြောင်း၊ Save the Children အဖွဲ့ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးအစီအစဉ်မှ အကြီးတန်းပရောဂျက်အရာရှိ ဦးအောင်ကိုနိုင်က မကွေးတိုင်းဒေသကြီးအတွင်း ကလေးသူငယ်များအား အရွယ်မတိုင်မီ စစ်မှုထမ်းရန် စုဆောင်းခြင်းမှ ကာကွယ်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ စီမံချက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျန်းမာရေးစီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာဦးလှိုင်းဝေအောင်က ကျန်းမာရေးစီမံချက်များအကြောင်း၊ ဒေါက်တာဦးတင့်လွင်ဦးက ငှက်ဖျားရောဂါနှင့် HIV/AIDS အကြောင်းများကို ဆက်လက်ဆွေးနွေးခဲ့သည်။

လူမှုရေးဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တိုးတက်မှုများ၊ နှိုင်းယှဉ်ချက်များပြုလုပ်ထားရန်နှင့် ထိရောက်သည့် ညှိနှိုင်းဆွေးနွေးပွဲများ ဖြစ်အောင် လုပ်ဆောင်ရန် အကြံပြုဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး အကြံပြုခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် Save the Children မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

စီပီပြောင်းစိုက်၍ တောင်သူများဝင်ငွေတိုးလျက်ရှိ

သတင်းဆောင်းပါး
ဇော်မင်းနိုင်(မြင်းခြံ)

တိရစ္ဆာန်အစာအဖြစ် အများဆုံးအသုံးပြုသော စီပီပြောင်းဖူးကို မြန်မာနိုင်ငံအနှံ့အပြား စိုက်ကြသည့်အနက် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်သည်လည်း အများအပြား စီးပွားဖြစ်စိုက်ပျိုးကြသော နယ်တစ်ခုဖြစ်သည်။

ယခုအချိန်သည် မြင်းခြံမြို့နယ်အတွင်း စိုက်ပျိုးထားသော စီပီပြောင်းဖူးများ ရင့်မှည့်ချိန်ဖြစ်ရာ ပြောင်းဖူးများကို အပင်မှချိုးပြီး နေလှမ်းနေကြပြီဖြစ်သည်။ စီပီပြောင်းဖူးသည် ရေမဝင်သောကုန်းမြေတွင် တစ်နှစ်လျှင် သုံးကြိမ်အထိ စိုက်ပျိုးနိုင်သည်။ စီပီပြောင်းဖူးကို စီးပွားဖြစ်စိုက်ပျိုးသကဲ့သို့ မိသားစုတစ်ပိုင်တစ်နိုင်လည်း စိုက်ပျိုးကြသည်။ စိုက်ခင်းတစ်ဧကလျှင် မိသားစု သုံးဦးဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်သောကြောင့် မိသားစုအပိုဝင်ငွေရရှိသည်။

မြင်းခြံမြို့နယ်မှ စီပီပြောင်းဖူးစိုက်ပျိုးသော တောင်သူတစ်ဦးက "ကျွန်တော်တို့ကတော့ မိသားစုတစ်ပိုင်တစ်နိုင် တစ်ဧကပဲ စိုက်ပျိုးတာပါ။ မိသားစုဝင် သုံးဦး ရှိရင်ပဲ အဆင်ပြေပြေ စိုက်ပျိုးနိုင်လို့ပါ။ တစ်ဧက စိုက်ပျိုးစရိတ် ကုန်ကျငွေကတော့ မျိုးစေ့ဖိုး၊ ထွန်ယက်ခ၊ ရေသွင်းရင် အသုံးပြုတဲ့ စက်သုံးဆီဖိုး စုစုပေါင်း ငွေကျပ် ၇၅၀၀၀ ခန့်ကုန်ကျပါတယ်။ မိသားစုဝင် သုံးဦးပဲ စိုက်တာဆိုတော့ အလုပ်သမားခ ပေးစရာမလိုဘူးပေါ့။ စီပီပြောင်းဖူး တစ်ဧက အထွက်နှုန်းကတော့ ပိဿာချိန် ၉၀၀ မှ ၁၀၀၀ အထိ ထွက်ရှိပါတယ်။ တစ်ပိဿာပေါက်ဈေး ငွေကျပ် ၃၅၀ လောက်ရှိလို့ ရောင်းရင် ငွေကျပ် ၃၅၀၀၀၀ လောက်ရပြီး အမြတ်ငွေ၂၇၅၀၀၀ လောက် ကျန်ပါတယ်။ တစ်နှစ် သုံးကြိမ်စိုက်ရင် စုစုပေါင်း ငွေကျပ် ၈၂၅၀၀၀ လောက်အထိ ဝင်ငွေရရှိမှာဖြစ်ပါတယ်" ဟု စီပီပြောင်းဖူးစိုက်ပျိုးခြင်းအတွက် ကုန်ကျစရိတ်နှင့် အမြတ်ရမှုအခြေအနေကို ပြောပြသည်။

စီပီပြောင်းဖူးစိုက်ပျိုးသောကြောင့် နွားစာအတွက် ပြောင်းပင်ကို ရရှိသည့်အပြင် ပြောင်းဖူးအူတံများကိုလည်း မီးဖိုချောင်သုံးထင်းအဖြစ် အသုံးပြုနိုင်ကြောင်း၊ နွားစာပြောင်းပင်ကို ရောင်းလျှင်လည်း လှည်းတစ်စီးလျှင် ငွေကျပ် ၅၀၀၀၊ ပြောင်းဖူးအူတံ တစ်ခြင်းလျှင် ငွေကျပ် ၇၀၀ မှ ၁၀၀၀၊ ပြောင်းဖူးဖက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ မှ ၂၅၀ ခန့်အထိရရှိပြီး အပိုဝင်ငွေရကြောင်း၊ စီပီပြောင်းဖူးဈေးမှာ ယခုပေါက်ဈေး ငွေကျပ် ၃၅၀ ဖြစ်သော်လည်း ပိုရသည့်အခါများလည်း ရှိကြောင်း ၄င်းက ဆက်၍ရှင်းပြသည်။

ထို့ကြောင့် မြင်းခြံမြို့နယ်အတွင်း တောင်သူအများစုသည် မိသားစုတစ်နိုင်တစ်ပိုင်ဖြင့် အပိုဝင်ငွေရသော စီပီပြောင်းများကို စိုက်ပျိုးလျက်ရှိရာ အခြားဒေသများမှ တောင်သူများအနေဖြင့်လည်း စီပီပြောင်းများစိုက်ပျိုးနိုင်ရန် အကြံပြုလိုက်ပါသည်။ ။

သတင်းတို

တက္ကသိုလ်ဝင်စာမေးပွဲ ငြိမ်းချမ်းစွာဖြေဆိုလျက်ရှိ

ဂန့်ဂေါခရိုင် ကျောက်ထုဒေသတွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန လေးခုတွင် ကျင်းပရာ ဖြေဆိုရန်စာရင်းပေးသွင်းထားသည့် ကျောင်းသား ကျောင်းသူ ၁၃၉၂ ဦးရှိသည့်အနက် ၁၃၄၄ ဦးဝင်ရောက်ဖြေဆိုကြကြောင်း၊ ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းစွာစာမေးပွဲဖြေဆိုနိုင်ရန် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးလျက်ရှိသည်။ **(၁၀၁)**

ကိုယ့်အားကိုယ်ကိုး မြေသားလမ်းသစ်ဖောက်လုပ်ပြီးစီး

မလှိုင် မတ် ၁၄

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အုတ်ကြီးကျေးရွာအုပ်စုမှ အမှတ်(၁) ခရိုင်ချင်းဆက်လမ်းသို့ ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်မှုကို ကျေးရွာလူထု၏ စုပေါင်းထည့်ဝင်ငွေနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ထည့်ဝင်ငွေများဖြင့် ဖောက်လုပ်ခဲ့ရာ လမ်းဖောက်လုပ်မှုများ မတ် ၁၂ ရက်တွင် ပြီးစီးကြောင်း သိရသည်။

အဆိုပါမြေသားလမ်းကို မလှိုင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ထည့်ဝင်ငွေ ကျပ်ကိုးသိန်းနှင့် ကျေးရွာလူထု၏ ပူးပေါင်းထည့်ဝင်ငွေ ကျပ် ၂၁ သိန်းဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကာ အရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ်ပေ ၃၀ ရှိသည်။ ဒေသခံပြည်သူများအတွက် များစွာအထောက်အကူပြုပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီလမ်းက မသွားမဖြစ် သွားလာနေရတဲ့လမ်းပါ။ မပြုပြင်မီက ကျောက်ကမ်းပါးနဲ့ ကျောက်ဆောင်ပေါပြီး လမ်းဆိုးပါတယ်။ မိုးတွင်းဆို ပိုခက်ခဲပါတယ်။ ဒါကြောင့် ၂၀၁၁-၂၀၁၂ ခုနှစ်မှာ စည်ပင်သာယာက တစ်မိုင်ဖောက်ပေးခဲ့ပြီး ကျန်တဲ့အပိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်ပံ့ပိုးငွေနဲ့ ပြည်သူလူထုထည့်ဝင်ငွေနဲ့ ပူးပေါင်းပြီးဖောက်လုပ်ခဲ့တာဖြစ်ပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးသန်းက ပြောသည်။

လမ်းဖောက်လုပ်ပြီးစီးသဖြင့် အုတ်ကြီးကျေးရွာအုပ်စုရှိ အုတ်ကလေး၊ ယာရှည်၊ ဝွေးကုန်း၊ လေးတိုင်စင်၊ အေးသန်းပင်၊ တည်ကုန်း၊ မင်းလှ စသည့် ကျေးရွာများအတွက်ပါ လမ်းပန်းဆက်သွယ်မှု ချောမွေ့သွားပြီး ဒေသခံပြည်သူများအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

နွားစာရှားပါးခြင်းကြောင့် ဆင်တုံးမနွယ်ပင်များခုတ်ကျွေးနေရ

ညောင်ဦး မတ် ၁၄

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသများတွင် ယခု တပေါင်းလဖြစ်သော နွေဦးပေါက်အချိန် နွားစာရှားပါးစပြုလာပြီး တောထဲတောင်ထဲမှ ဆင်တုံးမနွယ်ပင်များ ခုတ်စဉ်းကျွေးနေကြရသည်။

ဆင်တုံးမနွယ်ပင်များကို တောတောင်များရှိရာရွာနှင့် သုံးမိုင်၊ လေးမိုင်ခန့်ကွာဝေးသော နေရာများသို့ နေ့စဉ်လှည်းများနှင့် သွားရောက်ခုတ်ယူကြရပြီး လှည်းတစ်စီးလျှင် တစ်နေကုန်လူသုံးဦး ခုတ်ယူရကြောင်း သိရသည်။

"ကျွန်တော်တို့ ဆင်တုံးမနွယ်ပင်ကိုပဲနေ့တိုင်း ခုတ်နေရပါတယ်။ ဆင်တုံးမနွယ် လှည်းတစ်စီးတိုက်လျှင် ခိုင်းနွား နှစ်ကောင်ကို ၁၀ ရက်လောက် ကျွေးရပါတယ်။ အခုနေတော့ ပဲကြီးရိုးအခြောက်နဲ့ဖျော်ကျွေးရပါတယ်။ နောင်အခါ မိုးဦးနောက်ကျရင် နွားစာပိုကုန်မယ်။ အခုကတည်းက ရှာဖွေစုဆောင်းနေရတာပါ။

နောက်ကျရင် သောက်သုံးရေလည်း ရှားနိုင်ပါတယ်။ ဆင်တုံးမနွယ်ပင်ကို အခုကတည်းက စုထားတာပါ။ ဆင်တုံးမနွယ်ကအေးတဲ့အရိပ်အောက် မှာထားရင် နှစ်လ၊ သုံးလအထိ အောင် ခြောက်မသွားဘူး၊ စဉ်းကျွေးလို့ရပါတယ်"ဟု ဆင်တုံးမနွယ် ခုတ်သူတစ်ဦးထံမှ သိရသည်။ **ကျော်ဌေး(ညောင်ဦး)**

(၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၆၅ ရာခိုင်နှုန်းပြီးစီး

ဖြူး မတ် ၁၄

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းခွင့်ပြုငွေကျပ် ၁၁၉၈ သိန်းဖြင့် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့်ခွင့်ပြုငွေကျပ် ၂၃၈၇ သိန်းဖြင့် ဝန်ထမ်းအိမ်ရာ လေးထပ်လေးခန်းတွဲအဆောက်အအုံဆောက်လုပ်ရန် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ သိမ်ကုန်းရပ်ကွက်ရှိ မြေနေရာ လေးဧကပေါ်တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို မြင့်မိုရ်လွှမ်းဆောက်လုပ်ရေးကုမ္ပဏီကလည်းကောင်း၊ လေးထပ်၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာအဆောက်အအုံကို သွန်းရွှေစင်ဆောက်လုပ်ရေးကုမ္ပဏီကလည်းကောင်း ၈-၁၂-၂၀၁၄ ရက်မှစတင်၍ တာဝန်ယူဆောက်လုပ်လျက်ရှိရာ မတ် ၁၂ရက်အထိ (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံမှာ ၆၅ ရာခိုင်နှုန်းနှင့် ဝန်ထမ်းအိမ်ရာမှာ ၃၀ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ဆေးရုံဆောက်လုပ်ပြီးစီးသွားပါက ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများနှင့် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကို အခမဲ့ကျယ်ပြန့်စွာကုသဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနဦးစီးမှူး ဆရာဦးမြင့်လွင်ထံမှ သိရသည်။ **မြင့်ဦး(ဖြူး)**

တရားမဝင် ကျွန်းသစ်လုံးများ ဖမ်းဆီးရမိ

မော်လူး မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ဆားမှော်ကျေးရွာနှင့် ဟောင်းတုန်းကျေးရွာအကြား အပတော၌ မတ် ၇ ရက် ညနေ ၅ နာရီက တရားမဝင် တင်ဆောင်ထားသော ကျွန်းသစ်လုံးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မော်လူးဘိနယ်အတွင်းရှိ သစ်တောများမှ တရားမဝင်ကျွန်းသစ်များ ထုတ်ယူနေကြောင်း သတင်းအရ မော်လူးဘိနယ်တောအုပ် ဦးဝင်းချိုနှင့်အဖွဲ့သည် ဆားမှော်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဟောင်းတုန်းကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်အတူ ကွင်းဆင်းစစ်ဆေးရာ ဆားမှော်ကျေးရွာနှင့် ဟောင်းတုံးကျေးရွာအကြား အပတောတွင်း၌ ၃၂ကောင် အင်ဂျင်တပ် ထော်လာဂျီပေါ်တွင် တင်ဆောင်ထားသော အရှည် ၉ ပေရှိ တရားမဝင် ကျွန်းသစ်လုံး ၁ ဒသမ ၀၁၈ တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၇၁)**

PS POPULAR STAR Travel & Services

Find us on Facebook

လန်းဆန်းပျော်ရွှင် သင်္ကြန်ခရီးစဉ်

တောင်ကြီး – အင်းလေး – ပင်းတယ
ကလော – ထမ်ဆမ်း – မွေတော်ကက္ကူ
Mar 26 - 130000 ကျပ်
Apr 11,12,13,17 - 190000 ကျပ်

မန္တလေး – မင်းကွန်း
ပြင်ဦးလွင် – စစ်ကိုင်း
Mar 26 - 130000 ကျပ်
Apr 12,17 - 150000 ကျပ်

Scania (2+2) Bus, 3 Stars Hotel, Restaurants

အမှတ် ၇၄ (ပထမထပ်)၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်။
Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

(၂၅.၂.၂၀၁၅) မြန်မာ့အလင်းသတင်းစာပါ ဒေါ်သန်းသန်းစိုးနှင့် တရားလွှတ်တော်ရှေ့နေ ဦးစောဝင်း၏ ဒေါ်သန်းသန်းဝင်း သိစေရန် ကြေညာချက်အပေါ် ရှင်းလင်း အသိပေးကြေညာခြင်း

ကျွန်ုပ်တို့အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သံလမ်း၊ အမှတ် (၆၆၃) နေ ဦးလှကြည် (၁၂/ ပဘတ (နိုင်) ၀၁၄၃၅၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ ၆၇၂ (အေ)၊ ကျောက်ကုန်းကွင်း၊ အောင်ချမ်းသာ (၁) ရပ်ကွက်၊ အကွက်အမှတ် - ၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် - ၇/၈/၉ မှ ၇(က)၊ ၈ (ခ)၊ ၉ (ဂ) ဟု မှတ်သားထားသော ဧရိယာ (၀.၂၄၀) ဧကကို ဒေါ်သန်းသန်းဝင်း (၁၃/ တကန (နိုင်) ၁၀၄၆၆၅) ထံမှ (၁၈. ၉. ၂၀၁၃) ရက်နေ့ကတည်းက အပြီးအပိုင်ငွေချေလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။

အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် ဒေါ်သန်းသန်းဝင်း အား ခေါ်ယူသော်လည်း မလာရောက်သဖြင့် တောင်ပိုင်းခရိုင် တရားရုံးတွင် တရားမကြီးမှုအမှတ် - ၃၅ ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ (၅. ၂. ၂၀၁၅) ရက်နေ့က အနိုင်ဒီကရီရရှိခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အကြောင်းအရာများအရ မြေကွက်များမှာ ကျွန်ုပ်တို့အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူမှ လက်ရောက်ရရှိပိုင်ဆိုင်ပြီးဖြစ်သဖြင့် အဆိုပါမြေကွက်များအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ လွှဲပြောင်းရောင်းချခြင်းများ မပြုလုပ်ရန် နှင့် ထိုကဲ့သို့ပြုလုပ်ပါက ဥပဒေပြဋ္ဌာန်းရှိသည်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဘိုဘို(စဉ်-၂၂၆၄၁)
B.Sc (Geol), M.P.A, M.A (Business Law),
H.G.P, D.M.A, D.A.Psy, D.A.E
D.B.L, D.M.L, D.I.L, D.I.R, PG.D.L
ဥပဒေအကျိုးဆောင်နှင့်စီးပွားရေးဥပဒေအကြံပေး

ဒေါ်ခင်မျိုးကြည်(စဉ်-၃၂၁၁၂)
LL.B, D.B.L, D.I.L
အထက်တန်းရှေ့နေ

MYAT & ASSOCIATES LAW FIRM
အမှတ်(၅၆၅)၊ အခန်း (A-1)၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 514 8942

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 8E-4969၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၉၈၃၈၆၊ Tohom 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းအောင် ၉/ပသက(နိုင်) ၁၁၂၁၆၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

အများသိစေရန်ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်နေ ဒေါ်မို့မို့ဝင်းမှ ညောင်လေးပင်မြို့၊ မြို့မ (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ်-၄) မတောက်တန်းရပ်၊ ဦးပိုင်အမှတ် (၈-င)၊ မြေကွက်အမှတ် (၁၆၄-င)၊ မြေချိန်ဧရိယာ ၀ဒသမ ၁၂၂၈ဧကရှိမြေအား ဒေါ်မို့မို့ဝင်းအမည်ဖြင့် မြေငှားဂရန်အသစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါမြေအား ဒေါ်မို့မို့ဝင်းအမည်ဖြင့် မြေငှားဂရန်အသစ်ထုတ်ပေးရန်ဖြစ်ပါသည်။ ဤကိစ္စအလို့ငှာ မည်သူတစ်ဦးတစ်ယောက်မဆို ကန့်ကွက်လိုပါက မည်သည့်အတွက် မပေးသင့်ကြောင်း အကျိုးအကြောင်းဖော်ပြလျက် ဤရုံးသို့ ၂၅-၃-၂၀၁၅ရက်တွင်ဖြစ်စေ၊ ၎င်းနေ့မတိုင်မီဖြစ်စေ ကန့်ကွက်တင်သွင်းနိုင်ပါသည်။ ၎င်းသတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်လေးပင်မြို့

ရောင်းမည်

ရန်ကုန်-မန္တလေးလမ်းမပေါ်
မြေကွက်ကျယ်ကျယ်
နတ်ရေကန်၊ အမရပူရမြို့နယ်။
ဖုန်း-၀၉-၅၀၂၀၉၁၀၊ ၀၉-၄၂၀၇၂၄၀၃၀၊
၀၉-၇၉၉၇၇၇၇၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ရှေ့)၊ မြေကွက်အမှတ် (၁၂၂/ခ) မြေကွက်တည်နေရာအမှတ် (၁၂၂/ခ)၊ ဇီဇဝါလမ်း၊ ၇အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် (၁။ဒေါ်တင်တင် ၂။ဦးစိန်သောင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၁)ဦးဖြစ်သူဒေါ်တင်တင်(ဖနီး)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ခင်ပွန်းဖြစ်သူ ဦးစိန်သောင်း (၁၂/သကတ(နိုင်)၀၅၈၅၆၇) ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၂၉၄၇၉/၂၀၁၄) ရသူ ဦးသက်ဇော်ထက် (၁၂/တမန(နိုင်) ၁၁၀၈၁၂)မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်း

ဂျပန်ကထောက်ပံ့လှူဒါန်းသော ပေါ့ထော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန (ခွဲ)ဖွင့်

ဘားအံ မတ် ၁၄

ကရင်ပြည်နယ် ဘားအံခရိုင် ပေါ့ထော်ကျေးရွာ အုပ်စုတွင် ဂျပန်နိုင်ငံအသေးစား ထောက်ပံ့ရေးစီမံကိန်းအစီအစဉ် Grant Assistance For Grassroots Human Security Projects (GGP) အထောက်အပံ့ဖြင့် ဆောက်လုပ်လှူဒါန်းသော ပေါ့ထော်-ဖအွဲ့ ကျေးလက်ဒေသကျန်းမာရေးဌာန(ခွဲ)ဖွင့်ပွဲကို မတ် ၁၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ကိုယ်စားလှယ် Mr.Tara WATANABE တို့က ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးကိုယ်စားလှယ် Mr.Tara WATANABE က ကျန်းမာရေးဌာနခွဲ ထောက်ပံ့ဆောက်လုပ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ဂျပန်နိုင်ငံ အသေးစားထောက်ပံ့ရေးစီမံကိန်း အစီအစဉ် (GGP) အထောက်အပံ့ဖြင့် ငွေကျပ်သိန်း ၄၂၀ အကုန်အကျခံ တည်ဆောက်ပြီး ဆေးကုသဆောင်၌ လူနာစမ်းသပ်ခန်း၊ သားဖွားခန်း၊ သားဖွား ဆရာမခန်း၊ ကြီးကြပ်(၂)ခန်း၊ Store ခန်း၊ မီးစက်ခန်း၊ သန့်စင်ခန်းများ ပါဝင်သည့် တစ်ထပ် အဆောက်အအုံတစ်ဆောင်၊ ဝန်ထမ်းအိမ်ရာတစ်ဆောင် ဖြစ်ကြောင်းနှင့် ပေါ့ထော်ကျေးရွာအုပ်စုနှင့် မင်းဇီကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုလဲမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၂၀၀၀ ကျော်ရှိ

ပုလဲ မတ် ၁၄

မြန်မာနိုင်ငံအတွင်း အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်က စတင်စစ်ဆေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနလေးခုတွင် မြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိဝန်ထမ်းတစ်ဦးက "ပုလဲမြို့နယ်အတွင်းက အထက-ပုလဲ၊ အထက-မင်းတိုင်ပင်(၁)၊ အထက-မင်းတိုင်ပင်(၂) နဲ့ မူလွန်-မြေနီကုန်း စာစစ်ဌာနတွေမှာ ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူ ၂၂၄၄ ဦးစာရင်းရှိထားပြီး ၂၁၈၀ ဦးဝင်ရောက်ဖြေဆိုနေပါတယ်"ဟု ပြောသည်။

ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများက စာစစ်ဌာနများသို့ လှည့်လည်ကြည့်ရှု၍ ပညာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

ဆိုင်ကယ်အရှိန်မထိန်းနိုင်သဖြင့် ယာဉ်တိုက်မှုဖြစ်ပွား

ဂန့်ဂေါ မတ် ၁၄

ပခုက္ကူခရိုင် ဂန့်ဂေါမြို့ မြို့မရပ်ကွက် မြို့ပတ်လမ်းတွင် မတ် ၁၂ ရက် နေ့လယ်ပိုင်းက ဆိုင်ကယ်အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိုက်မှုဖြစ်ခဲ့၍ ဆိုင်ကယ်စီးနင်းလာသူ သေဆုံးမှုဖြစ်ပွားခဲ့သည်။

လယ်မကျေးရွာနေ မျိုးဝင်း (၂၈ နှစ်)သည် လယ်မကျေးရွာမှ ဂန့်ဂေါမြို့ဘက်သို့ ဆိုင်ကယ်စီးနင်းလာစဉ် မြို့ပတ်လမ်းအရောက်တွင် စက်ချို့ယွင်းသဖြင့် လမ်းဘေးတွင်ရပ်၍ ပြင်နေသော ခြောက်ဘီးကားနှင့် ကားအနီးတွင်ရပ်နေသူ လူငယ်တစ်ဦးကို အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် မျိုးဝင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဆိုင်ကယ်ဖြင့် အတိုက်ခံရသောလူငယ်တွင် ပွန်းပဲ့ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊မြေကွက်အမှတ်(၄၅၅/ခ)၊မြေကွက်တည်နေရာအမှတ်(၄၅၅/ခ)၊မိုးကောင်းပန်းခြံ(၁)လမ်း၊ဏ/၁၄ရပ်ကွက်၊ရွှေပြည်သာ၊ဒေါ်ဒီအရိတာမေရီအမည်ပေါက်၊ပါမစ်မြေအားဒေါ်အာရိကီယာမေရီဒေါ်ဆင်ဆမ်မှ UCC ၇၆၅၇/၆၁ ပါ ဒေါ်အာရိကီယာမေရီဒေါ်ဆင်ဆမ်နှင့်မြေစာရင်းအမည်ပေါက်ဒေါ်ဒီအရိတာမေရီမှာတစ်ဦးတည်းဖြစ်ကြောင်းတရားရုံးကတိသစ္စာပြုလွှာ ၇၄/၁၅(၂၀-၂-၁၅)၊ပါမစ်ပျောက်ဆုံးကြောင်းကိုယ်တိုင်ကတိဝန်ခံချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ မြေကွက်အမှတ် (၂၃) မြေကွက်တည်နေရာအမှတ် (၈)၊ ပဏ္ဍိတလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဧရိယာ (၀.၄၉၆)ဧက (ဒေါ်သောင်းစိန်) အမည်ပေါက်၊ မြေပိုင်မြေအား ပိုင်ဆိုင်ကြောင်း ၁၀၆၄/၂၁.၃.၂၀၀၂ ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးကျင်ဟုတ်(ခ)ဦးထွန်းဝင်း ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးတင်သိန်း(၇/တငန(နိုင်)၀၈၇၃၄၃)၊ ဒေါ်သိန်းသိန်း(၇/တငန(နိုင်)၀၈၇၃၄၈)၊ ဒေါ်မြင့်မြင့်စိန်(၁၂/လမန(နိုင်)၁၁၂၈၀၃)၊ ဒေါ်မြင့်မြင့်စန်း(၁၂/လမန(နိုင်)၁၁၂၈၀၄)၊ ဒေါ်မြင့်မြင့်စိုး(၇/သဝတ(နိုင်)၀၅၇၀၈၇)၊ ဦးဆွေသိန်း(ခ)ဦးကြည်လွင်(၁၂/လမန(နိုင်)၁၁၉၅၈၇)၊ ဦးအုန်းလွင်(ခ)ဆွေးငြိမ်း(၁၂/လမန(နိုင်)၁၁၀၈၄၀)၊ ဦးအောင်တင့်(၁၂/လမန(နိုင်)၁၁၀၈၃၅)၊ ဦးသက်ဦး(၁၂/လမန(နိုင်)၁၁၀၈၄၁)၊ ဦးသက်လွင်(၁၂/လမန(နိုင်)၁၁၀၈၃၀)တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

ကြံ့တိုင်းအောင်၃ (၈၆၁၇)၊ မြစ်တွင်းသွားခရီးသည်တင်ရေယာဉ်၏ လုပ်ငန်းလိုင်စင်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၂၁၉၇၈၃

"အမြန်ရောင်းမည်။"

၁၅' x ၆၀' (မြေညီ)
အာရှတော်ဝင်ဆေးရုံနှင့်အနီး
(ညီနိုင်း)

ဖုန်း- ၀၉-၄၃၀၀၃၃၂၀၊ ၀၉-၉၇၀၂၄၂၈၀၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ/မြောက်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊မြေကွက်အမှတ်(၁၂၅၄/ခ)၊မြေကွက်တည်နေရာအမှတ်(၁၂၅၄)၊သရဖီ(၇)လမ်း၊ဒဂုံ/မြောက်၊ဦးကျော်ထင်(O/RGN-၀၀၀၉၈၃)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးကျော်ထင်ကွယ်လွန်သဖြင့်ဒေါ်စန်း(၁၂/ဗတထ(နိုင်)၀၁၅၂၈၂)ကတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်သကမ-၁တိုးချဲ့၊မြေကွက်အမှတ်-၆၆၅၊မြေကွက်တည်နေရာအမှတ်-၆၆၅(က+ခ)၊ဆိနိသရဖူလမ်း၊ကုလားကြီးကျေးရွာအုပ်စု၊ လှိုင်သာယာ(ဒေါ်စန်းစန်းရီ)အမည်ပေါက်ဂရန်မြေအားဂရန်မည်ပေါက်ဒေါ်စန်းစန်းရီ(၁၂/ဗတထ(နိုင်)၀၁၉၇၂၅)ကိုယ်တိုင်မှဂရန်ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ရဲစခန်းထောက်ခံချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ဝန်ခံကတိတို့တင်ပြ၍ဂရန်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

အောက်ဖော်ပြပါ ဒေါ်တင်တင်၏ လွှဲအပ်ချက်အရ ကြော်ငြာအပ်ပါသည်။

အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ယာ၊ အခန်း (၃၀၄)၊ တိုက်အမှတ် (၂၆) နေ ဒေါ်တင်တင် (ဘ) ဦးဘခင် (နိုင်ငံသားအမှတ် - ၁၂/အစန (နိုင်) ၁၀၆၇၆၁) ကိုင်ဆောင်သူမှ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဘဖေလမ်း၊ အမှတ် (၄၄) နေ PR. Chandra (ခ) ဦးထွန်းဝင်းနိုင် (ဘ) ပီပီနာယား (နိုင်ငံသားအမှတ် - ၁၂/အစန (နိုင်) ၁၇၂၀၇၉) ကိုင်ဆောင်သူအား (၂၃. ၉. ၂၀၁၄) နေ့ရက်၌ လွှဲအပ်ထားသော ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၂၆၁၆၁/၂၀၁၄) အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ယင်းအထွေထွေ ကိုယ်စားလှယ်လွှဲစာကို အသုံးပြု၍ အလွှဲခံရသူသည် မည်သည့်ကိစ္စမျှ ဆောင်ရွက်ထားခြင်းမရှိကြောင်း သိရှိရသည့်အတွက် အကယ်၍ ဆောင်ရွက်ထားသော ကိစ္စများရှိသော် ဒေါ်တင်တင် (လွှဲအပ်သူ)နှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းတင့်
တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၀၂၀)
အမှတ် - ၅၈၈၊ ယုဇနလမ်း၊
ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဖုန်း - ၀၉ - ၅၀၉၉၆၃၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၁၃-တိုးချဲ့)၊ မြေကွက်အမှတ် (၄၁၅) ဧရိယာ (၄၀×၆၀)ပေအကျယ်ရှိဦးဇော်မင်းအမည်ပေါက် မြေချပါမစ် မြေကွက်အားဝယ်ယူပိုင်ဆိုင်လက်ရှိအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အဆိုပြုသူ ဒေါ်ခင်သီကြိုင်စိုး (၁၂/လမန(နိုင်)၁၃၈၈၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၎င်းမြေကွက်၏ (၁၀×၆၀)ပေ အကျယ်ရှိသော မြေကွက်အားအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိသူများ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော် လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝဏ္ဏအောင်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၉၃၀၀)
ဒေါ်စိုးစိုးနွယ်(အထက်တန်းရှေ့နေ) (စဉ်-၄၂၃၈၈)

တိုက်(၂)၊ အခန်း(၁၃) (ပထမထပ်)မြို့ပြအိမ်ရာ(မြောက်ဘက်ခြမ်း)၊(၈)မိုင်မီးပွိုင့်အနီး၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၈၁၁၈၅၊ ၀၉ ၄၃၁၃၃၉၉၀

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ရ စီ၊ မြေကွက်အမှတ်-ရ၁၊ မြေကွက် တည်နေရာအမှတ်-၁၁၊ ဆပ်သွားပူးလမ်း၊ ၆-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဦးအေးမောင် [illegible]

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ရ စီ၊ မြေကွက်အမှတ်-ရရ၊ မြေကွက် တည်နေရာအမှတ်-၂၊ ဆပ်သွားပူးလမ်း၊ ၆-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဦးအေးမောင် [illegible]

ငှားမည်

၁။ အင်းစိန်၊အောင်ဆန်းတွင် ၁၀၀' ပတ်လည်ခြံနှင့်တွင် ဂိုဒေါင်(၂)လုံး၊ရေ၊မီး၊ဖုန်းပါ သိန်း-၄၀

၂။ ရွှေဂုံတိုင်မီးပွိုင့်အနီး Ground Floor 30'X40' နှင့် Basement 60'X40' တွဲလျက် ပြင်ဆင်ပြီး၊ဖုန်းပါ သိန်း-၃၀

ဆက်သွယ်ရန်
၀၉၄၃၀၈၅၇၃၈ ၊ ၀၉၄၅၂၀၂၈၅၈

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂/တောင်)၊ မြေကွက်အမှတ်(၁၀၅၆/ခ)၊ မြေကွက်တည်နေရာ အမှတ်(၁၀၅၆/ခ)၊ ရန်ပြေ(၅)လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးကြည်ဖေ) အမည်ပေါက် နှစ်၆၀ဂရန်မြေအားသာကေတမြို့နယ်တရားရုံး၌ ဦးအဒူဇော်ဘော်မှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်(၁၆၀)ဖြင့် ဦးကြည်ဖေအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၁၁၅ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၃၇၇၈ Super Micro Bus,M/B(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမွန် ၁၂/လမန(နိုင်)၁၀၁၅၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စ/၅၀၇၂ Mitsubishi Canter/Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၁၂/အစန(နိုင်)၁၆၆၂၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၄၉၆၉ Naykabar Light Truck P/U (4x2) ® ယာဉ် လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမြင့် ၁၂/သကတ(နိုင်) ၁၁၂၈၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၇၂၄၇ Swan Htet L/T(1)Ton P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်အေး ၁၂/ဒဂတ (နိုင်)၀၅၃၁၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

လိုင်ယွန်၊ ပီအက်စ်ဂျီ၊ မာဆေးတို့အားထည့်ရမယ့်ပွဲစဉ် (၂၉)

❒ မိုးမြင့်လင်းလက်

ပြင်သစ်မြေက ပြင်သစ်လီဂူး-၁ ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မတ် ၁၅ ရက် ညပိုင်းမှာ ကစားမယ့် မာဆေးနဲ့ လိုင်ယွန်တို့ပွဲက စိတ်ဝင်စားစရာကောင်းနေပါတယ်။ တန်းစီဇယားထိပ်ဆုံးက လိုင်ယွန်ဟာ အမှားအယွင်းခံလို့မရသလို တတိယနေရာက မာဆေးတို့ကလည်း အလျှော့မပေးစတမ်း ယှဉ်ပြိုင်မှာဖြစ်တာမို့ အခုပွဲစဉ်မှာတော့ အကြိတ်အနယ်အရှိဆုံးဖြစ်မှာ သေချာပါတယ်။ ဒါ့အပြင် နာမည်ကြီး ပီအက်စ်ဂျီတို့ရဲ့ တိမ်းမူးဖွယ် ကစားဟန်တွေက ပြိုင်ဘက်ကော်ဒိုးကို ကျော်လွှားနိုင်ပါ့မလားဆိုတာကလည်း ရင်ခုန်စွာအားပေးရမယ့်ပွဲဖြစ်နေပြန်ပါတယ်။

မာဆေးနှင့်လိုင်ယွန်

ပထမအကျော့ပွဲစဉ်မှာ လိုင်ယွန်က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိထားပါတယ်။ ဒီနှစ်လီဂူး-၁ဖလားကိုမာဆေးတို့ကလည်း မျှော်မှန်းနေသလို လိုင်ယွန်တို့ကလည်း အစွမ်းကုန်ကြိုးစားနေတာမို့ ဒီပွဲဟာ မာကျောပြင်းထန်တဲ့ရင်ဆိုင်တွေ့ဆုံမှုပါပဲ။ လိုင်ယွန်ရဲ့ အခုတစ်လော အဝေးကွင်းရလဒ်တွေက ဆိုးရွားနေပြီး လိုင်လီကိုနှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားသလို လောရီးယန်အသင်းကိုလည်း ဂိုးမရှိသရေပွဲဖြစ်ထားပါတယ်။ အဓိကအားနည်းချက်က လိုင်ယွန်ရဲ့ အဝေးကွင်းခံစစ်ပိုင်းကစားမှုက အမှားအယွင်းတွေရှိနေတာပါပဲ။ အဝေးကွင်းမှာ သရေပွဲရှုံးပွဲများတတ်တဲ့ လိုင်ယွန်ကို မာဆေးတို့က အခွင့်အရေးတစ်ရပ်အဖြစ် အကောင်းဆုံးပြင်ဆင်ရင်ဆိုင်သွားပါလိမ့်မယ်။ မာဆေးတို့က ဒီနှစ်ပြင်သစ်လီဂူး-၁မှာ အိမ်ကွင်းရလဒ်ကောင်းတွေရှိနေပေမယ့် ပွဲဆက်များနေတာမို့ ခြေစွမ်းယိုင်လာမှုတွေ ရှိနေပါတယ်။ မာဆေးရဲ့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲရလဒ်ကိုကြည့်ရင် ကိန်းအသင်းကို နှစ်ဂိုး-သုံးဂိုးနဲ့ရှုံးပြီး ရိမ်းစ်အသင်းကို နှစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ ဒါ့အပြင် အီဗီယန်အသင်းကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပွဲ ရထားတာမို့ ဒီပွဲမှာ မာဆေးတို့ရဲ့ အမြင့်ဆုံးစွမ်းဆောင်မှုကို ဖော်ထုတ်ပြဖို့ကြိုးစားပါလိမ့်မယ်။ မာဆေးတို့ရဲ့ တိုက်စစ်မှူးတွေက အိမ်ကွင်းမှာ ဂိုးတွေရအောင်သွင်းယူနိုင်တာမို့ ဒီပွဲမှာအိမ်ရှင်တို့ အနိုင်ရလဒ်နဲ့ထိုက်တန်နေတာတော့ အမှန်ပါပဲ။

ဘော်ဒိုးနှင့်ပီအက်စ်ဂျီ

ပထမအကျော့ပွဲစဉ်မှာ ပီအက်စ်ဂျီတို့က သုံးဂိုးပြတ်နိုင်ပွဲရထားတာမို့ ဘော်ဒိုးတို့ ဘယ်လိုရလဒ်မျိုးနဲ့ ပြန်ချေပနိုင်မလဲဆိုတာကြည့်ရမှာပါ။ ပီအက်စ်ဂျီတို့က ဒီနှစ် လီဂူး-၁ မှာ အိမ်ကွင်းရှုံးပွဲမရှိသလို အဝေးကွင်းမှာ ရှုံးပွဲနှစ်ပွဲသာရှိထားပါတယ်။ ဒါပေမယ့် ပီအက်စ်ဂျီတို့က အဝေးကွင်းမှာ သရေပွဲတွေများနေတာမို့ ဘော်ဒိုးတို့ အမှတ်ရအောင် အားထုတ်နိုင်ပါလိမ့်မယ်။ ဘော်ဒိုးရဲ့ အိမ်ကွင်းနောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲမှ ရှုံးထားတာမရှိခဲ့လို့ အခုပွဲမှာ အိမ်ရှင်တို့ အမှတ် မျှော်လင့်နိုင်တာအမှန်ပါပဲ။ ပီအက်စ်ဂျီရဲ့ အားနည်းချက်က အဝေးကွင်းမှာပေးဂိုးများနေတာဖြစ်ပြီး ဘော်ဒိုးတိုက် စစ်မှူးတွေက ခြေမြူးခဲ့ရင် ပီအက်စ်ဂျီတို့ အမှတ်ခွဲရမှာ ရာနှုန်းပြည့်များနေပါတယ်။

လိုင်လီနှင့်ရန်းနက်စ်

ခြေစွမ်းတူညီနေတဲ့နှစ်သင်း အကြိတ်အနယ် နွှဲရမယ့်ပွဲဖြစ်နေပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ရန်းနက်စ်တို့က နှစ်ဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲမှာ လိုင်လီတို့ ရှုံးကြွေးပြန်ဆပ်ပါလိမ့်မယ်။ ဒါပေမယ့် လိုင်လီတိုက်စစ်မှူးတွေက အိမ်ကွင်းမှာ ဂိုးသွင်းစွမ်းရည် ကျဆင်းနေတတ်တာ ပြုပြင်ရပါလိမ့်မယ်။ လိုင်လီရဲ့ အိမ်ကွင်းစွမ်းဆောင်မှုက ကျေနပ်စရာဖြစ်ပြီး ဒီပွဲမှာ ရလဒ်ကောင်းကို ပိုင်ဆိုင်နိုင်ဖို့ အခွင့်အရေးရှိတာတော့ အမှန်ပါပဲ။

ဖလားရယူပေးမယ်ဆိုတဲ့ မန်စီးတီးနောက်တန်း ကစားသမား မာတင်ဒီမီချီလစ်

မန်စီးတီးနဲ့အတူ စာချုပ်သစ်ချုပ်ဆိုပြီး အသင်းအတွက် ကစားဖော်များအတွက် ဖလားများဆွတ်ခူးနိုင်ဖို့ ကြိုးစားသွားမယ်လို့ နောက်တန်းကစားသမား မာတင်ဒီမီချီလစ်က ပြောဆိုလိုက်ပါတယ်။ အာဂျင်တီးနားနိုင်ငံသား ဒီမီချီလစ်ကို စာချုပ်သစ်ချုပ်ဆိုလိုက်တဲ့အတွက် လာမယ့် ၂၀၁၅-၂၀၁၆ ရာသီကုန်အထိ ကစားရတော့မှာ ဖြစ်ပါတယ်။ အသက် ၃၄ နှစ်ရှိနေပြီဖြစ်တဲ့ ဒီမီချီလစ်ကို မန်စီးတီးက ဒီနှစ်ထဲမှာ ပွဲပေါင်း ၃၀ ထည့်သွင်းကစားခဲ့ပါတယ်။ မန်စီးတီးအသင်းဖလားရဖို့ဆိုတာ ကျွန်တော့်ရဲ့ရည်မှန်းချက်ဖြစ်ပါတယ်လို့ ဒီမီချီလစ်က ပြောပါတယ်။

ဒီမီချီလစ်ဟာ ၂၀၁၃ ခုနှစ် စက်တင်ဘာလက အက်သလက်တီကို မက်ဒရစ်အသင်းမှ ပေါင် ၄ ဒသမ ၂ သန်းနဲ့ မန်စီးတီးကို ရောက်လာခဲ့တာဖြစ်ပါတယ်။ မန်စီးတီး နောက်တန်းမှာ အဓိကအားထားရတဲ့ ခံစစ်မှူးဖြစ်ပြီး ပွဲတိုင်းနီးပါး ပါဝင်ကစားခဲ့ရပါတယ်။ ဒီမီချီလစ်ဟာ အသက်အရွယ်အားဖြင့် ကြီးလာပြီဖြစ်သော်လည်း အတွေ့အကြုံများတဲ့ ကစားသမားဖြစ်တဲ့အတွက် မန်စီးတီးက နောက်ထပ်တစ်နှစ် ထပ်မံစာချုပ်လိုက်ပါတယ်။

မော်ရင်ဟိုကို ချယ်လ်ဆီးက ထပ်မံစာချုပ်တော့မယ်

ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပေမယ့် မော်ရင်ဟိုကို ထပ်မံစာချုပ်ဖို့ အသင်းတာဝန်ရှိသူတွေက ဆွေးနွေးနေကြပြီလို့ဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီကို အဝေးဂိုးနဲ့ရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရပါတယ်။ အိမ်ကွင်းမှာ ချယ်လ်ဆီးကစားသမားတွေ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ပီအက်စ်ဂျီကစားသမားတွေက နောက်မှလိုက်ပြီး ချေပဂိုးတွေသွင်းယူခဲ့တဲ့အတွက် မော်ရင်ဟိုအတွက် ခံစားချက်ပြင်းထန်ခဲ့ရပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပေမယ့်အသင်းပိုင်ရှင် အေဘရာမိုဗစ်က မော်ရင်ဟိုကို ထပ်မံစာချုပ်ဖို့ ဆန္ဒပြင်းပြနေပါတယ်။ ချယ်လ်ဆီးနဲ့ မော်ရင်ဟိုတို့ရဲ့ လက်ရှိစာချုပ်ဟာ သုံးနှစ်အထိ ချုပ်ဆိုထားပေမယ့် ရာသီမကုန်မီမှာ ထပ်မံစာချုပ်ဖို့ အသင့်ဖြစ်နေပြီလို့ အသင်းပိုင်ရှင် အေဘရာမိုဗစ်က ဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ်ကရော အက်ဖ်အေကပါ ထွက်ခဲ့ရပါပြီ။

သို့ပေမယ့် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ အခွင့်အလမ်းက သူ့ဘက်မှာရှိနေပါတယ်။ ဒီအတွက်လည်း မော်ရင်ဟိုကို ထပ်မံစာချုပ်ဖို့ ကြိုးစားနေတယ်လို့ ဆိုနိုင်ပါတယ်။ ကက်ပီတယ်ဝမ်းဖလားကတော့ မော်ရင်ဟိုစာချုပ်ဖို့ အဓိကတွန်းအားတစ်ခု ဖြစ်ခဲ့ပါတယ်။

ဗန်ဟားလ်ကို အန်ဆယ်လော့တီနှင့် အစားထိုးနိုင်

မန်ယူနည်းပြ ဗန်ဟားလ်နေရာကို အန်ဆယ်လော့တီနဲ့အစားထိုးမယ်လို့ သတင်းများထွက်ပေါ်နေပါတယ်။ မန်ယူအသင်းဟာ အခုနှစ်ရာသီမှာ ပရီမီယာလိဂ် ထိပ်ဆုံးလေးနေရာ တည်မြဲဖို့ကိုပင် မလွယ်တဲ့အနေအထားရှိပါတယ်။ ကစားကွက်မတည်ငြိမ်မှု၊ ကစားသမားများနဲ့ အဆင်မပြေမှုတွေကြောင့် ရာသီကုန်မှာတော့ ဗန်ဟားလ်မန်ယူကနေ ထွက်ရနိုင်တယ်လို့ ဘောလုံးဝေဖန်သူတွေက ဆိုပါတယ်။ ဗန်ဟားလ်နဲ့စာရင် အန်ဆယ်လော့တီက အခြေအနေကောင်းနေပါတယ်။ ရီးရဲမက်ဒရစ်ကို လက်ရှိအခြေအနေမှာတော့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အထိ ပို့ပေးနိုင်ပြီဖြစ်ပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးသန်းစိန်(ဗဟန်းမြို့နယ်အုပ်ချုပ်ရေးမှူး)-ဒေါ်ကြည်ကြည်ဝင်းတို့၏သား

ဗိုလ်မှူးတေဇာ

B.C.Sc(DSA),M.I.C.Sc(Electronic Technology , MIET)

နှင့်

တောင်ကြီးမြို့နေ
[ဦးညိုဝင်း(ညိုဝင်းကုန်စည်ပို့ဆောင်ရေး)-ဒေါ်ခင်စန်း]တို့၏သမီး

ဒေါက်တာခင်မေဝင်း

Ph.D(IT)(Ygn)

ကထိက၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)

တို့၏ ၃၁-၁-၂၀၁၅ရက်တွင် Sule Shangri-La Hotel(Myanmar Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့်ဇနီးဒေါ်ရီရီအေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကိုကိုဇော်၊ မင်္ဂလာအခါတော်ပေးတေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော နှင်းယုယထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများကိုင်ဆောင်ပေးသော ဒေါက်တာနန္ဒာဝင်းမင်း၊ မလင်းမွန်၊ သတို့သားအရံများဖြစ်သော ဗိုလ်ကြီးသန်းထိုက်ဇော်၊ ဗိုလ်ကြီးမင်းဇင်၊ သတို့သမီးအရံများဖြစ်သော မကျော့ကျော့ခင်၊ မဆုမွန်လှဲ့အောင်၊ မိတ်ကပ်၊ ဆံပင်အလှနှင့် မင်္ဂလာဝတ်စုံများဆင်မြန်းပေးပါသော လင်းလင်း(Makeup Artist)နှင့်အဖွဲ့၊ မှတ်တမ်းတင် ဗီဒီယိုနှင့် ဓာတ်ပုံများရိုက်ကူးပေးသော 7 picture Photo Studio တို့အားလည်းကောင်း၊ ၂၄-၁-၂၀၁၅ရက်တွင် တောင်ကြီးမြို့၊ ဘုရားကြီးအနောက် ပရိယတ္တိစာသင်တိုက်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ သူငယ်ချင်းများနှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးတေဇာ-ဒေါက်တာခင်မေဝင်း

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/4831၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

အမြန်ပြန်လာပါ

ဦးအောင်နိုင် ၁၂/သဃက(နိုင်)၀၉၁၅၄၄ ရောက်ရာအရပ်က အိမ်ကို အမြန်ပြန်လာပါ။

ဒေါ်အေးအေးမော်(ဇနီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅)၊ မြေကွက်အမှတ်(၄၁၉၊ ၄၂၀)၊ (၀. ၀၆၈)ဧက၊ မြေကွက်တည်နေရာအမှတ် (၄၁၉၊ ၄၂၀)၊ မဟာဓမ္မ(၄)လမ်း၊ လှိုင်သာယာမြို့နယ်ရှိ (ဦးသန်းထွန်း ၁၂/လသယ(နိုင်)၀၁၂၉၆၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးသန်းထွန်း(၁၂/လသယ(နိုင်)၀၁၂၉၆၁)ထံမှ Special Power အမှတ် ၄၁၅၈/၁၃(၁၀-၃-၁၀၁၃) ဖြင့်ရရှိသူ ဒေါ်ယင်းမာဆွေ (၁၄/ညတန(နိုင်)၀၁၁၄၆၁) နှစ်(၆၀)ဂရန်မူရင်း ပါဝါမယုတ်သိမ်းသေးကြောင်းနှင့် ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း ၁၂-၁၁-၂၀၁၄ ရက်စွဲပါ ကျမ်းကျိန်လွှာနှင့် တကွ ၂၀၁၃ ခုနှစ် အရောင်းမြေပုံမြေရာဇဝင်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ၂၀၁၄-၂၀၁၅ ခုနှစ် အရောင်းမြေပုံရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သုခသိရီ နှစ်ထပ်ကျောင်းဆောင် ဝိသုံဂါမသိမ်တော် ရေစက်ချ အလှူတော်မင်္ဂလာနှင့် ရှင်အပါး (၁၀၀)အလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၌ ထေရဝါဒဗဟိုသာသနာပြုဆရာတော် အရှင်သိရီဓမ္မ(တောင်ဂူ)ဦးဆောင်၍ ထေရဝါဒဂေါပကများ၊ မိုင်းပျဉ်းမြို့၊ ကျောင်းဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်များစုပေါင်း၍ လှူဒါန်းမှုဖြင့် ပြီးစီးအောင်မြင်သွားသော သုခသိရီ နှစ်ထပ်ကျောင်းဆောင်၊ ဝိသုံဂါမသိမ်တော် ရေစက်ချ အလှူတော်မင်္ဂလာနှင့် ဗုဒ္ဓဘာသာ အဆုံးအမခံယူပွဲ ရှင်အပါး၁၀၀အလှူတော်မင်္ဂလာပွဲကြီးကို ၁၉-၃-၂၀၁၅ ရက်မှ ၂၄-၃-၂၀၁၅ရက်အထိ ခြောက်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးရှိ ဓမ္မမိတ်ဆွေအပေါင်းတို့အား ကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၃-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၃-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးလှမြင့်ကိုင်ဆောင်သော ရေယာဉ်အုပ်လက်မှတ် နံပါတ် ဆ၁-၂၄၇/၁၁ ရန် ၁၈၈၇/၀၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၃၁၈၂၃၃၆၆**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀၊မြေကွက်အမှတ် (၃၅၁/ခ)၊ မြေကွက်တည်နေရာအမှတ် (၃၅၁/ခ)၊ ၈လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမောင်ငယ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်ငယ်နှင့်ဇနီး ဒေါ်ညွန့်ညွန့်တို့ ကွယ်လွန်သဖြင့် ဦးမျိုးဝင်းဦး ၁၂/ဥကတ(နိုင်)၀၈၃၅၁၅ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၇၃၇ (၁-၉-၁၄) ဖြင့် လွှဲအပ်ခံရသူ ဦးမြတ်မင်းစိုး ၁၄/မမန(နိုင်)၂၇၂၇၂၉က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အခြေခံလူ့အခွင့်အရေးဆိုင်ရာ မှတ်စုတို-၇

လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကျင့်သုံးရာ၌ လိုက်နာရမည့် စံနှုန်းများ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများကို သိရှိနိုင်ရန်အတွက် ဥပဒေနှင့် ဒီမိုကရေစီဗဟိုဌာန (Centre for Law and Democracy) နှင့် နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ (International Media Support-IMS) တို့မှ ပြုစုထုတ်ဝေသည့် "အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်" (လမ်းညွှန်မှတ်စုအတွဲများ)၊ Briefing Note Series "Freedom of Expression" စာအုပ်ကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါ မြန်မာဘာသာပြန်ဆိုချက်များနှင့် အသုံးအနှုန်းများမှာ မူရင်းဘာသာပြန်ဆိုသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အာဘော်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မှတ်စုတို-၇

ရုပ်သံထုတ်လွှင့်ခြင်း စည်းမျဉ်းများ

ဒီမိုကရေစီနိုင်ငံများတွင် အခြားသောမီဒီယာများထက် ရုပ်သံထုတ်လွှင့်ခြင်းအပေါ်တွင် တင်းကျပ်သောစည်းကမ်းများ ချမှတ်ထားသည်။ အကြောင်းအရင်းမှာ အခြားသော ပုံနှိပ်မီဒီယာများနှင့် တူညီခြင်းမရှိဘဲ ရုပ်သံထုတ်လွှင့်သူများအား ထုတ်လွှင့်မှုလိုင်းများဆိုင်ရာကဏ္ဍများ၌ စည်းမျဉ်းများသတ်မှတ်ပေးခြင်းမရှိပါက ပရမ်းပတာဖြစ်ခြင်းများကြီးစိုးလာပြီး အခြားအသံလိုင်းများမှ ကြားဝင်မှုများဖြစ်ပြီး စနစ်တစ်ခုလုံးအား ရပ်ဆိုင်းနိုင်သည်

ပြည်တွင်းသတင်း

နိုင်ငံတကာဘာသာပြန်စာပေ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

ဘွဲ့တံဆိပ်တော်ရဆရာတော်အား ပူဇော်

သံတွဲ မတ် ၁၄

ကန့်ကွက်နိုင်ပါသည်

MR . 55

အမြဲ.မြဲ. အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

အလယ်တော်ရစ္စမြစာသင်တိုက် ပဓာနဆရာတော်ဦးဇော်တိက ဖွင့်လှစ်သော အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း (တရားရှုမှတ်နည်းပါဝင်သည်)

ပျောက်ဆုံးကြောင်း

အမည်ပြောင်း

ဖောင်းကြီးပျောက်

သားအဖြစ်မှစွန့်လွှတ်ခြင်း

အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကန့်ကွက်နိုင်ပါကြောင်း

ကြော်ငြာ

THE
G•E•M•S
Garden Condominiums
8 Great Reasons
to own your lifestyle home
at GEMS Garden Condominiums today!
Advanced Construction Stage. 1
Special Home Buyer's Plan* 2
Attractive Rental income for the Condo owners 3
Strategic location in the heart of Yangon City. 4
Lifestyle Condominium of International Standard & Quality 5
Integrated Project with complete lifestyle facilities & amenities 6
Professional Property Management & Leasing Services for Home Owners 7
Expected hand over in Mar 2016 8
CALL US NOW! - 01 526146, 01 526148
Email: sales.cdl@cdsg.com.mm
အရှေ့ပြင်ပြခန်းလိပ်စာ အမှတ် ၁၁၃ ၊ အင်းစိန်လမ်းမ
လှိုင်မြို့နယ် ၊ ရန်ကုန်မြို့
* Terms And Condition Apply
GEMS
TOWER 1 & 2
100%
STRUCTURE
COMPLETED
PROUDLY DEVELOPED BY
CDL
CAPITAL DEVELOPMENT LIMITED
QUALITY DEVELOPER . RELIABLE DEVELOPER . RESPONSIBLE DEVELOPER

ကြော်ငြာ

လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

အငြိမ်းစားသံအမတ်ကြီး ဒေါက်တာမြသန်းအား အဘိဓမ္မတက္ကသိုလ် (ရန်ကုန်)၏ ၈. ၁၀. ၂၀၁၄ ရက်စွဲဖြင့် **Doctor of Philosophy D.Phil. (Abhidhamma Paragū)** ဘွဲ့ကိုခက်ခဲနက်နဲသော ပဋ္ဌာန်းကျမ်းတော်မြတ်ကြီးနှင့်ပတ်သက်သည့် သုတေသနကျမ်းကြီး ရေးသားပြုစုခြင်းအတွက် အဆင့်မြင့်ဂုဏ်ထူးဖြင့် ၁၅. ၃. ၂၀၁၅ တနင်္ဂနွေနေ့တွင် ထိုက်တန်စွာ ရရှိပါသဖြင့် အဘိဓမ္မတက္ကသိုလ် (ရန်ကုန်)၏ မော်ကွန်းထိန်းဆရာမကြီး ဒေါ်ခင်ဆွေ၊ သားလေး ကိုရဲမင်းသန်း (M.A. L.L.B) တို့ မိသားစုနှင့်အတူ အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ ဘာသာ သာသနာအကျိုး၊ အဘိဓမ္မတက္ကသိုလ် (ရန်ကုန်)ကြီး၏ တိုးတက်ရာတိုးတက်ကြောင်းများအတွက် (အဓိပတိ)ကြီးတစ်ယောက်အနေဖြင့် သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

အစဉ်လေးစားချစ်ခင်ကြပါသော "အဘိဓမ္မရေ" ကျောင်းသူ၊ ကျောင်းသားများ(ရန်ကုန်)

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

Win & Brothers Co.,Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် ဝန်ထမ်းများအလိုရှိသည်။

(၁) **Sales Representative** **ကျား(၅)ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

အသက် ၂၅နှစ်ဝန်းကျင်ဖြစ်ရမည်။

အရောင်းပိုင်းနှင့်ပတ်သတ်သော လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။

စာရင်းဇယားနိုင်နင်း၍ လူမှုဆက်ဆံရေး ကောင်းမွန်သူ၊ ကျန်းမာရေးကောင်းမွန်၍ နေရာဒေသမရွေး ခရီးသွားလာနိုင်သူဖြစ်ရမည်။

(၂) **Sale Helper** **ကျား(၅)ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

အသက် ၂၅နှစ်ဝန်းကျင်ဖြစ်ရမည်။

(၃) **Driver** **ကျား(၅)ဦး**

အသက် ၂၀-၄၀ နှစ်အတွင်း ဖြစ်ရမည်။

ယာဉ်မောင်းလိုင်စင်ရှိပြီး အသောက်အစားကင်းသူဖြစ်ရမည်။

မြို့တွင်းယာဉ်လမ်းကြောင်းနှင့် ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။

မှတ်ချက်။ ။ ရာထူးအားလုံးအတွက် နေရာဒေသမရွေး ခရီးသွားလာနိုင်သူဖြစ်ရမည်။လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ အသက်နှင့်ပညာ အရည်အချင်းကို လျှော့ပေါ့စဉ်းစားပေးမည်။

လျှောက်ထားလိုသူများသည် လျှောက်လွှာတွင်မိမိလျှောက်ထားလိုသည့် ရာထူးနှင့်ခန့်မှန်းလစာတို့ကို ဖော်ပြ၍လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင် မိတ္တူ၊ ရဲစခန်း/ရပ်ကွက်ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူများနှင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာသို့လာရောက် လျှောက်ထားနိုင်ပါသည်။

လိုအပ်သောရာထူးနှင့်သက်ဆိုင်သည့် အရည်အချင်းပြည့်မီသော လျှောက်ထားသူများကိုသာ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

အမှတ်(၅/၆)၊ အသောကလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၁-၉၆၈၈၉၅၂၊ ၀၁-၉၆၈၈၉၅၃၊ ၀၁-၉၆၈၈၉၅၄

ဝန်ထမ်းအလိုရှိသည်

Asia Beverages Co.,Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအတွက် ဝန်ထမ်းများအလိုရှိပါသည်။

Sales Executive **M (10) Posts**
- Age 25-40, any graduate and sales diploma holder are preferable.
- At least 3-5 years experience in FMCG sales field, must be responsible for sales planning & tactical activities.
- Must be able to lead sales team, monitor, review and report on all sales activity and Results.
- Good command of Computer Basic skills.

Sales Supervisor **F/M (10)Posts**
- Age 25-35, any graduate, must have (2) years experience as Sales Supervisor in FMCG
- Good personal skills, communication skills, negotiation skills
- Good knowledge in sales analysis and reporting system, implement in sales plan
- Good command of Computer Basic skills
- Valid Driving license & experience of driving (Male Only)

Junior Programmer **M(4)Posts**
- Computer Related Bachelor Degree is essential.
- C#, SQL Server, Crystal Reports with good programming knowledge is essential.
- Age between 22 to 25.
- No Working Experience Required.

Junior Sales Representative **M (30) Posts**
- Any Fresh Graduate ၊ အသက် (၂၅)နှစ်ဝန်းကျင်။
- Sales & Distribution ပိုင်း စိတ်ပါဝင်စားသူ။
- လူမှုဆက်ဆံရေးကောင်းမွန်သူ၊ ကျန်းမာရေးကောင်းမွန်၍ နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူ။
(မှတ်ချက်။ ။လုပ်ငန်းအတွက်လိုအပ်သော သင်တန်းများပို့ချပေးမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်စဉ်အတွင်း အရည်အချင်းပြည့်မီလျှင် Sales Representative ရာထူးအဖြစ် တိုးမြှင့်ခန့်အပ်မည်။)

Driver (ယာဉ်မောင်း) **M (20) Posts**
- အသက် (၂၀-၄၀)နှစ်အတွင်း၊ ယာဉ်မောင်းလိုင်စင်ရှိပြီး အသောက်အစားကင်းသူဖြစ်ရမည်။
- မြို့တွင်းယာဉ်လမ်းကြောင်းနှင့် ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။
- လိုင်စင်အနီ ကိုင်ဆောင်ထားသူကို ဦးစားပေးမည်။

******* လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာ၊ ကိုယ်ရေးအကျဉ်း၊ လိုင်စင်ဓာတ်ပုံ (၁)ပုံ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ မှတ်ပုံတင် မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ရဲစခန်း၏အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ E-mail Address-abchohr@gmail.com သို့ E-mail ပေးပို့၍ဖြစ်စေ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရမည့်လိပ်စာ

ရန်ကုန်မြို့။ ။ အမှတ် ၅/၆၊ ဘုရင့်နောင်လမ်းမကြီးနှင့် အေးရိပ်မွန်လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
